# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ငြိမ်းအေးသောစိတ်ရှိ**

အာသဝေါကုန်ပြီးသော ရဟန္တာသည် တစ်စုံတစ်ယောက်အား စိတ်ဆိုးခြင်း၊ အမျက်ထွက်ခြင်း မရှိ၊ ငြိမ်သက်သော ဣန္ဒြေ၊ ငြိမ်းအေးသော စိတ်ရှိကုန်၏။ မည်သို့သော အခြေအနေတွင် မည်သည့်အဖြစ်မျိုးနှင့် ကြုံတွေ့ရသည်ဖြစ်စေ၊ မိမိ၏ အတိတ်သံသရာက ပါလာသော ဝဋ်ကြွေးကြောင့်ဟု ခံယူလိုက်လျှင် စိတ်ချမ်းသာရာရ၏။

အရဟန္တဝဂ်(ဓမ္မပဒ-၉၆)


၁၃၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၁၂ ရက် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာ ၁၉ ရက်၊ ဗုဒ္ဓဟူးနေ့ အတွဲ (၅၈)၊ အမှတ် (၀၈၀)


## နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

### အိန္ဒိယသမ္မတနိုင်ငံသို့ ပဲမျိုးစုံတင်ပို့နိုင်ရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေး



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Vikram Misri အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၈**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် တာဝန်ပြီးဆုံး၍ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Vikram Misri အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-အိန္ဒိယနှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ နှစ်နိုင်ငံကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားကဏ္ဍ မြှင့်တင်ရေး၊ ကျန်းမာရေး၊ သိပ္ပံနည်းပညာနှင့် စွမ်းအင်ဆိုင်ရာ ကိစ္စရပ်များ၊ အိန္ဒိယသမ္မတနိုင်ငံသို့ ပဲမျိုးစုံတင်ပို့နိုင်ရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အာဆီယံအတွင်းရေးမှူးချုပ်နှင့် တွေ့ဆုံဆွေးနွေး

### ရခိုင်ပြည်နယ်၏ ဖြစ်ပေါ်တိုးတက်မှု အခြေအနေတို့နှင့် စပ်လျဉ်း၍ ဆွေးနွေး



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အာဆီယံအတွင်းရေးမှူးချုပ် ဒါတို လင်ကျောက်ဟွိုင်အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ သတင်းစဉ်

**နေပြည်တော် ဒီဇင်ဘာ ၁၈**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် အာဆီယံ အတွင်းရေးမှူးချုပ် ဒါတိုလင်ကျောက်ဟွိုင်အား ယနေ့နံနက် ၉ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ရခိုင်ပြည်နယ်တွင် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးအတွက် မြန်မာနိုင်ငံမှ ပြင်ဆင်ထားရှိသည့် အစီအစဉ်များ၊ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေး လုပ်ငန်းစဉ် အထောက်အကူဖြစ်စေရေးအတွက် ဘေးအန္တရာယ် စီမံခန့်ခွဲမှုနှင့်ပတ်သက်သည့် အာဆီယံ၏ လူသားချင်းစာနာထောက်ထားမှုအကူအညီများ ညှိနှိုင်းရေးဌာန (AHA Centre) က လိုအပ်ချက်ဆန်းစစ်ဖော်ထုတ်ရေးအဖွဲ့စေလွှတ်ရေးကိစ္စနှင့် သဘာဝဘေးအန္တရာယ်တုံ့ပြန်ရေးဆိုင်ရာ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးရေး အစီအစဉ်များ မြန်မာနိုင်ငံ၌ ဖွင့်လှစ်ရေးကိစ္စတို့အပါအဝင် ရခိုင်ပြည်နယ်၏ ဖြစ်ပေါ်တိုးတက်မှု အခြေအနေတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

**စာတတ်သူတိုင်း စာဖတ်ရေး အားလုံး ပါဝင်ကူညီပေး**

ဆောင်းပါး (စာ » ၁၀)

**အီဒလစ်ပြည်နယ် လွှတ်မြောက်ရေးကို ဦးစားပေးကိစ္စတစ်ရပ်အဖြစ် ဆီးရီးယားအစိုးရရှုမြင်**

နိုင်ငံတကာသတင်း (စာ » ၁၄)


KBZ BANK
STRENGTH OF MYANMAR
'BANK OF THE YEAR IN MYANMAR 2017'
Awarded by Financial Times (The Banker)

မြန်မာ့အလင်း

# အတုအပ၏ဒဏ် ပြည်သူတို့ မခံရဖို့

လောကကြီး၌ မိမိတို့စားဝတ်နေရေး၊ မိသားစုအရေး အစရှိသည်တို့ အလို့ငှာ လူတို့ စီးပွားရှာကြ အလုပ်လုပ်ကြရ၏။ လူတို့၏ ကံဉာဏ် ဝီရိယနှင့် ဘဝအကျိုးပေး အမျိုးမျိုးပေါ်မူတည်၍ လည်းကောင်း၊ ဘယ်ပုံ ဘယ်နည်း လုပ်ကိုင်ရှာဖွေကြသလဲဆိုသည့်အပေါ် မူတည်၍လည်းကောင်း ဆင်းရဲချမ်းသာ ကွာခြားမှုရှိကြ၏။

မြန်မာတို့၏ အစဉ်အလာအယူအဆအရ ကောင်းမွန်မှန်ကန်သော စီးပွားရှာခြင်းကို မြင့်မြတ်သည့် ကုသိုလ်ဖြစ်စေသည့် စီးပွားရှာခြင်းဟု ယုံကြည်ကြ၏။ မတော်မတရား စီးပွားရှာခြင်း၊ လူလူချင်း ခေါင်းပုံဖြတ် စီးပွားရှာခြင်း အစရှိသည့် အသက်မွေးဝမ်းကျောင်း စီးပွားရှာမှုကို မိစ္ဆာအာဇီဝဟု ခေါ်ဝေါ်ကာ အကုသိုလ်ဖြစ်သည့် စီးပွားရှာခြင်းအဖြစ် သတ်မှတ်ကြ၏။

သည်လို မိစ္ဆာအာဇီဝခေါ်သည့် အကုသိုလ်ကြီးလှသော စီးပွားရှာနည်းများထဲတွင် အတုအပပြုလုပ်ခြင်းသည်လည်း ထိပ်ဆုံးတန်းက ပါမည်ဟု ထင်၏။ ကုန်ပစ္စည်းဈေးတင်ရောင်းသည့် မသမာမှုထက် ဆိုးရွားသည့် ပိုမိုမသမာမှုဟု ခေါ်ရမည်ထင်သည်။ ထို့ထက်ပိုသည့် မသမာမှုက အစားအသောက်နှင့် ဆေးဝါးများကို ရောနှောခြင်း အတုပြုခြင်းပင် ဖြစ်ပါမည်။

အစားအသောက်မျိုးစုံကို အတုအပလုပ်ကြ၏။ အရောအနှောများ ဆိုးဆေးများဖြင့် အရောင်တင်ကာ အရောင်အသွေးအတုလုပ်၏။ မူလ စားသောက်ကုန်အတိုင်းဆိုလျှင် တာရှည်မခံမည်ကို သိသည့်အားလျော်စွာ ဓာတုဆေးဝါးများဖြင့် ပေါင်းစပ်ရောနှောခြင်းဖြင့် တာရှည်ခံအောင် လုပ်ကြ၏။ ဤသို့ဖြင့် မူလအရည်အသွေးမရှိတော့သည်ကို ရှိသည့်သဖွယ် လုပ်ကြ၏။

ဆိုးသည်ထက်ဆိုးသည်များ၏ နောက်တွင် ဆေးဝါးအတုလုပ်ခြင်းက (တရားဥပဒေအရတော့မသိ) လူ့အဖွဲ့အစည်း၏ စံနှုန်းနှင့်မူ မည်သို့သော ပြစ်ဒဏ်ပေးသင့်သည်ဆိုသည်ကိုပင် စဉ်းစားမရနိုင်လောက်အောင်ပင်။ လူနာနှင့် မိသားစုများမှာ အသက်ကယ်ရန်၊ အသက်ရှည်ရန်၊ ကျန်းမာလာရန် မိမိလက်ထဲရှိသမျှနှင့် ဝယ်ယူတိုက်ကျွေးရပါသော်လည်း ထိုဆေးဝါးများက အတုများဖြစ်နေသည်တဲ့။

ဘယ်လောက်တောင် ကမ်းကုန်အောင် ရက်စက်လှသည့် စီးပွားရှာနည်းမျိုးပါနည်း။ အထူးသဖြင့် ဆေးအတုက အိမ်နီးချင်းနိုင်ငံဆီက အများဆုံးလာသည်တဲ့။ စားစရာသောက်စရာများသာမက ဆေးဝါးကိုပါ အတုအပ လုပ်ခြင်းကဖြင့် လူသတ်မှုကျူးလွန်ခြင်းတစ်မျိုးဖြစ်သည်ဟု ဆိုရပါမည်။

ဤသို့ဖြင့် မြန်မာနိုင်ငံက အတုအပကမ္ဘာတစ်ခုအလားဖြစ်နေသည်ကို ထိထိရောက်ရောက် အရေးယူရန်လိုပြီဟု မြင်ပါသည်။ အုပ်ချုပ်ရေးမဏ္ဍိုင်၊ ဥပဒေပြုရေးမဏ္ဍိုင်၊ တရားရေးမဏ္ဍိုင်၊ စာနယ်ဇင်းတို့၏ စတုတ္ထမဏ္ဍိုင်တို့အားလုံး ကျောချင်းကပ်ကာ အလေးအနက်ထား ဆောင်ရွက်ကြဖို့လိုပြီဟု နှိုးဆော်လိုပါသည်။

သည်လို စားသောက်ကုန်နှင့် ဆေးဝါးအတုတို့၏ဒဏ်ကို ခံစားနေရသည့် မြန်မာပြည်သူတို့အတွက် နောက်ဆုံးကျရောက်လာသည့် အတုအပသည်ကား ငွေစက္ကူအတုဟူ၏။ အထူးသဖြင့် အထိခိုက်အခံစားရဆုံးမှာ ထုံးစံအတိုင်း ပြည်သူတို့သာ ဖြစ်နေရပြန်ပါသည်။ သာမန်ပြည်သူတို့အဖို့ ငွေစက္ကူ တစ်သောင်းတန်တစ်ရွက် အတုဖြစ်နေ၍ ဆုံးရှုံးရသည်မှာ အဆမတန် များပြားလွန်းလှသော ပမာဏဖြစ်ပါ၏။

မတော်တဆ မိမိလက်ထဲရောက်လာပြီဆိုလျှင် ဘယ်လို အာမခံချက်မျိုးနှင့်မှ ပြန်လည်လဲလှယ်မရနိုင်တော့သဖြင့် ချုံးပွဲချ ငိုကြွေးရုံမှတစ်ပါး အခြားမရှိတော့သည်ဖြစ်ရာ မဏ္ဍိုင်ကြီးများ အနေဖြင့် အထူး အလေးအနက်ထား စဉ်းစားကာ ဖော်ထုတ်အရေးယူရန် နည်းလမ်းများကို ရှာဖွေကြရန် လိုအပ်ပြီဟု တင်ပြလိုက်ရပါကြောင်း။ ။

မြန်မာနိုင်ငံ၏ ပညာသင်နှစ်အလိုက် အလယ်တန်းအဆင့် ဆရာ - ကျောင်းသားအချိုး




ဓာတ်မြစ် ။ ပညာရေးဝန်ကြီးဌာန
ဗဟိုစာရင်းအင်းအဖွဲ့၊ သတင်းအချက်အလက်ယူနစ်မှစုစည်းတင်ပြပါသည်။

## မိတ္ထီလာခရိုင်၌ ဉာဏ်တော်အမြင့်ဆုံးရုပ်ပွားတော် တည်ထားကိုးကွယ်မည်

**မိတ္ထီလာ ဒီဇင်ဘာ ၁၈**

မိတ္ထီလာမြို့ ဝန်ဇင်းနယ်မြေ (၂) မင်္ဂလာဦးရပ် မင်္ဂလာရာမ ဘုန်းတော်ကြီးကျောင်းသင်ပညာရေး ကျောင်းတိုက်အတွင်းတွင် ဉာဏ်တော် ၅၁ ပေရှိ မဟာသန္တိသုခလာဘမုနိ ရုပ်ပွားတော်မြတ်ကြီးကို မင်္ဂလာကျောင်းတိုက်၏ ဦးစီးပဓာန နာယက ဘဒ္ဒန္တသီလာစာရ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) နိုင်ငံတော်သံဃာ့ဗဟိုဝန်ဆောင် ဆရာတော် ဦးဆောင်၍ မတည်အလှူရှင်များဖြစ်ကြသော မိတ္ထီလာမြို့ မင်္ဂလာဦးရပ်နေ ဘုရားဒါယကာကြီး ဦးဝင်းအောင် (လျှပ်စစ်ငြိမ်း)၊ ဘုရားဒါယိကာမကြီး ဒေါ်လှတင့်တို့က အလှူတော်ငွေ ကျပ်သိန်း ၃၀၀၊ မိတ္ထီလာမြို့ဈေးအရှေ့ပြင်ရပ် ကောင်းကြက်စာဆိုင်ပိုင်ရှင် ဘုရားဒါယကာ ဦးရဲမြင့်အောင်နှင့် ဘုရားဒါယိကာမကြီး ဒေါ်ဇာခြည်ရွှေ မိသားစုတို့က အလှူငွေ ကျပ်သိန်း ၁၅၀ မတည်လှူဒါန်းပြီး မိတ္ထီလာမြို့နယ် ဘုရားဒါယကာ ဒါယိကာမများ စုပေါင်းတည်ထားသော ဉာဏ်တော် ၅၁ ပေရှိ မဟာသန္တိသုခလာဘမုနိ ရုပ်ပွားတော်မြတ်ကြီးမှာ ၆၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

မဟာသန္တိသုခလာဘမုနိ ရုပ်ပွားတော်ကိန်းဝပ်ရန် ဂန္ဓကုဋိတိုက်နှင့် ရင်ပြင်တော်ပေ (၈၀×၉၀) အပါအဝင် ကျပ်သိန်းပေါင်း ၃၀၀၀ ကျော် ကုန်ကျမည်ဖြစ်၍ အနယ်နယ်အရပ်ရပ်မှ အခြားကုသိုလ်ရှင်များက အလှူငွေ ပါဝင်လှူဒါန်းလိုပါက ဆရာတော် ဦးသီလာစာရ ဖုန်း ၀၉-၂၂၀၀၀၃၇ ထံသို့ လှူဒါန်းနိုင်ကြောင်း သိရသည်။

**တင်လှိုင်(မိတ္ထီလာ)**

## ဂျပန် - မြန်မာ စိုက်ပျိုးရေးတက္ကသိုလ်များ ပူးပေါင်းဆောင်ရွက်သော စိုက်ပျိုးရေးနည်းပညာ ဟောပြောပို့ချ

**နေပြည်တော် ဒီဇင်ဘာ ၁၈**

ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်နှင့် ဂျပန်နိုင်ငံ တိုကျိုစိုက်ပျိုးရေးတက္ကသိုလ်တို့ ပူးပေါင်းဆောင်ရွက်သော စိုက်ပျိုးရေး နည်းပညာဟောပြောပို့ချခြင်း အခမ်းအနားကို ယမန်နေ့က ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ကောင်းမွန်သော စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ စီမံခန့်ခွဲမှုနှင့် ခေတ်မီနည်းပညာ၊ ဇီဝနည်းပညာများအသုံးပြု၍ စိုက်ပျိုးရေးထုတ်ကုန်များ ပိုမိုတိုးတက်ထုတ်လုပ်ရေး၊ ပြောင်းလဲဆန်းသစ်သော နည်းပညာများနှင့်အတူ စိုက်ပျိုးရေးဆိုင်ရာ မူဝါဒချမှတ်မှုများသည် ဝန်ကြီးဌာန၏ အဓိကဆောင်ရွက်မှုဖြစ်ကြောင်း၊ စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများ၏ ဒေသတွင်း စိုက်ပျိုးမှုအတွေ့အကြုံများကို အခြေခံ၍ မိရိုးဖလာစိုက်ပျိုးရေးမှ ခေတ်မီစိုက်ပျိုးရေး နည်းပညာများ လက်ဆင့်ကမ်းအသုံးပြု၍ ဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီသော သီးနှံများ ပိုမိုထုတ်လုပ်နိုင်ရေးနှင့် လူ့အရင်းအမြစ်များ တိုးတက်ခိုင်မာရေးကို ဆောင်ရွက်လျက်ရှိကြောင်း၊ အဆင့်မြင့် စိုက်ပျိုးရေးပညာရှင်များအဖြစ် အနာဂတ်၏ စိုက်ပျိုးရေးကဏ္ဍကို ဦးဆောင်ဦးရွက်ပြုလာကြမည့် စိုက်ပျိုးရေး တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ၏ စိတ်ကူးစိတ်သန်းကောင်းများဖြင့် သုတေသနပြုရလဒ်များ၊ သတင်းအချက်အလက်နှင့် နည်းပညာရယူစုဆောင်းနိုင်မှု စွမ်းရည်များ တိုးတက်စေရေး လမ်းကြောင်းသစ်များကို ဖန်တီးဖော်ဆောင်နိုင်ရန် ယခုကျင်းပသော ဟောပြောပို့ချခြင်း အစီအစဉ်က များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း၊ ပညာရှင်ကြီးများ၏ ဟောပြောပို့ချပေးမှုအပေါ် အလေးထား လေ့လာသင်ယူကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တိုကျိုစိုက်ပျိုးရေး တက္ကသိုလ်မှ ပါမောက္ခ Dr.Yoshitaka KAWAI နှင့် ပါမောက္ခ Dr. Taro Adati တို့ကဟောပြောပို့ချကြသည်။

မြန်မာနိုင်ငံ ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်နှင့် ဂျပန်နိုင်ငံ တိုကျိုစိုက်ပျိုးရေးတက္ကသိုလ်တို့ နည်းပညာပူးပေါင်း ဆောင်ရွက်မှု အစီအစဉ်အရ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် နောက်ဆုံးနှစ် ကျောင်းသား ကျောင်းသူများကို တိုကျိုစိုက်ပျိုးရေးတက္ကသိုလ်မှ ပါမောက္ခများက စိုက်ပျိုးရေး နည်းပညာဟောပြောပို့ချခြင်းကို Mitsul ကုမ္ပဏီလီမိတက်၏ ကူညီပံ့ပိုးမှုဖြင့် ဆောင်ရွက်ခဲ့ရာ ယခုအခါ ခြောက်ကြိမ်မြောက် ဆောင်ရွက်ခြင်းဖြစ်သည်။

မြန်မာ - ဂျပန် နှစ်နိုင်ငံ နည်းပညာဖလှယ်ရေးဆိုင်ရာ အစီအစဉ်အရ အဆင့်မြင့် စိုက်ပျိုးရေးပညာရှင်များ မွေးထုတ်ပေးရေးနှင့် သုတေသနဌာနများ တိုးချဲ့ဆောင်ရွက်နိုင်ရေးကို အဓိကထားပြီး ဂျပန်နိုင်ငံမှ ဆောင်ရွက်လျက်ရှိသည့် နည်းပညာ စင်တာများမှတစ်ဆင့် အသိပညာဖလှယ်ရေး ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

၂၀၁၈ ခုနှစ် ဧပြီလမှစတင်၍ တိုကျိုစိုက်ပျိုးရေးတက္ကသိုလ်သို့ ပညာသင်သွားရောက်ကြမည့် ကျောင်းသားကျောင်းသူများအတွက် ပညာသင်ဆုအစီအစဉ်များ စတင်ဆောင်ရွက်ပေးလျက်ရှိသည်။

**သတင်းစဉ်**

## ပြည်ထောင်စုရာထူးဝန်အဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၈**

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၁၈ ခုနှစ် တတိယသုံးလပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၄/၂၀၁၈) ကို ယမန်နေ့က ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း တက်ရောက်အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဥက္ကဋ္ဌရုံးအဖွဲ့၊ ဦးစီးဌာနများနှင့် ဗဟိုဝန်ထမ်းတက္ကသိုလ်များမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ပါမောက္ခချုပ်များနှင့် ဒုတိယအမြဲတမ်းအတွင်းဝန်တို့က ၂၀၁၈ ခုနှစ် စက်တင်ဘာလမှ နိုဝင်ဘာလအထိ တတိယသုံးလပတ် လုပ်ငန်းဆောင်ရွက်ခဲ့မှု အခြေအနေများအပေါ် ပြန်လည်သုံးသပ်ခြင်းနှင့် ဆောင်ရွက်ဆဲလုပ်ငန်းများ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းက တင်ပြချက်များနှင့် စပ်လျဉ်း၍ နိဂုံးချုပ်ဖြည့်စွက်အမှာစကား ပြောကြားသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးဝင်းမော်၊ ဦးသန်းထွန်း၊ ဒေါက်တာဦးပွား၊ ဦးစောဗယ်လင်တိုင်းနှင့် ဤအဖွဲ့ရှိ ဥက္ကဋ္ဌရုံးအဖွဲ့၊ ဦးစီးဌာနများနှင့် ကွပ်ကဲမှုအောက်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်များမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ပါမောက္ခချုပ်များနှင့် ဒုတိယအမြဲတမ်းအတွင်းဝန်တို့ တက်ရောက်ကြသည်။

**သတင်းစဉ်**

## ခရစ္စမတ်အကြို စုပေါင်းခရစ္စမတ်ဓမ္မတေးဂီတပွဲတော်နှင့် မိတ်ဆုံစားပွဲ တောင်ငူ၌ကျင်းပ

**တောင်ငူ ဒီဇင်ဘာ ၁၈**

၂၀၁၈ ခုနှစ် ခရစ္စမတ်အကြို စုပေါင်းခရစ္စမတ်ဓမ္မတေးဂီတပွဲတော်နှင့် မိတ်ဆုံစားပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၅ရက်နှင့် ၁၆ ရက် ညပိုင်းတို့တွင် တောင်ငူမြို့ ခရိုင်အားကစားကွင်း၌ကျင်းပရာ သိက္ခာတော်ရ သင်းအုပ်ဆရာ ရှေသက အဖွင့်ဆုတောင်းခြင်း၊ သိက္ခာတော်ရဆရာ ဦးခင်လတ်က ကြိုဆိုနှုတ်ဆက်ခြင်း၊ ကျေးဇူးတင်စကားပြောကြားခြင်း၊ ဆရာမရွှယ်ဒီ (JPCM)၊ သိက္ခာတော်ရဆရာ လှအောင်က ဆုတောင်းဆက်ကပ်ခြင်း ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် သိက္ခာတော်ရဆရာ စောယိုရှုံးက ဆောင်ရွက်ခဲ့သည်။

အဆိုပါပွဲတော်တွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးမိုးထက်နှင့် ခရိုင်သာသနာရေးမှူး ဦးအုန်းကြိုင်တို့က ဂုဏ်ပြုအမှာစကားပြောကြားကြပြီး ကရင်တိုင်းရင်းသား မိသားစုဝင်များက ခရစ္စမတ်ဓမ္မတေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခဲ့ကြသည်။

အခမ်းအနားသို့ ခရိုင်အဆင့်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်ဘာသာပေါင်းစုံ ဌာနဆိုင်ရာများ၊ ခရစ်ယာန်အသင်းတော်များကောင်စီမှ အမှုဆောင်အဖွဲ့ဝင်များ၊ ခရစ်ယာန်အသင်းတော်များ၊ ဓမ္မတေးဂီတပွဲတော်ကျင်းပရေးကော်မတီဝင်များနှင့် တောင်ငူဒေသအတွင်းရှိ ကရင်မျိုးနွယ်စုဝင်မိသားစုများ စုံညီစွာတက်ရောက်ကြသည်။ ခရစ္စမတ်ဓမ္မတေးဂီတပွဲတော်ကို တောင်ငူအသင်းတော်များကောင်စီနှင့် ရှုလုံအသင်းတော် (ရန်ကုန်) တို့ပူးပေါင်းကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်လှ (တောင်ငူ)**

## လက်ဖက်ကဏ္ဍ တိုးတက်မြင့်မားရေးနှင့် အော်ဂဲနစ်လက်ဖက်သီးနှံ စိုက်ပျိုးရန် ကွင်းဆင်းဆောင်ရွက်

**သီပေါ ဒီဇင်ဘာ ၁၈**

ရှမ်းပြည်နယ်မြောက်ပိုင်း ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ်တွင် လယ်ယာကဏ္ဍ တိုးတက်မြင့်မားရေး ညှိနှိုင်းဆွေးနွေးပွဲကို ယမန်နေ့က နမ့်ဆန်မြို့နယ် လွှယ်ဆိုင်ခန်းမ၌ ကျင်းပသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦးက အမှာစကား ပြောကြားပြီး မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှူး ဦးစိုင်းတိုးတိုးက ကျေးရွာအလိုက် ပျိုးခြံများထူနိုင်ရေးနှင့် လက်ဖက်ပျိုးပင်များအပြင် အရိပ်ရဈေးကွက်ဝင် နှစ်ရှည်ပျိုးပင်များ ပျိုးထောင်စိုက်ပျိုးရေး ကိစ္စများ၊ အစားအသောက်ဘေးကင်းလုံခြုံရေးအတွက် အော်ဂဲနစ်သဘာဝမြေသြဇာများတွင်ကျယ်စွာ ပြုလုပ်သုံးစွဲလာစေရေး၊ လက်ဖက်သီးနှံကို နိုင်ငံခြားပို့ကုန် အော်ဂဲနစ်သီးနှံအနေဖြင့် ရေရှည်တည်တံ့သော စိုက်ပျိုးရေး ဖြစ်လာစေရန် စသည်တို့ကို ဆွေးနွေးတင်ပြသည်။

ထို့နောက် လက်ဖက်အသင်း ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လက်ဖက်အသင်းဝင်များ၊ မြို့မိမြို့ဖများ၊ ဒေသခံလက်ဖက်တောင်သူ ၁၀၀ တို့က လက်ဖက်ခေတ်မီ စိုက်ပျိုးရေးနည်းစနစ် ပညာပေးစံပြခြံသို့ သွားရောက်ကြပြီး လက်ဖက်ကိုင်းဖြတ်စိုက်ပျိုး နည်းစနစ်များ၊ အော်ဂဲနစ်သဘာဝမြေသြဇာ ပြုလုပ်သုံးစွဲနည်းပညာများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးစိုင်းတိုးတိုးနှင့် တာဝန်ရှိသူများက လက်တွေ့သရုပ်ပြ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## မိုးနဲမြို့တွင် မြန်မာတိုင်းရင်းဆေးပညာဖြင့် အခမဲ့ ကွင်းဆင်းကုသ

**မိုးနဲ ဒီဇင်ဘာ ၁၈**

ရှမ်းပြည်နယ်တောင်ပိုင်း မိုးနဲမြို့နယ် တိုင်းရင်းဆေးကုဌာန အစီအစဉ်ဖြင့် မြန်မာတိုင်းရင်းဆေးပညာဖြင့် ဒေသခံပြည်သူများအား အခမဲ့ကွင်းဆင်းကုသပေးခြင်းကို ယနေ့နံနက်က လွိုင်မြေရပ်ကွက် အုဋ္ဌကျောင်း ဘုန်းတော်ကြီးကျောင်း၌ ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

ထိုသို့ဆောင်ရွက်ရာ၌ သံဃာတော်နှစ်ပါး၊ အမျိုးသား ၁၀ဦး နှင့် အမျိုးသမီး ၄၉ ဦး စုစုပေါင်း ၆၁ ဦးကို ခြေကပ်၊ ဒူးနာ၊ ချောင်းဆိုး၊ အအေးမိနှာစေး၊ လေထိုးလေအောင့် ၊ ခါးနာ၊ ကျီးပေါင်း၊ သွေးတိုး၊ ဆီးချို၊ သွေးချိုရောဂါများကို မြန်မာတိုင်းရင်းဆေးဖြင့် အခမဲ့ကွင်းဆင်းကုသပေးခဲ့ကြောင်း လက်ထောက်တိုင်းရင်းဆေးမှူး ဦးမျိုးသူလွင်၏ ပြောကြားချက်အရ သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**




"လူမျိုးဆိုသည်မှာ သုခဒုက္ခ အတူခံစားကြ၍ နီးနီးစပ်စပ် အကျိုးချင်း ထပ်ပြီးလျှင် နှစ်ပရိစ္ဆေဒ ရှည်လျားစွာ တစ်မျိုးတစ်စားတည်းပင်ဟု စိတ်ထား ရှိသူတို့ကို တစ်စုတည်းပေါင်း၍ ခေါ်ဝေါ်ခြင်းသာ ဖြစ်ပေသည်။ အမျိုး အနွယ်၊ ကိုးကွယ်သည့် ဘာသာတရား၊ ပြောဆိုသည့် စကားတို့ကို အရေးထား ရမည်ဖြစ်သော်လည်း စင်စစ်မှာ အေးအတူပူအမျှ၊ ကောင်းတူဆိုးဖက် ပူးပေါင်းနေလိုသော အစဉ်အလာ ဆန္ဒအပေါ်တွင် ဝံသာနုရက္ခိတတရားသည် တည်နေပေ၏"

*[ ၁၉၄၆ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့ ရွှေတိဂုံအလယ်ပစ္စယံညီလာခံ၌ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သော မိန့်ခွန်းမှ ကောက်နုတ်ချက် ]*

# မဲဆန္ဒရှင်စာရင်း စတင်ပြုစုခြင်းလုပ်ငန်းစဉ် ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၈**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် International Foundation for Electoral Systems ( IFES ) အဖွဲ့တို့ ပူးပေါင်း၍ မဲဆန္ဒရှင်စာရင်းစတင်ပြုစုခြင်း လုပ်ငန်းစဉ် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး သင်တန်းခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ ဖြစ်ကြသော ဦးအောင်မြင့်၊ ဦးစိုးရယ်၊ ဦးလှတင့်၊ ဦးမြင့်နိုင်၊ ဦးသန်းဌေးနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ ရွေးကောက်ပွဲအရာရှိများ၊ မဲစာရင်း ပြုစုခြင်း လုပ်ငန်း ဆက်သွယ်ရေးတာဝန်ခံ အရာရှိများ၊ IFES မှ တာဝန်ရှိသူများ တက်ရောက် ခဲ့ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက အမှာစကား ပြောကြားရာ၌ ကော်မရှင်အနေဖြင့် မဲစာရင်းပြုစုရာတွင် ယခင်က လက်ရေးဖြင့် ရေးသားခြင်း၊ လက်နှိပ်စက်ဖြင့်ရိုက်ခြင်း အစရှိသဖြင့် မတူညီသည့်ပုံစံအမျိုးမျိုးနှင့် ဆောင်ရွက်ခဲ့ရာမှ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲမှ စတင်ပြီး ကွန်ပျူတာ စနစ်အသုံးပြု၍ မဲစာရင်းရေးသွင်းသည့်စနစ်ကို စတင်အသုံးပြုခဲ့ကြောင်း၊ ပထမအကြိမ် အသုံးပြုခဲ့သည့် Software သည် အားနည်းချက်များရှိခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် မဲစာရင်းပြုစုရာတွင် တူညီသည့်စနစ်နှင့် မူသေ အသုံးပြုနိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီး၊ ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ မဲစာရင်းပြုစုခြင်းကို တာဝန်ယူဆောင်ရွက်ခဲ့ကြ သည့် မြို့နယ်ကော်မရှင် အဖွဲ့ခွဲများထံမှ ယခင် Software ၏ အားနည်းချက်များ၊ အားသာချက်များ တောင်းခံခဲ့ပြီး Software အသစ်တစ်ခု ထပ်မံရေးဆွဲရေးဆောင်ရွက် လျက်ရှိကြောင်း၊ တူညီသည့်စနစ်ကို အသုံးပြုမှသာ အချက်အလက်များ စုစည်း ထိန်းသိမ်းခြင်းနှင့် မဲဆန္ဒရှင်များကို Online Service ပေးရာတွင် လွယ်ကူအဆင်ပြေ စေမည်ဖြစ်ကြောင်း။

ကော်မရှင်မှ ရေးဆွဲပြုစုလျက်ရှိပြီး မကြာမီ ထုတ်ပြန်ရန်ရှိသည့် မဟာဗျူဟာ စီမံကိန်း (၂၀၁၉-၂၀၂၂) ၏ အခန်း (၃) တွင် ပြည့်စုံမှန်ကန်သည့် မဲစာရင်းပြုစု ခြင်း အခန်းကဏ္ဍကို ထည့်သွင်းရေးသားထားကြောင်း၊ ယခုအစည်းအဝေးမှ ရရှိသည့် အကြံပြုချက်များဖြင့် မဲစာရင်းပြုစုခြင်း လမ်းညွှန်စာအုပ်ကို ပြုစုသွားမည်ဖြစ်ကြောင်း၊ ထိုမဲစာရင်းပြုစုခြင်း လမ်းညွှန်စာအုပ်ပါအတိုင်း အချက်အလက်ထည့်သွင်းခြင်း စနစ်များကို လာမည့် ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၉ ရက်မှ ၁၁ ရက်အထိ ကော်မရှင်ရုံးမှ အရာထမ်းများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ ကွန်ပျူတာကျွမ်းကျင်သူ များကို သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း၊ Software အသစ်ရေးဆွဲပြီးပါက သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများအနေဖြင့် Excel ဖြင့် ပြုစုထားသည့် မဲစာရင်းအချက်အလက်များကို Software အသစ်အတွင်း ပြောင်းလဲထည့်သွင်းပြီး မဲစာရင်းပြုစုခြင်းလုပ်ငန်းကို ဆက်လက် ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် ယနေ့အစည်းအဝေးမှ အကြံပြုချက်များသည် Software အသစ်ရေးဆွဲရာတွင် အထောက်အကူပြုမည်ဖြစ်ကြောင်း ပြောကြား သည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသူများက မဲစာရင်းစတင်ပြုစု ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြပြီး ဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၉ ရက်အထိ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# နေရပ်စွန့်ခွာသူများကို ပြန်လည်လက်ခံရေးတွင် အာဆီယံကပူးပေါင်းဆောင်ရွက်ရန်အတွက် အဆင့်မြင့်အရာရှိကြီးများညှိနှိုင်းစည်းဝေး

**နေပြည်တော် ဒီဇင်ဘာ ၁၈**

ရခိုင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာ ပြည်သူများကို ပြန်လည်လက်ခံရေး လုပ်ငန်းစဉ်တွင် အာဆီယံမှ ပူးပေါင်း ဆောင်ရွက်နိုင်ရေးအတွက် အာဆီယံ အတွင်းရေးမှူးချုပ်ရုံးနှင့် မြန်မာနိုင်ငံ အစိုးရအကြား အဆင့်မြင့်အရာရှိကြီးများ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်း တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။




ညှိနှိုင်း အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ် အေးက မြန်မာနိုင်ငံအနေဖြင့် ရခိုင် ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို တစိုက်မတ်မတ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရခိုင် ပြည်နယ်ဆိုင်ရာ အကြံပြုချက်ကော်မရှင် ကို ဖွဲ့စည်းဆောင်ရွက်သည့်အပြင် အကြံ ပြုချက်များ အကောင်အထည်ဖော် နိုင်ရေးကိုလည်း အတတ်နိုင်ဆုံးနှင့် အကောင်းဆုံး ဆောင်ရွက်လျက်ရှိပါ ကြောင်း၊ အဆိုပါ လုပ်ငန်းစဉ်ကို ဘက်လိုက်မှုမရှိဘဲ ဓမ္မဓိဋ္ဌာန်ကျကျ ဆောင်ရွက်လိုပါကြောင်း၊ ယခုဆောင် ရွက်မည့် လုပ်ငန်းစဉ်သည် မြန်မာနိုင်ငံမှ လက်ရှိဆောင်ရွက်ဆဲလုပ်ငန်းစဉ်များ ဖြစ်သည့် ကြက်ခြေနီလှုပ်ရှားမှုများ၊ UNDP, UNHCR နှင့် မြန်မာနိုင်ငံ အစိုးရ၏ သုံးပွင့်ဆိုင် နားလည်မှုစာချွန် လွှာ အကောင်အထည်ဖော်မှုများကို ပိုမိုပြည့်စုံအောင် ဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါကြောင်း။

ထို့အပြင် မြန်မာနိုင်ငံနှင့် ဘင်္ဂလား ဒေ့ရှ်နိုင်ငံအကြား နှစ်နိုင်ငံ ကတိကဝတ် များကို အကောင်အထည်ဖော်ရာတွင် လည်း အထောက်အကူပြုနိုင်မည်ဖြစ်ပါ ကြောင်း၊ အာဆီယံနိုင်ငံများနှင့် ပူးပေါင်း ဆောင်ရွက်မှု ပြယုဂ်ကောင်းတစ်ခုကို ဖော်ဆောင်နိုင်မည် ဖြစ်သည့်အတွက် ဒေသတွင်းနိုင်ငံများသာမက နိုင်ငံတကာ အသိုက်အဝန်းတွင်ပါ အရေးပါသည့် ပူးပေါင်းဆောင်ရွက်မှုဖြစ်ပါကြောင်း ပြော ကြားသည်။

ထို့နောက် အာဆီယံအတွင်းရေး မှူးချုပ် Mr. Lim Jock Hoi က မြန်မာနိုင်ငံအစိုးရအနေဖြင့် အာဆီယံ အပေါ်တွင်ထားရှိသည့် ယုံကြည်မှုအတွက် များစွာဝမ်းမြောက်ကြောင်းနှင့် အာဆီယံ အရေးပေါ်တုံ့ပြန်ရေးနှင့် ဆန်းစစ်လေ့လာ ရေးအဖွဲ့ (ASEAN ERAT) လုပ်ငန်း စဉ်အရ လိုအပ်ချက် ဆန်းစစ်ဖော်ထုတ်မှု လုပ်ငန်းစဉ်ကို သက်ဆိုင်ရာ အိမ်ရှင်နိုင်ငံ ၏ စည်းမျဉ်းစည်းကမ်းများ၊ ဦးစားပေး အစီအစဉ်များ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ လိုက်နာဆောင်ရွက်သွားမည်ဖြစ် ကြောင်း ပြောကြားသည်။

ဆက်လက်၍ AHA Centre မှ Executive Director ဖြစ်သူ Ms. Adelina Kamel က လိုအပ်ချက် ဆန်းစစ်ဖော်ထုတ်ရေးအဖွဲ့၏ လုပ်ငန်း တာဝန်များကို ရှင်းလင်းတင်ပြပြီး အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူးက ASEAN ERAT ပြည်တွင်းသင်တန်း ဖွင့်လှစ်ပို့ချမည့်အစီအစဉ် နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တက်ရောက်လာ သူများက အကြံပြုဆွေးနွေးကြသည်။

အစည်းအဝေးသို့ ပြည်ထဲရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် အောင်သူ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ် ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ရခိုင် ပြည်နယ်အစိုးရအဖွဲ့မှ ကိုယ်စားလှယ် များနှင့် တာဝန်ရှိသူများ တက်ရောက် ကြသည်။

**သတင်းစဉ်**




ဒုတိယသမ္မတ ဦးမြင့်ဆွေ ၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာသူများနေ့ အခမ်းအနားတွင် တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

❊ *ကျောဖုံးမှ*

အခမ်းအနားတွင် ဒုတိယသမ္မတက ယနေ့ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာသူများနေ့ အခမ်းအနားကို ကျင်းပရသည့် ရည်ရွယ်ချက်မှာ ရွှေ့ပြောင်းသွားလာနေထိုင်လုပ်ကိုင်နေကြသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများ ကြုံတွေ့ခံစားနေကြရသည့် အခြေအနေများ၊ ၎င်းတို့၏ အခွင့်အရေးများနှင့် လူမှုအကျိုးစီးပွားများကို ကာကွယ်မြှင့်တင်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် မိတ်ဖက်အဖွဲ့အစည်းများ၏ ကြိုးပမ်းအားထုတ်ဆောင်ရွက်နေမှုများနှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့် အစီအမံများကို အများပြည်သူသိရှိစေနိုင်ရန် ရည်ရွယ်ကျင်းပရခြင်း ဖြစ်ပါကြောင်း။

**သတ္တမအကြိမ်တိုင်ခဲ့ပြီ**

အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းအလုပ်သမားများနှင့် ပတ်သက်၍ ၂၀၀၀ ပြည့်နှစ်တွင် ကျင်းပခဲ့သည့် (၅၅)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံက ဒီဇင်ဘာလ ၁၈ ရက်နေ့ကို နိုင်ငံတကာရွှေ့ပြောင်းသွားလာသူများနေ့အဖြစ် သတ်မှတ်ကာ နိုင်ငံအလိုက် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာသူများနေ့ အထိမ်းအမှတ်အခမ်းအနားများကို ကျင်းပခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့် အဆိုပါအခမ်းအနားကို ကျင်းပခဲ့သည်မှာ ယခုဆိုလျှင် သတ္တမအကြိမ်တိုင်ခဲ့ပြီ ဖြစ်ပါကြောင်း။

နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် လူဦးရေတိုးတက်မှုနှုန်း မတူညီခြင်း၊ အလုပ်အကိုင်အခွင့်အလမ်း၊ လုပ်သားအင်အားနှင့် လုပ်အားခမညီမျှခြင်း၊ သဘာဝဘေးအန္တရာယ်ကျရောက်ခြင်း၊ လူသားများကြောင့် ဖြစ်ပေါ်လာသည့် ပဋိပက္ခများနှင့် လူမှုစီးပွားအကျပ်အတည်းများ၏ တွန်းအားရှိနေခြင်း၊ ဖွံ့ဖြိုးတိုးတက်လာသည့် သတင်း၊ ဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးနည်းပညာများကို လွယ်လင့်တကူ ရယူအသုံးပြုနိုင်ခြင်းများကြောင့် ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းများသည် ကမ္ဘာအနှံ့၊ နိုင်ငံအနှံ့ တိုးပွားပျံ့နှံ့လျက်ရှိနေပါကြောင်း၊ ကမ္ဘာ့ကုလသမဂ္ဂ၏ ခန့်မှန်းချက်အရ လူ ခုနစ်ဦးတွင် တစ်ဦးသည် ရွှေ့ပြောင်းသွားလာနေထိုင်ကြသူများဖြစ်သည်ဟု သိရှိရပါကြောင်း။

**ပြည်ပနိုင်ငံများသို့ ရွှေ့ပြောင်းနေထိုင်လုပ်ကိုင်လျက်ရှိ**

မြန်မာနိုင်ငံအနေဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အခြေခံကောင်းများ ရှိနေသော်လည်း ကာလရှည် ပြည်တွင်းပဋိပက္ခများနှင့် သဟဇာတမရှိမှုများကြောင့် အလုပ်အကိုင်အခွင့်အလမ်းဖန်တီးမှုများ မလုံလောက်သဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်သည့် ပြည်ပနိုင်ငံများသို့ မြန်မာနိုင်ငံသား နှစ်သန်းကျော်သည် သွားရောက်ရွှေ့ပြောင်းနေထိုင်လုပ်ကိုင်လျက် ရှိနေကြကြောင်းကို ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ သိရှိရပါကြောင်း၊ ၎င်းတို့၏ မိသားစုလွှဲပို့ငွေသည် ၂၀၁၆ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃၉၅ သန်းခန့် ရှိပြီး ၂၀၁၇ ခုနှစ်တွင် အမေရိကန်ဒေါ်လာ သန်း ၇၀၀ ခန့်ရှိနေကြောင်းကို ကမ္ဘာ့ဘဏ်၏ ၂၀၁၇ ခုနှစ် အစီရင်ခံစာတွင် ဖော်ပြထားသည်ကို သိရှိရပါကြောင်း။

Globalization ဖြစ်စဉ်နှင့်အညီ ကမ္ဘာအနှံ့ ရွှေ့ပြောင်းသွားလာမှုသည် ဆက်လက်တိုးပွား ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့မြင်ရပြီး ရွှေ့ပြောင်းအလုပ်သမားများသည် မူရင်းနိုင်ငံနှင့် လက်ခံ နိုင်ငံတို့၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်မှုတို့အတွက် အထောက်အကူပြုလျက်ရှိပါကြောင်း၊ နိုင်ငံတကာ၌ ရွှေ့ပြောင်းအလုပ်သမားများသည် အခြေခံအခွင့်အရေးနှင့် ဝန်ဆောင်မှုများကို အနိမ့်ဆုံးအဆင့်ဖြင့်သာ ခံစားခွင့်ရရှိနေကြပြီး ခြိမ်းခြောက်အနိုင်ကျင့်ခံရခြင်း၊ ဆိုးရွားစွာ အကြမ်းဖက်ခံရခြင်း၊ ခွဲခြားဆက်ဆံခံရခြင်း၊ အလေးထားမှုနှင့် တန်ဖိုးထားမှုမခံရခြင်း စသည်တို့ကို တွေ့ကြုံခံစားရလျက်ရှိပါကြောင်း။

**အခန့်မသင့်လျှင် ဒုက္ခအမျိုးမျိုးနှင့် ကြုံတွေ့ရနိုင်**

ရွှေ့ပြောင်းသွားလာသူများအနေဖြင့် ရွှေ့ပြောင်းသွားလာခြင်းမပြုမီကတည်းက သွားရောက်မည့်ဒေသနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များနှင့် ကုန်ကျမည့်စရိတ်အတွက် ရှာဖွေစုဆောင်းခြင်းတို့ ပြုလုပ်ကြရမည့်အပြင် မိမိလုပ်ကိုင်မည့် အလုပ်များအတွက် လိုအပ်သည့် ကျွမ်းကျင်မှုများ၊ ဘာသာစကားအခြေခံများနှင့် ယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာများကို ပြည်ပသို့မထွက်ခွာမီ လေ့လာသင်ယူကြရပါကြောင်း၊ ဖြတ်သန်းသွားရာနေရာများတွင် လူအမျိုးမျိုး၊ အခြေအနေအမျိုးမျိုးနှင့် တွေ့ကြုံရနိုင်သည့်အတွက် အခန့်မသင့်လျှင် ဒုက္ခအမျိုးမျိုးနှင့် ကြုံတွေ့ရနိုင်ပါကြောင်း။

ရွှေ့ပြောင်းသွားလာရသည့်လုပ်ငန်းစဉ် ကြမ်းတမ်းနိုင်သော်လည်း ပါဝင်ပတ်သက်ကြသည့် သက်ဆိုင်သောအဖွဲ့အစည်းများအားလုံးအနေဖြင့် လူသားချင်းစာနာစွာ စနစ်တကျစီမံခန့်ခွဲမည်ဆိုပါက ရွှေ့ပြောင်းသွားလာသူများအပါအဝင် လူ့အသိုက်အဝန်းတစ်ခုလုံးကို အကျိုးဖြစ်ထွန်းစေနိုင်မည်ဖြစ်ပြီး ဆင်းရဲမှုကို လျော့ကျစေနိုင်ခြင်း၊ အလုပ်လက်မဲ့ပြဿနာကို ဖြေရှင်းပေးနိုင်ခြင်း၊ လွှဲပို့ငွေများဖြင့် မိသားစုဝင်ငွေနှင့် တိုင်းပြည်၏ နိုင်ငံခြားဝင်ငွေတိုးတက်စေနိုင်ခြင်း၊ ကျွမ်းကျင်မှုနှင့် အရင်းအနှီးစုဆောင်းမိနိုင်ခြင်း၊ တီထွင်ဖန်တီးမှုနှင့် စွန့်စားလုပ်ကိုင်တတ်သည့်အလေ့အထနှင့် ကြိုးစားအားထုတ်တတ်သည့် လူမှုအသိုက်အဝန်းဖြစ်လာစေရေးကို အထောက်အကူဖြစ်စေခြင်း စသည့် ကောင်းကျိုးများကို ဖြစ်ထွန်းစေပါကြောင်း။

**စနစ်တကျစီမံခန့်ခွဲရန် လိုအပ်မည်**

ရွှေ့ပြောင်းသွားလာသူများ လုံခြုံစိတ်ချရသည့် ရွှေ့ပြောင်းသွားလာနေထိုင်မှု (Safe Migration) ဖြစ်စေရန်အတွက် အားလုံးက ဝိုင်းဝန်းကူညီလုပ်ဆောင်ပေးရန်နှင့် စနစ်တကျစီမံခန့်ခွဲရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ထိုသို့လုပ်ဆောင်ရာတွင် ဝန်ကြီးဌာနတစ်ခုတည်း၊ တစ်နိုင်ငံတည်း ဖြေရှင်းခြင်းထက် ဝန်ကြီးဌာနပေါင်းစုံ ပူးပေါင်းဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာ နိုင်ငံများ၊ ဒေသတွင်းနှင့် နိုင်ငံတကာသက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများ၊ မိတ်ဖက်အဖွဲ့အစည်းများဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းများ ရှိမှသာ ထိရောက်အကျိုးရှိနိုင်မည်ဟု ယုံကြည်ပါကြောင်း။

ကုလသမဂ္ဂအဖွဲ့ကြီးက **"ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ၂၀၃၀ လုပ်ငန်းအစီအစဉ် (UN 2030 Agenda)"**ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံအနေဖြင့်လည်း **"မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Myanmar Sustainable Development Plan- MSDP)"**ကို အာဆီယံ၏ကတိကဝတ်များ၊ ကမ္ဘာလုံးဆိုင်ရာ ရေရှည်ဖွံ့ဖြိုးမှု ရည်မှန်းချက်ပန်းတိုင်များနှင့်အညီ ဘက်စုံဖွံ့ဖြိုးမှု စီမံချက်တစ်ခုအနေဖြင့် ဝန်ကြီးဌာနများနှင့် မိတ်ဖက်အဖွဲ့အစည်းများ ကဏ္ဍစုံပါဝင်နိုင်မည့် မူဘောင်တစ်ခုအနေဖြင့် ဆောင်ရွက်နေပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပခဲ့သည့် (၃၁) ကြိမ်မြောက် အာဆီယံအစည်းအဝေးတွင် **"ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ခြင်းနှင့် မြှင့်တင်ခြင်းဆိုင်ရာ အာဆီယံသဘောတူညီချက်"**ကို အာဆီယံနိုင်ငံများ၏ နိုင်ငံ့ခေါင်းဆောင်များနှင့်အတူ လက်မှတ်ရေးထိုးနိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ အာဆီယံသဘောတူညီချက်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စင်ကာပူနိုင်ငံ၌ ကျင်းပခဲ့သည့် အာဆီယံအစည်းအဝေးများတွင် ဆွေးနွေးခဲ့ကြရာ ၂၀၁၉ ခုနှစ်အတွင်း တိုးတက်မှုများကို အကဲဖြတ်ဆန်းစစ်နိုင်မည်ဖြစ်ပါကြောင်း။

ထို့ပြင် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းနှင့်စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးတွင် အကျိုးကျေးဇူးရရှိစေရေးအတွက် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်မှ ၁၁ ရက်အထိ မော်ရိုကိုနိုင်ငံ၌ ကျင်းပခဲ့သော ကမ္ဘာလုံးဆိုင်ရာ အစည်းအဝေးတွင် **"လုံခြုံစိတ်ချရပြီးစနစ်ကျသည့် ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းနှင့်စပ်လျဉ်းသည့် ကမ္ဘာလုံးဆိုင်ရာ သဘောတူညီချက် (Global Compact for Safe, Orderly and Regular Migration - GCM)"**ကို အတည်ပြုချမှတ်ခဲ့ရာ မြန်မာနိုင်ငံအနေဖြင့်လည်း အခြားသော နိုင်ငံများနှင့်အတူ သဘောတူညီချက် အတည်ပြုချမှတ်နိုင်ရေးအတွက် ပါဝင်ဆောင်ရွက်ခဲ့ပါကြောင်း။

**အမျိုးသားမူဝါဒများချမှတ်**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် ရွှေ့ပြောင်းသွားလာသူများနှင့် နိုင်ငံတော်၏ အကျိုးဖြစ်ထွန်းစေရေးအတွက် အလုပ်သမားများ ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ အမျိုးသားမူဝါဒများ ချမှတ်ခြင်းနှင့် အဆိုပါမူဝါဒများကို အကောင်အထည်ဖော်နိုင်မည့် မဟာဗျူဟာများ၊ နည်းဗျူဟာများပါရှိသော ဒုတိယအမျိုးသား (၅)နှစ်တာစီမံချက် (၂၀၁၈-၂၀၂၂) ရေးဆွဲခြင်းကို သက်ဆိုင်ရာနိုင်ငံများ၊ ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စနစ်တကျစီမံခန့်ခွဲလုပ်ဆောင်လျက်ရှိပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ဇန်ကောက်အခြေစိုက် ရွှေ့ပြောင်းအလုပ်သမားကွန်ရက်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။ သတင်းစဉ်

**မြန်မာရွှေ့ပြောင်းလုပ်သားများ၏ အခွင့်အရေးများမြှင့်တင်ပေး**

မြန်မာနိုင်ငံသားအများအပြား သွားရောက်လုပ်ကိုင်နေကြသည့် ဒေသတွင်းနိုင်ငံများ၏ အစိုးရများနှင့် ဆွေးနွေးညှိနှိုင်းကာ မြန်မာရွှေ့ပြောင်းလုပ်သားများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်မှု မြှင့်တင်ပေးလျက်ရှိပါကြောင်း၊ အဆိုပါလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်နေကြသည့် ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရ ပုဂ္ဂလိကအေဂျင်စီများနှင့် သက်ဆိုင်ရာ အစိုးရဌာနဆိုင်ရာများကို ဥပဒေ၊ ကျင့်ဝတ်များနှင့်အညီ ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း။

ယနေ့ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာသူများနေ့အခမ်းအနား၏ ရည်ရွယ်ချက်နှင့်အညီ ရွှေ့ပြောင်းလုပ်သားများ လုံခြုံစိတ်ချရသည့် ရွှေ့ပြောင်းသွားလာမှုဖြစ်စေရေး၊ ကာကွယ်စောင့်ရှောက်ရေးနှင့် လူသားချင်းစာနာထောက်ထားမှုမြှင့်တင်ရေးတို့ကို ရွှေ့ပြောင်းအလုပ်သမားများဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ အချင်းချင်း ပူးပေါင်းဆောင်ရွက်နေမှုများကို ပိုမိုထိရောက်အောင် ဆောင်ရွက်ပြီး ရွှေ့ပြောင်းလုပ်သားများ၏ ဘဝလုံခြုံဖွံ့ဖြိုးတိုးတက်စေရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် အထောက်အကူပြုနိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ယင်းနောက် အခမ်းအနားအစီအစဉ် "ဒုတိယပိုင်း"ကို ဆက်လက်ကျင်းပရာ ရွှေ့ပြောင်းအလုပ်သမားနှင့် ပတ်သက်သည့် လှုပ်ရှားဆောင်ရွက်မှု ဗီဒီယိုမှတ်တမ်းကို ပြသသည်။

ထို့နောက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာသူများနေ့နှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ထို့နောက် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း၏ Chief of Mission ဖြစ်သူ Mr. Akio Nakayama က ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်နှင့် ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း၏ ညွှန်ကြားရေးမှူးချုပ်တို့က ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။

ယင်းနောက် မြန်မာနိုင်ငံအတွက် ဆင်းရဲနွမ်းပါးမှုလျော့ချရေးနှင့် အားလုံးပါဝင်သော ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားရွှေ့ပြောင်းသွားလာမှုကို မြှင့်တင်ခြင်းဆိုင်ရာစီမံချက်မှ တွေ့ရှိချက်များကို အများပြည်သူတို့ သိရှိစေရန်အတွက် ဗီဒီယိုမှတ်တမ်းကို ပြသသည်။

**ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားအရေး၊ မိသားစုဝင်များ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးတို့တွင် ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးခဲ့သည့် မြန်မာပြည်သားများအရေး ပူးတွဲလှုပ်ရှားမှုကော်မတီ၊ ဇန်ကောက်အခြေစိုက် ရွှေ့ပြောင်းအလုပ်သမားကွန်ရက်၊ ရွှေ့ပြောင်းအလုပ်သမားအခွင့်အရေးကွန်ရက်၊ ပညာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်းနှင့် အလုပ်သမားဟစ်တိုင်တို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

**အထိမ်းအမှတ်ပြခန်းများ လှည့်လည်ကြည့်ရှု**

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသူများသည် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာသူများနေ့ အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

**သတင်းစဉ်**

*ကျောဖုံးမှ*

ဦးတီခွန်မြတ်နှင့်ဇနီး ဒေါ်ရင်မေ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့်ဇနီး ဒေါ်နန့်ကြင်ကြည်၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့် ဇနီးဒေါ်ဌေးရီ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌဦးလှသိန်းနှင့်ဇနီး ဒေါ်အေးသီတာ၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်နှင့်ဇနီး ဒေါက်တာစိန်စိန်သိမ်း၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ဒုတိယဝန်ကြီးများ၊ ဂိုဏ်းချုပ်ဆရာတော်ကြီးများ၊ သိက္ခာတော်ရဆရာတော်များ၊ ခရစ်ယာန်အသင်းတော်များမှ ကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ ဗဟိုကော်မတီဝင် မေဂျာနေလင်းထွန်းက ပဏာမဆုတောင်းပေးပြီး မြန်မာနိုင်ငံကက်သလစ် ဆရာတော်ကြီးများအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဂိုဏ်းအုပ်ဆရာတော် မန်းဂျွန်ဆိန်းယီနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုတို့က ခရစ္စမတ်နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ထို့နောက် မြန်မာနိုင်ငံဗဲပ်ဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်ဥက္ကဋ္ဌ သိက္ခာတော်ရ ဆရာဒေါက်တာအေးမင်းက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်အကြီးအကဲများနှင့် နိုင်ငံသူနိုင်ငံသားများအတွက် မေတ္တာပို့ဆုတောင်းပေးသည်။

ဆက်လက်၍ ခရစ်ယာန်အသင်းတော်ပေါင်းစုံ အဖွဲ့ချုပ်ကြီးများ၏ အထွေထွေအတွင်းရေးမှူးများ ဖြစ်ကြသော သိက္ခာတော်ရ ဒေါက်တာမောရစ်လျံနာ၊ ဒေါက်တာ ယောဟန်၊ မွန်ဆီညော်မောရစ်ညွန့်ဝေတို့က သမ္မာကျမ်းစာကို ဖတ်ကြားကြသည်။

ထို့နောက် မြန်မာနိုင်ငံခရစ်တော်သာသနာပြန့်ပွားမှု ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ချုပ် ဥက္ကဋ္ဌ သိက္ခာတော်ရဆရာ ဦးအောင်သက်ညွန့်က ခရစ္စမတ်ဓမ္မဒေသနာကို ဟောကြားပြီး သိက္ခာတော်ရဆရာ မန်းပါမာစတန်က ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

ထို့နောက် သိက္ခာတော်ရဆရာ ဦးအုန်းမြင့်က ကျေးဇူးတော်ချီးမွမ်းဆုတောင်းပေးပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက "ယေရှုကြွလာတော်မူကျူး" ဓမ္မသီချင်းကို သီဆိုချီးမွမ်းကြသည်။

ယင်းနောက် မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များ ကောင်စီဥက္ကဋ္ဌ သာသနာပိုင်ချုပ်ကြီး စတီဖင်သန်းမြင့်ဦးက ဆုတောင်းကောင်းချီးပေးသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသူများသည် မိတ်သဟာယညစာကို အတူတကွသုံးဆောင်ကြသည်။ ထို့ပြင် ယနေ့အခမ်းအနားတွင် တေးသံရှင် ဖြူဖြူကျော်သိန်း၊ Jesse၊ ဆရာစံပီး၊ စလုကာနှင့် မိုင်ကြည်ကြည်ဝင်းတို့က ဂုဏ်တော်ချီးမွမ်းကြပြီး ခရစ်ယာန်သာသနာအဖွဲ့အစည်းများက သံစုံသီချင်းများ ကျူးဧကြသည်။

သတင်းစဉ်



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ဇနီးဒေါ်ရင်မေနှင့် တာဝန်ရှိသူများ ခရစ်တော်မွေးနေ့ (ခရစ္စမတ်) ကျေးဇူးတော် ချီးမွမ်းခြင်းပွဲတော်နှင့် မိတ်သဟာယ ညစာစားပွဲသို့ တက်ရောက်၍ မေတ္တာပို့ ဆုတောင်းပေးစဉ်။ သတင်းစဉ်

# ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန် EU/IDEA မှ ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဒီဇင်ဘာ ၁၈**

ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ ဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်သည် မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂမှ Dr. Johann Hesse နှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စု လွှတ်တော် (D-ဆောင်) ပထမထပ် အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ဝဲပုံ)**

တွေ့ဆုံစဉ် လွှတ်တော်၏ ကြီးကြပ်စိစစ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကို စွမ်းဆောင်ရည်ပြည့်ဝစွာနှင့် ပိုမိုထိရောက်အောင်မြင်စွာ လုပ်ဆောင်သွားနိုင်ရေး (Parliamentary Oversight for Better Service Delivery) အတွက် EU အထောက်အပံ့ဖြင့် International IDEA မှ ပံ့ပိုးကူညီပေးမည့် ကိစ္စရပ်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စု လွှတ်တော် ပြည်သူ့ငွေစာရင်းပူးပေါင်း ကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်သော ဦးအောင်မင်းနှင့် ဦးစောသန်းထွဋ်၊ ပူးပေါင်းကော်မတီဝင်များ၊ ပူးပေါင်းကော်မတီ၏ အကြံပေးများ၊ International IDEA မှ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ် Mr. Mark Macdowell နှင့် JPAC Support Team အဖွဲ့ဝင်များနှင့် ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၂၁/၂၀၁၈) ကြိမ်မြောက် စည်းဝေး

**နေပြည်တော် ဒီဇင်ဘာ ၁၈**

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၂၁/၂၀၁၈) ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ ကော်မရှင်အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

အဆိုပါ အစည်းအဝေးတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ခွင့်ပြုမိန့်ရရှိပြီးသော ကုမ္ပဏီများမှ တင်ပြလာသည့် အထွေထွေကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ ဦးသောင်းထွန်း၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာသန်းမြင့်နှင့် အဖွဲ့ဝင် ၁၁ ဦး တက်ရောက်ကြသည်။ **သတင်းစဉ်**



# Child Online Protection အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၈**

အပြည်ပြည်ဆိုင်ရာ ကြေးနန်းဆက်သွယ်ရေးအဖွဲ့ချုပ် (ITU) နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် Child Online Protection အလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့က နေပြည်တော်ရှိ M-Gallery Hotel ၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ယနေ့အချိန်တွင် ဆက်သွယ်ရေးနှင့် အင်တာနက်နည်းပညာများ လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာသည့်အတွက် ကလေးသူငယ်များသည် အဆင့်မြင့်စမတ်ဖုန်းများ ကိုင်ဆောင်အသုံးပြု၍ အင်တာနက်မှတစ်ဆင့် ဆက်သွယ်အသုံးပြုလျက်ရှိကြောင်း၊ ထိုသို့ အသုံးပြုမှုများသည် ကလေးသူငယ်များအတွက် တီထွင်ဖန်တီးနိုင်မှုရှိသည့် ပညာရေးစနစ်၏ အခွင့်အရေးအသစ်များကို ရရှိရန် အထောက်အကူဖြစ်စေသကဲ့သို့ Online မှတစ်ဆင့် ခြိမ်းခြောက်အနိုင်ကျင့်မှုများ၊ လိင်ပိုင်းဆိုင်ရာ ခြိမ်းခြောက်မှုအပါအဝင် ကလေးသူငယ်များအတွက် ကြီးမားသော အန္တရာယ်များကိုလည်း ဖြစ်ပေါ်စေနိုင်ကြောင်း၊ ကလေးသူငယ်များအပေါ် ကျရောက်နိုင်သည့် အန္တရာယ်များကို ကာကွယ်ပေးရန်လိုအပ်သကဲ့သို့ ကလေးသူငယ်များ ရရှိနိုင်မည့် အကျိုးကျေးဇူးများကို အဟန့်အတားမဖြစ်စေရေးကိုလည်း မျှတစွာ စဉ်းစားဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ ကြေးနန်းဆက်သွယ်ရေးအဖွဲ့ချုပ် (ITU) မှ ဌာနေကိုယ်စားလှယ် Dr. Syed Ismail Shah က နှုတ်ခွန်းဆက်စကားပြောကြားပြီး ဆွေးနွေးပွဲအကြောင်းအရာအကျဉ်းချုပ်ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများသည် အရွယ်မရောက်သေးသည့် ကလေးသူငယ်များအား အင်တာနက်အွန်လိုင်းနည်းပညာများ အသုံးပြု၍ လိင်အလွဲသုံးစားပြုခြင်းနှင့် အခြားစီးပွားရေးလုပ်ငန်းများတွင် မရိုးဖြောင့်သော ရည်ရွယ်ချက်များဖြင့် ခေါင်းပုံဖြတ်အမြတ်ထုတ်ခြင်းတို့မှ ကာကွယ်နိုင်ရေးနှင့် အသိပညာပေးဆောင်ရွက်နိုင်ရေးတို့အတွက် သက်ဆိုင်ရာကဏ္ဍများအလိုက် ပူးပေါင်းဆောင်ရွက်သွားရမည့်ကိစ္စရပ်များ၊ ချမှတ်ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်များကို ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြသည်။

**သတင်းစဉ်**

# (၁၁)ကြိမ်မြောက် သာသနာ့ဝန်ဆောင်သာမဏေကျော် စာတော်ပြန်ပွဲဖြေဆိုနေသည့် သံဃာတော်များ၊ ရှင်သာမဏေများနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး မိသားစုက နေ့ဆွမ်းဆက်ကပ်လှူဒါန်း



**နေပြည်တော် ဒီဇင်ဘာ ၁၈**

သာသနာ့ဝန်ဆောင်အသင်းက ဦးစီးကျင်းပသည့် (၁၁)ကြိမ်မြောက် သာသနာ့ဝန်ဆောင် သာမဏေကျော်စာပြန်ပွဲကို ဒီဇင်ဘာ ၁၇ ရက်မှ ဒီဇင်ဘာ ၁၉ ရက်အထိ ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်ရှိ တပ်မတော်ဓမ္မာရုံ၊ ရှင်သာမဏေဓမ္မာရုံ၊ မင်္ဂလာဗျူဟာဓမ္မာရုံ စာစစ်ဌာနများတွင် ကျင်းပလျက်ရှိရာ မြန်မာတစ်နိုင်ငံလုံးရှိ သံဃာတော်များ၊ သာမဏေများနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား ယနေ့တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး ဒေါ်ကြူကြူလှ မိသားစုက နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။ **(ယာပုံ)**

**နေ့ဆွမ်းဆက်ကပ်**

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် သံဃာတော်များ၊ ရှင်သာမဏေများနှင့် သာသနာ့နွယ်ဝင်သီလရှင်များ၏ ဖြေဆိုနေမှုများအား လိုက်လံကြည့်ရှုအားပေးကြသည်။ ယင်းနောက် ဗဟန်းမြို့နယ်ရှိ မဟာဝိသုဒ္ဓါရုံ ကျောင်းတိုက်မှ တိုက်ကြပ်ဆရာတော် ဒွိပိဋကဓရပါဠိပါရဂူ ဘဒ္ဒန္တဝဇိရ ပါဏိလင်္ကာရာဘိဝံသ အမှူးပြုသော သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

**လှူဒါန်း**

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ မိသားစုဝင်များနှင့် တပ်မတော်အရာရှိကြီးများက စာဖြေသံဃာတော်များနှင့် ရှင်သာမဏေများအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**



## တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၁၈**

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံသံအမတ်ကြီး H.E. Mr. Christian Lechervy အား ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဗေဿသီရိ ဗိမာန်၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် ပြင်သစ်နိုင်ငံစစ်ဘက်ဆိုင်ရာ ဆက်ဆံရေး၊ ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ အကြမ်းဖက်မှု တိုက်ဖျက်ရေးအတွက် သတင်းဖလှယ်ရေးတို့တွင် ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများ၊ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်နိုင်သည့် အလားအလာနှင့် အခွင့်အလမ်းကောင်းများရှိနေသည့် အခြေအနေများ၊ မြန်မာနိုင်ငံတွင် လာရောက်နေထိုင်၍ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် ပြင်သစ်နိုင်ငံသားများအား ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ပေးလျက်ရှိသည့် အခြေအနေများ၊ သဘာဝပတ်ဝန်းကျင်နှင့် ဇီဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အခြေအနေများ၊ မြန်မာနိုင်ငံတွင် ကျန်းမာရေးနှင့် ပညာရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခြေအနေများအား ဆွေးနွေးခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

## နှစ်ကျိပ်ရှစ်ဆူ ဘုရားများ အပူဇော်ခံ

**အလုံ ဒီဇင်ဘာ ၁၈**

အလုံမြို့နယ် ငုဝါလမ်းရှိ မဟာဗောဓိဆုတောင်းပြည့်ဘုရားဝင်းအတွင်း ကိန်းဝပ်စံပယ်လျက်ရှိတော်မူသော နှစ်ကျိပ်ရှစ်ဆူဘုရားများ (၁၅)ကြိမ်မြောက် ဒေသစာရီကြွချီ အပူဇော်ခံပွဲ အခမ်းအနားကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ဒီဇင်ဘာ ၁၆ ရက်က မြို့နယ်အတွင်းရပ်ကွက်များသို့ အပူဇော်ခံလှည့်လည်ခဲ့ကြောင်း သိရသည်။

**တင်ဝင်းလေး (ကြည့်မြင်တိုင်)**

## ဒုတိယကမ္ဘာစစ်၏ စစ်စခန်းများ ခရီးသွားများ ကြည့်ရှုနိုင်ရေး ပြန်လည်ဖော်ထုတ်ရန်စီစဉ်

**ပဲခူး ဒီဇင်ဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာခန်းမ၌ ဒီဇင်ဘာ ၁၈ ရက် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်ကတောင်ငူခရိုင် ရေတာရှည်မြို့နယ် နန်ချွန်ကျေးရွာအနီး ဒုတိယကမ္ဘာစစ်၏ စစ်စခန်းများအား ခရီးသွားပြည်သူများ ကြည့်ရှုနိုင်ရေး ပြန်လည်ဖော်ထုတ်ရန် တွေ့ဆုံပွဲ ကျင်းပသည်။

ရှေးဦးစွာ TRC/MHVTi သက်မွေးပညာသင်တန်းကျောင်း အုပ်ချုပ်မှုဒါရိုက်တာ ဦးကျော်ကျော်ဆင့်က တောင်ငူခရိုင် ရေတာရှည်မြို့နယ် နန်ချွန်ကျေးရွာအနီးရှိ ဒုတိယကမ္ဘာစစ်အတွင်း အသုံးပြုခဲ့သည့် စစ်စခန်းများ၊ ဘန်ကာများ ပြန်လည်ဖော်ထုတ်ခြင်းနှင့် သဘာဝအခြေခံ အပန်းဖြေဥယျာဉ်တို့ တည်ဆောက်ခြင်းအားဖြင့် ပြည်တွင်း ပြည်ပ ခရီးသွားများ လာရောက်လည်ပတ်နိုင်စေရန် 2nd World War Memorial Park and Resort ကို ရှင်းလင်းတင်ပြရခြင်း ဖြစ်ပါကြောင်း၊ ပထမအဆင့်အနေဖြင့် ယာဉ်ရပ်နားစခန်းများ၊ ဒေသခံပြည်သူများအတွက် အသက်မွေးပညာသင်တန်းကျောင်းများ၊ ခရီးသွားများ တည်းခိုရန် မိုတယ်နှင့် စားသောက်ဆိုင်များကိုလည်းကောင်း၊ ဒုတိယအဆင့်အနေဖြင့် ဒုတိယကမ္ဘာစစ်အတွင်း အသုံးပြုခဲ့သည့် စစ်စခန်း၊ ဘန်ကာများ ပြန်လည်ဖော်ထုတ်ခြင်း၊ အပန်းဖြေဥယျာဉ်များ တည်ဆောက်ခြင်းကိုလည်းကောင်း၊ တတိယအဆင့်အနေဖြင့် အဆင့်မြင့်ဂေါက်ကွင်း၊ ဆင်စခန်း၊ မြင်းစခန်းနှင့် သဘာဝအခြေခံသီးနှံစိုက်ခင်းများ တည်ဆောက်ခြင်းကို လည်းကောင်း ပါဝါပွိုင့်ဖြင့် အသေးစိတ် ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပထမအဆင့်တွင် ဒုတိယကမ္ဘာစစ်အတွင်း အသုံးပြုခဲ့သည့် လေယာဉ်ပြေးလမ်း ဖော်ထုတ်ခြင်း၊ အသက်မွေးပညာသင်တန်းကျောင်းအား ဒေသခံပြည်သူများအတွက် အခွင့်အရေးတစ်ရပ်အနေဖြင့် သင်ကြားပေးရန်နှင့် မိမိတို့အစိုးရအဖွဲ့မှလည်း လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ပြောကြားပြီးနောက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးတိုးဝင်းက မြေရာဇဝင်အား အမြန်ဆုံး စိစစ်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

အဆိုပါ 2nd World War Memorial Park and Resort တည်ဆောက်ခြင်းဖြင့် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ခြင်း၊ ပြည်တွင်း ပြည်ပ ခရီးသွားများအား ဆွဲဆောင်မှုအကောင်းဆုံးသော အမှတ်တရ အပန်းဖြေစခန်းတစ်ခု၊ ဒုတိယကမ္ဘာစစ်အတွင်း၌ သုံးစွဲခဲ့သည့် စစ်စခန်း၊ ဘန်ကာများသည် ဂျပန်နိုင်ငံနှင့် တရုတ်(ထိုင်ဝမ်)တို့အတွက် အထူးစိတ်ဝင်တစား လာရောက်လည်ပတ်နိုင်သည့် နေရာတစ်ခုဖြစ်လာစေရန်နှင့် တိုင်းပြည်အတွက် နိုင်ငံခြားဝင်ငွေတစ်ခု ရရှိလာနိုင်စေရန် ရည်ရွယ်ဆောင်ရွက်ခြင်း ဖြစ်ကြောင်း သိရသည်။

တွေ့ဆုံပွဲသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ အစိုးရအဖွဲ့ အတွင်းရေးမှူး၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၊ TRC/MHVTi သက်မွေးပညာသင်တန်းကျောင်း အုပ်ချုပ်မှု ဒါရိုက်တာ ဦးကျော်ကျော်ဆင့်နှင့် TRC/MHVTi သက်မွေးပညာသင်တန်းကျောင်း ကျောင်းအုပ်ကြီး ဒေါ်မေသဇင်တို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဟိန်းထက်(ပဲခူး)**

## ဟန်ကျိုးမြို့သို့ တိုက်ရိုက်ခရီးစဉ်စတင်ပြေးဆွဲ

**ရန်ကုန် ဒီဇင်ဘာ ၁၈**

ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ် (YIA) မှ ခရီးသည်များအတွက် ရန်ကုန်မြို့မှ တရုတ်နိုင်ငံ ဟန်ကျိုးမြို့သို့ Sichaun Airlines ဖြင့် တစ်ပတ်လျှင် သုံးကြိမ် တိုက်ရိုက်ချိတ်ဆက်ပျံသန်းမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ခရီးစဉ်သစ်အတွက် Sichuan Airlines မှ ခရီးသည် ဦးရေ ၁၈၀ သယ်ဆောင်နိုင်သည့် Airbus A320 လေယာဉ်ဖြင့် တစ်ပတ်လျှင် သုံးကြိမ် ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ သတင်းထုတ်ပြန်ထားသည်။

ယမန်နေ့က စတင်ဖွင့်လှစ်ခဲ့သော ရန်ကုန်-ဟန်ကျိုး ခရီးစဉ်သစ်သည် Sichuan Airlines ၏ နိုဝင်ဘာလက စတင်ပြေးဆွဲခဲ့သော ရန်ကုန်-ရှီအန်း ခရီးစဉ်အပြီး ရန်ကုန်နှင့် တရုတ်နိုင်ငံအကြား ချိတ်ဆက်ပျံသန်းသော ဒုတိယမြောက် ခရီးစဉ်ဖြစ်ကြောင်း သိရှိရသည်။

**သွန်းဝသန်**



# တရားဝင်ကုန်သွယ်မှု၊ ငွေကြေးလဲလှယ်မှုများနှင့် အခွန် ကောက်ခံမှုများကို စနစ်တကျဖော်ဆောင်ရန် လိုအပ်

**နေပြည်တော် ဒီဇင်ဘာ ၁၈**
ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဒသမနေ့ကို ယနေ့ နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးစောသန်းထွဋ်က **ကော်မတီ၏လပေါင်း ၃၀ လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာ**ကို ဖတ်ကြားတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်က အဆိုပါ အစီရင်ခံစာကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ယင်းနောက် လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော ၂၀၁၇ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကြမ်း၏ အပိုဒ်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီ တွဲဖက်အတွင်းရေးမှူး ဒေါက်တာမြတ်ညဏစိုးက အဆိုတင်သွင်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြပြီး တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏အဆုံးအဖြတ် ရယူအတည်ပြုသည်။

## ပြည်ပနိုင်ငံများသို့ ပေးချေနေရသော ငွေကြေးကုန်ကျစရိတ်များအား လျှော့ချသွားနိုင်မည်ဖြစ်

ဆက်လက်၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက သတင်းအချက်အလက်ဗဟိုဌာနကြီး တည်ဆောက်ခြင်း စီမံကိန်း ဆောင်ရွက်ရန်အတွက် ကိုရီးယားသမ္မတနိုင်ငံ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး ရန်ပုံငွေထံမှ ချေးငွေအမေရိကန်ဒေါ်လာ ၉၃ ဒသမ ၇၇၉ သန်း ရယူရန်ကိစ္စ**နှင့် စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် သတင်းအချက်အလက်ဗဟိုဌာနကြီးဖြစ်သော e-Government Integrated Data Center (e - GIDC) တွင် မြန်မာနိုင်ငံ၏ ကိုယ်ပိုင် Cloud အား တည်ဆောက်သွားမည်ဖြစ်သောကြောင့် မိမိနိုင်ငံ၏သတင်းအချက်အလက်များအား ပြည်ပနိုင်ငံများ၌ သွားရောက်ထားရှိရန် မလိုအပ်တော့ဘဲ မိမိနိုင်ငံအတွင်း၌သာ ထားရှိသွားနိုင်မည်ဖြစ်ပါကြောင်း၊ထိုသို့ မိမိနိုင်ငံ၏ သတင်းအချက်အလက်များ ပြည်ပနိုင်ငံများ၌ ထားရှိနေရခြင်းမှ အကာအကွယ်ပေးနိုင်မည်ဖြစ်သောကြောင့် နိုင်ငံ၏လုံခြုံရေး ပိုမိုကောင်းမွန်စေမည့်အပြင် ပြည်ပနိုင်ငံများသို့ ပေးချေနေရသော ငွေကြေးကုန်ကျစရိတ်များအား လျှော့ချသွားနိုင်မည်ဖြစ်ပါသဖြင့် နိုင်ငံတော်အတွက် ကုန်ကျစရိတ် သက်သာစေမည်ဖြစ်ပါကြောင်း။

သတင်းအချက်အလက်ဗဟိုဌာန (e – GIDC) အား အုပ်ချုပ်ရေးအချက်အချာကျသည့် နေပြည်တော်တွင် တည်ဆောက်သွားမည်ဖြစ်ပြီး သဘာဝဘေးအန္တရာယ်ကြောင့် အချက်အလက်များ ပျက်စီးဆုံးရှုံးမှုမှ ကာကွယ်ရန် ကီလိုမီတာ ၄၀၀ ကျော်ရှိ သန်လျင်မြို့နယ်တွင် Disaster Recovery Center (DRC) တစ်ခုအား တစ်ပါတည်းတည်ဆောက်သွားမည် ဖြစ်ပါကြောင်း။

သတင်းအချက်အလက်ဗဟိုဌာန (e- GIDC) တည်ဆောက်ပြီးစီးချိန်တွင် နိုင်ငံသားများသည် ပိုမိုကောင်းမွန်သည့် e-Government ၏ အသီးအပွင့်များအား ခံစားသွားနိုင်မည်ဖြစ်ပါကြောင်း၊ e -GIDC မှ Online payment, Taxation, e-Mail, e-ID, e-Visa, One-stop-services, Online news, Instant message အစရှိသည့် e-Government Service များအား လုံခြုံစွာနှင့် လွယ်ကူမြန်ဆန်စွာ ၂၄ နာရီ ၇ ရက်ပတ်လုံး ဝန်ဆောင်မှုပေးသွားနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် e-Government ၏ အသီးအပွင့်များအား ပြည်သူများမှ အမြန်ဆုံး ခံစားနိုင်စေရန်အတွက် e-Government Integrated Data Center (e-GIDC) ကို အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရန် လိုအပ်မည်ဖြစ်ပါကြောင်း။

e-Government လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်းအားဖြင့် နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရေးကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်သောကြောင့် ကိုရီးယားသမ္မတနိုင်ငံ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး ရန်ပုံငွေမှ ချေးငွေအမေရိကန် ဒေါ်လာ ၉၃ ဒသမ ၇၇၉ သန်းရယူရန်ကိစ္စနှင့်ပတ်သက်၍ လွှတ်တော်မှ အတည်ပြုပေးပါရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။



ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်

အဆိုပါ ကိစ္စနှင့်စပ်လျဉ်း၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ဆက်လက်ဆွေးနွေးရာတွင် ဝန်ကြီးဌာနအနေဖြင့် ယခုချေးငွေ စီမံကိန်းအတွက် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရရှိသည့်အခါ ချေးငွေစာချုပ်ချုပ်ဆိုနိုင်ရန် ဆက်လက်ဆောင်ရွက်ခြင်း၊ ချေးငွေထုတ်ယူသုံးစွဲမှုအပေါ်တွင် စောင့်ကြည့်ကြပ်မတ်ပေးခြင်း၊ ချေးငွေအတိုးအရင်းပေးဆပ်မှုများအတွက် ကြပ်မတ်ဆောင်ရွက်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယကက အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ စက်ခလုတ်အသုံးပြု၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ထောက်ခံမဲ ၄၅၃မဲ၊ ကန့်ကွက်မဲ ကိုးမဲ၊ ကြားနေမဲ နှစ်မဲဖြင့် ထောက်ခံမဲများသဖြင့် လွှတ်တော်က သဘောတူ အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် **ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ၂၀၁၇ - ၂၀၁၈၊ ဘဏ္ဍာရေးနှစ် အစိုးရ၏ ကြွေးမြီဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာနှင့် ၎င်းအစီရင်ခံစာအပေါ် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ (၁၀/၂၀၁၈)**တို့နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

## ချေးငွေရယူခြင်းနှင့်ဆိုင်သည့် မူဝါဒအတိအကျချမှတ်ကျင့်သုံးရန်နှင့် အကောင်အထည်ဖော်ခြင်းဖြစ်မြောက်မှုကို အဓိက စဉ်းစားရန် လိုအပ်

ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်... 

ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာသက်သက်ခိုင် က အနာဂတ်တွင် တိုင်းပြည်၏ ဘဏ္ဍာငွေလိုအပ်မှုအခြေအနေကို ခန့်မှန်းရန်ခက်ခဲပြီး မမျှော်မှန်းနိုင်သည့်အချိန်တွင် မဖြစ်မနေလိုအပ်၍ ပြည်ပကြွေးမြီယူခဲ့ရပါက အတိုးကြီးမြင့်စွာဖြင့် ရယူခြင်းများ ပေါ်ပေါက်လာနိုင်သည့်အတွက် လက်ရှိကြွေးမြီခံနိုင်ရည်ရှိမှု အခြေအနေကို ဆက်လက်ထိန်းသိမ်းထားပြီး ချေးငွေရယူခြင်းနှင့်ဆိုင်သည့် မူဝါဒအတိအကျချမှတ်ကျင့်သုံးရန်နှင့် အကောင်အထည်ဖော်ခြင်းဖြစ်မြောက်မှုကို အဓိကစဉ်းစားရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

အဆိုပါ အစီရင်ခံစာနှင့်စပ်လျဉ်း၍ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဝင်းမောင်၊ ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီး၊ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာ စောနိုင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်း၊ ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်း၊ ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်း၊ တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး မျိုးထွန်းအောင်၊ ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်နှင့် အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို တို့က ဆက်လက်ဆွေးနွေးကြသည်။

ဆက်လက်၍ **ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့၏ ခြောက်လတာကာလအတွင်း လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာ**နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

မင်းဘူး မဲဆန္ဒနယ်မှ ဦးဝင်းဝင်းက ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့သို့ တင်ပြလာသည့် တိုင်ကြားစာများကို စနစ်တကျသေချာစိစစ်၍ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်ရာတွင် အားကောင်းသည့် ဝန်ကြီးဌာနရှိသကဲ့သို့ အားနည်းသည့်အဖွဲ့အစည်းများလည်း ရှိနေသည်ကို ပွင့်ပွင့်လင်းလင်းတင်ပြထားခြင်း ရှိပါကြောင်း၊ ထို့ကြောင့် နောင်အစီရင်ခံစာများတွင် ပူးပေါင်းမှုအားနည်းသည့် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များကို မည်သည့်ဌာန၊ မည်သည့်အဖွဲ့အစည်းများဖြစ်သည်ကို ပြည်သူများနှင့် လွှတ်တော်ကိုယ်စားလှယ်များသိရှိအောင် တင်ပြပေးပါရန် အကြံပြုတိုက်တွန်းအပ်ပါကြောင်း ပြောကြားသည်။

ယင်းအစီရင်ခံစာနှင့် စပ်လျဉ်း၍ ညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းမြင့်ဦး (ခေါ် ) ဦးနေမျိုး၊ ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးဉာဏ်လင်းနှင့် စလင်းမဲဆန္ဒနယ်မှ ဦးကံဦးတို့က ဆက်လက်ဆွေးနွေးကြသည်။

ထို့နောက် **ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းနှစ်ပတ်လည်အစီရင်ခံစာနှင့် စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ (၁၃/၂၀၁၈)** အပေါ် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

## နယ်စပ်ကုန်သွယ်ရေးဇုန်များကို စနစ်တကျမြှင့်တင်ပေးရန် လိုအပ်

ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါ်နော်ခရစ္စထွန်း(ခ) ဒေါက်တာအားကာမိုးက ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် လိုငွေကို အမေရိကန်ဒေါ်လာ သန်း ၁၀၀၀ ရည်မှန်းခဲ့သော်လည်း အမေရိကန်ဒေါ်လာ သန်း ၃၉၀၀ ဖြစ်ပေါ်ခဲ့ပါကြောင်း၊ မိမိတို့နိုင်ငံ၏ ကုန်သွယ်မှုပမာဏသည် Initial Trading ထက် Border Trading တွင်သာ ရှိနေပါကြောင်း၊ ထို့ကြောင့် နယ်စပ်ကုန်သွယ်ရေးဇုန်များကို စနစ်တကျမြှင့်တင်ပေးရန် လိုအပ်ပါကြောင်း၊ ပို့ကုန်မြှင့်တင်ရေးမူဝါဒချမှတ် အကောင်အထည်ဖော်ရန် လိုအပ်ပါကြောင်း၊ တရားဝင်ကုန်သွယ်မှု၊ ငွေကြေးလဲလှယ်မှုများနှင့် အခွန်ကောက်ခံမှုများကို စနစ်တကျ ဖော်ဆောင်ရန် လိုအပ်ပါကြောင်း၊ နိုင်ငံ၏ စီးပွားရေးတွင်အဓိကျပြီး လိုငွေပြနေသည့် နယ်စပ်ကုန်သွယ်ရေးအားလုံးကို စနစ်တကျအောင်မြင်စွာဖြင့် ကုန်သွယ်မှုလိုငွေလျှော့ချနိုင်ရန် စီမံဆောင်ရွက်သင့်ပါကြောင်း တိုက်တွန်းဆွေးနွေးသည်။

ယင်းအစီရင်ခံစာအပေါ် ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဝေစိန်အောင်၊ တနင်္သာရီတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၇)မှ ဦးဇော်ဟိန်း၊ ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ဦးသန့်ဇင်ထွန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဇုန်လှယ်ထန်း၊ အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဝေ့တင်း၊ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးခင်မျိုးဝင်း၊ ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်း၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးထွန်းထွန်းဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄)မှ ဦးသန်းစိုး (ခေါ် ) သန်းစိုး (ဘောဂဗေဒ)၊ ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုးနှင့် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးအောင်မျိုးလတ်တို့က ဆက်လက်ဆွေးနွေးကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ဒီဇင်ဘာ ၂၁ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ အေးအေးသန့် (သတင်းစဉ်)**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး ရခိုင်ပြည်နယ် စစ်တွေမြို့သို့ လာရောက်လေ့လာ

**စစ်တွေ ဒီဇင်ဘာ ၁၈**
မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး H.E. Mr.Manjurel Karim Khan Chowdhury ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ရောက်ရှိပြီး ဓမ္မသုခကျောင်းတိုက်ဆရာတော်၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌတို့နှင့် သီးခြားစီတွေ့ဆုံသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် နံနက်ပိုင်းတွင် စစ်တွေမြို့ရှိ ဓမ္မသုခကျောင်းတိုက်သို့ သွားရောက်ပြီး ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တသောမနှင့် တွေ့ဆုံကာ သာသနာတော်ဆိုင်ရာများ မေးမြန်းလျှောက်ထားပြီး ဆရာတော်က ဗြဟ္မစိုရ်တရားလေးပါးကို ရှင်းလင်းဟောကြားခဲ့သည်။

ထို့နောက် သံအမတ်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် နံနက် ၁၁ နာရီတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် လည်းကောင်း၊ **(ယာပုံ)** မွန်းတည့် ၁၂ နာရီတွင် ရခိုင်ပြည်နယ်လွှတ်တော်အဆောက်အအုံ ဧည့်ခန်းမ၌ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစံကျော်လှနှင့် လည်းကောင်း တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် နယ်စပ်ဒေသများတွင် ကုန်သွယ်ရေးနှင့် စီးပွားရေးကဏ္ဍများ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ပူးပေါင်းဆောင်ရွက်ရေး၊ ရခိုင်ပြည်နယ်အတွင်းမှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီးသည် အဖွဲ့ဝင်များနှင့်အတူ စစ်တွေမြို့ ချောင်းနွေမင်းဂံကျေးရွာရှိ ဘင်္ဂလားဒေ့ရှ်နိုင်ငံအစိုးရမှ ဆောက်လုပ်လှူဒါန်းထားသည့် မုန်တိုင်းဒဏ်ခံအဆောက်အအုံ (Cyclone Shelter) ကို သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။



**သတင်း- မော်စီ၊ ကိုမင်း**
**ဓာတ်ပုံ- တင်စိုး**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော်  ဒီဇင်ဘာ  ၁၈**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာချာလီသန်း ဦးဆောင်သောအဖွဲ့နှင့် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ **(ဝဲပုံ)**

တွေ့ဆုံစဉ် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၏ အခန်းကဏ္ဍကို ပြည်သူများ သိရှိနိုင်ရန်အတွက် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်သွားလိုသည့် ကိစ္စရပ်များ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီအနေဖြင့် Engineering ဘာသာရပ်များ သင်ကြားပေးသည့် တက္ကသိုလ်များကို အာရှပစိဖိတ်အဆင့်အထိ ရောက်ရှိစေရန် ကြိုးပမ်းဆောင်ရွက်နေမှုနှင့် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၏ (၅)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနား ကျင်းပရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

## ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအတွင်း မြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန် အခြေအနေ

**နေပြည်တော်  ဒီဇင်ဘာ  ၁၈**

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလအတွက် မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၁၅၇ ဒသမ ၂၆ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၅၇ ဒသမ ၇၂ သန်းနှင့် စုစုပေါင်း ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၆၁၄ ဒသမ ၉၈ သန်း ဖြစ်ပါသည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၃၇၈ ဒသမ ၉၆ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၄၉ ဒသမ ၃၈ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၆၂၈ ဒသမ ၃၄ သန်းဖြစ်သည်။ သို့ဖြစ်၍ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလအတွက် စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၃၂၄၃ ဒသမ ၃၂ သန်းဖြစ်ပြီး စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၃၆ သန်းဖြစ်ပေါ်ခဲ့သည်။

၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၆၀၉၂ ဒသမ ၃၉ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၇၂၈ ဒသမ ၈၇ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၈၈၂၁ ဒသမ ၂၆ သန်း တင်ပို့နိုင်ခဲ့သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၃၈၁ ဒသမ ၃၆ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၄၇၇ ဒသမ ၉၆ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉၈၅၉ ဒသမ ၃၂ သန်းဖြစ်သဖြင့် ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအတွင်း စုစုပေါင်းကုန်သွယ်မှုပမာဏမှာ ၁၈၆၈၀ ဒသမ ၅၈ သန်းဖြစ်ပြီး ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၁၀၃၈ ဒသမ ၀၆ သန်းဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန် အခြေအနေ အစီရင်ခံစာအရ သိရှိရသည်။

**သတင်းစဉ်**

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော်  ဒီဇင်ဘာ  ၁၈**

ထူးခြားသည့် ညအပူချိန်များမှာ တွန်းဇံမြို့တွင် ၈ ဒီဂရီစင်တီဂရိတ်၊ ဟဲဟိုးမြို့တွင် ၉ ဒီဂရီစင်တီဂရိတ်နှင့် လွိုင်လင်မြို့တွင် ၁၀ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ တမူးမြို့နှင့် ကော့သောင်းမြို့တို့တွင် ၀ ဒသမ ၁၂ လက်မစီနှင့် မိုးညှင်းမြို့၊ တီးတိန်မြို့၊ တွန်းဇံမြို့နှင့် ဟုမ္မလင်းမြို့တို့တွင် ၀ ဒသမ ၀၈ လက်မစီတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် စာတတ်သူတိုင်းစာဖတ်ရေး လှုပ်ရှားမှုအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်နေမှုများ ကြည့်ရှုစစ်ဆေး

**နေပြည်တော်  ဒီဇင်ဘာ  ၁၈**

**“စာတတ်သူတိုင်းစာဖတ်ရေး”**လှုပ်ရှားမှု အခမ်းအနားကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂၌ ဒီဇင်ဘာ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် ကျင်းပသွားမည်ဖြစ်ရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်နေမှုများကို ယနေ့ ညနေ ၄ နာရီတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် စာတတ်သူတိုင်းစာဖတ်ရေးလှုပ်ရှားမှု အခမ်းအနားတွင် ပြသမည့် ရှေ့လျားစာကြည့်တိုက် ယာဉ်များနှင့် အဆိုပါယာဉ်ပေါ်တွင် စာအုပ်များထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စာတတ်သူတိုင်းစာဖတ်ရေးလှုပ်ရှားမှု အခမ်းအနားတွင် ခင်းကျင်းပြသမည့် ပြခန်းများ ပြင်ဆင်ထားရှိမှု၊ ဖွင့်ပွဲအခမ်းအနား ကျင်းပရန် ပြင်ဆင်ထားရှိမှု၊ စာအုပ်များ ပြင်ဆင်ထားရှိမှု၊ တွေ့ဆုံဆွေးနွေးခန်းများ ပြင်ဆင်ထားရှိမှု၊ နေ့လယ်စာတည်ခင်းရန် ပြင်ဆင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

**“စာတတ်သူတိုင်း စာဖတ်ရေး အားလုံးပါဝင်ကူညီပေး”** ခေါင်းစဉ်ဖြင့် နှစ်ရက်တာ ကျင်းပသွားမည့် စာတတ်သူတိုင်း စာဖတ်ရေးလှုပ်ရှားမှု အခမ်းအနားကို မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာတတ်မြောက်သူတိုင်း စာပေဖတ်ရှုသည့် အလေ့အထကောင်းများ ပိုမိုတိုးတက်လာစေရေးအတွက် အားပေးလှုံ့ဆော်သည့်အနေဖြင့် ရည်ရွယ်ကျင်းပခြင်း ဖြစ်သည်။

စာတတ်သူတိုင်း စာဖတ်ရေး လှုပ်ရှားမှု အခမ်းအနားတွင် ဆွေးနွေးပွဲများနှင့် စာတမ်းဖတ်ကြားခြင်းများကို ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ပြီး စိတ်ပါဝင်စားသူ မည်သူမဆို လာရောက်လေ့လာနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**



## ပြန်ကြားရေးနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတို့ အားကစားမြှင့်တင်ရေး ပူးပေါင်းဆောင်ရွက်ရန်ဆွေးနွေး

**နေပြည်တော်  ဒီဇင်ဘာ  ၁၈**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်နှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ တွေ့ဆုံပြီး **(ယာပုံ)** ပြည်သူများအကြား အားကစားဗဟုသုတပြန့်ပွားရေးနှင့် အားကစားလိုက်စားမှု မြှင့်တင်ရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအဆင့် ကျင်းပသည့် အားကစားပြိုင်ပွဲများကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေး၊ မြန်မာမီဒီယာများအနေဖြင့် နိုင်ငံတကာအိုလံပစ်ကော်မတီနှင့် ချိတ်ဆက်၍ အားကစား မီဒီယာဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့်အတူ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။

**သတင်းစဉ်**



## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော်  ဒီဇင်ဘာ  ၁၈**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ကိုးပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ဆွေးနွေးပွဲမှာ ပြည်သူတွေ စာဖတ်တဲ့အလေ့အထတွေ ပေါ်ပေါက်လာဖို့အတွက် ကြုံတွေ့နေရတဲ့အခက်အခဲနဲ့ ကျော်လွှားနိုင်မယ့် နည်းလမ်းတွေကို တက်ရောက်လာတဲ့ စာကြည့်တိုက်မှူးတွေ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးက တက်ရောက်လာတဲ့ပုဂ္ဂိုလ်တွေနဲ့ ဆွေးနွေးပြီးတော့ အဖြေရှာကြမှာဖြစ်ပါတယ်။

ဦးအေးကြွယ်(ဒုတိယညွှန်ကြားရေးမှူးချုပ်)

စာတတ်သူတိုင်း စာဖတ်ရေး အားလုံးပါဝင်ကူညီပေး ခေါင်းစဉ်ဖြင့် စာတတ်သူတိုင်းစာဖတ်ရေး လှုပ်ရှားမှုအခမ်းအနားကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ဒီဇင်ဘာ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် ကျင်းပသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာတတ်မြောက်သူတိုင်း စာပေဖတ်ရှုသည့် အလေ့အထကောင်းများ ပိုမိုတိုးတက်လာစေရေးအတွက် အားပေးလှုံ့ဆော်သည့်အနေဖြင့် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

အဆိုပါ အခမ်းအနားတွင် ပြခန်းများပါဝင်ပြသမည့်အခြေအနေ၊ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် အခြေအနေတို့ကို သက်ဆိုင်ရာတာဝန်ရှိများနှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်။



ဦးအေးကြွယ်(ဒုတိယညွှန်ကြားရေးမှူးချုပ်)
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန



ဒေါ်စောနန်းနွယ်(ညွှန်ကြားရေးမှူး)
အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန



ဒေါ်သန္တာထွေး(ညွှန်ကြားရေးမှူး)
လူမှုဝန်ထမ်းဦးစီးဌာန



ဒေါက်တာလှိုင်လှိုင်ကြီး(စာကြည့်တိုက်မှူး)
ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်



ဒေါ်သစ်သစ်ခိုင်(ဒုတိယညွှန်ကြားရေးမှူး)
အခြေခံပညာဦးစီးဌာန

**ဦးအေးကြွယ်(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန**

စာတတ်သူတိုင်း စာဖတ်ရေးလှုပ်ရှားမှု အခမ်းအနားကို ဒီဇင်ဘာ ၂၀ ရက်မှာ စတင်ကျင်းပမှာဖြစ်ပါတယ်။ အခုဆိုရင် ဒီပွဲတော်ကြီး အောင်မြင်စွာ ကျင်းပဖို့ ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းတွေ စတင်ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ ဒီအခမ်းအနားမှာ ပြခန်းပေါင်း ၃၆ ခန်း ခင်းကျင်းပြသမှာဖြစ်ပါတယ်။ ဒီလိုခင်းကျင်းပြသတဲ့ ပြခန်းတွေမှာ မြန်မာနိုင်ငံမှာ စာတတ်မြောက်ရေးလှုပ်ရှားခဲ့တဲ့ သမိုင်းကြောင်းတွေပါမယ်။ ရှေးဟောင်း သမိုင်းဝင် ပေစာ၊ ပုရပိုက်စာတွေနဲ့ ရှားပါးစာအုပ်တွေလည်း ခင်းကျင်းပြသမှာ ဖြစ်ပါတယ်။

ပြီးတော့ ပြည်သူတွေ စာဖတ်တဲ့ အလေ့အထ ပေါ်ပေါက်လာအောင် ခေတ်အဆက်ဆက်က ကြိုးပမ်းဆောင်ရွက်ခဲ့တဲ့ သမိုင်းတွေလည်း ပြသမှာဖြစ်ပါတယ်။ ဒီပြခန်း ၃၆ ခန်းကလည်း ခင်းကျင်းပြသဖို့ ပြင်ဆင်နေပြီ ဖြစ်ပါတယ်။ ဒီပွဲတော်မှာ ဆွေးနွေးပွဲ ငါးပွဲပါဝင်မှာဖြစ်ပြီးတော့ စာတမ်းသုံးစောင် ဖတ်ကြားသွားမှာ ဖြစ်ပါတယ်။ အခုဆိုရင် အခမ်းအနား စတင်ကျင်းပဖို့အတွက် အားလုံးအဆင်သင့် ဖြစ်နေပြီလို့ ပြောလို့ရပါတယ်။

ဒီဇင်ဘာ ၂၀ ရက် နံနက် ၉ နာရီမှာ ဖွင့်ပွဲအခမ်းအနားစတင်မှာ ဖြစ်ပါတယ်။ ဖွင့်ပွဲအခမ်းအနားကို အပိုင်းနှစ်ပိုင်းနဲ့ ကျင်းပမှာ ဖြစ်ပါတယ်။ အခမ်းအနား အပိုင်း(၁)အနေနဲ့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် တက်ရောက်ပြီး အဖွင့်အမှာစကား ပြောကြားမှာ ဖြစ်ပါတယ်။ အစီအစဉ် ဒုတိယပိုင်းမှာတော့ မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ စာကြည့်တိုက်တွေထဲကမှ ဆန်းသစ်တီထွင်မှု အကောင်းဆုံးသော စာကြည့်တိုက် ၂၀ ကို ရွေးချယ်ပြီးတော့ ဆုများပေးအပ် ချီးမြှင့်သွားပါမယ်။ ပြန်ကြားရေးဝန်ကြီး၊ ပညာရေးဝန်ကြီးနဲ့ စာကြည့်တိုက်မှူးတွေကလည်း အမှာစကား ပြောကြားမှာဖြစ်ပါတယ်။ ပြီးရင်တော့ ဒီမှာ ခင်းကျင်းပြသထားတဲ့ ပြခန်းတွေကိုလှည့်လည်ကြည့်ရှုအားပေးမှာ ဖြစ်ပါတယ်။

နေ့လယ်ပိုင်းအစီအစဉ်တွေမှာတော့ MB-APF နဲ့ Ooredoo တို့က MoU လက်မှတ်ရေးထိုးပါမယ်။ Ooredoo က စာကြည့်တိုက်ပေါင်း ၁၅၀ ကို Unlimited Data အသုံးပြုခွင့်ပေးတဲ့ ထောက်ပံ့မှုတွေပါတယ်။ ကျေးရွာစာကြည့်တိုက်တွေ၊ Community စာကြည့်တိုက်တွေ ထောက်ပံ့မှုတွေအတွက် ဒီပွဲမှာ MoU လက်မှတ်ရေးထိုးသွားမှာ ဖြစ်ပါတယ်။

ပြီးရင် ဆွေးနွေးပွဲသုံးခုကျင်းပမှာ ဖြစ်ပါတယ်။ လူထုအခြေပြု စာကြည့်တိုက်တွေကနေ လူထုအခြေပြုစင်တာတွေ ဖြစ်ပေါ်လာအောင် ပြောင်းလဲဆောင်ရွက်ရမယ့် ကိစ္စရပ်တွေကို ဆွေးနွေးမှာ ဖြစ်ပါတယ်။ လူတိုင်းစာပေဖတ်ရှုဖို့အတွက် စာဖတ်တဲ့အလေ့အထတွေ ပေါ်ပေါက်လာအောင် ဆွေးနွေးကြမှာ ဖြစ်ပါတယ်။

ဒီဇင်ဘာ ၂၁ ရက်နေ့မှာတော့ စာတမ်းသုံးစောင် ဖတ်ကြားမှာ ဖြစ်ပါတယ်။ ဆွေးနွေးပွဲနှစ်ခုကျင်းပမှာ ဖြစ်ပါတယ်။ အဲဒါကတော့ ကျောင်းစာကြည့်တိုက်တွေနဲ့ ပတ်သက်တဲ့ ကိစ္စဖြစ်ပါတယ်။ လူတွေစာဖတ်ဖို့ အလေ့အထတွေ ပြန့်ပွားဖို့ဆိုရင် အခြေခံအကျဆုံးလုပ်ငန်းက ကျောင်းစာကြည့်တိုက်တွေ ဖွံ့ဖြိုးတိုးတက်ဖို့လိုပါတယ်။ လူငယ်တွေ စာကြည့်တိုက်ကို အသုံးပြုဖို့လည်း လိုပါတယ်။ လူငယ်တွေ စာကြည့်တိုက် ယဉ်ကျေးမှုနဲ့ စာကြည့်တိုက်အသုံးပြုတဲ့ ဓလေ့တွေ ပြန့်ပွားလာအောင် စာတမ်းတွေကို တစ်ဖက်က ဖတ်ရှုရမှာ ဖြစ်သလို တစ်ဖက်ကလည်း စာဖတ်ရှိန်မြှင့်တင်ဖို့အတွက် လိုအပ်နေတဲ့ အချက်အလက်တွေကို စာတမ်းဖတ်ကြားမှာ ဖြစ်ပါတယ်။

ဆွေးနွေးပွဲမှာ ပြည်သူတွေ စာဖတ်တဲ့ အလေ့အထတွေ ပေါ်ပေါက်လာဖို့အတွက် ကြုံတွေ့နေရတဲ့ အခက်အခဲနဲ့ ကျော်လွှားနိုင်မယ့် နည်းလမ်းတွေကို တက်ရောက်လာတဲ့ စာကြည့်တိုက်မှူးတွေ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးက တက်ရောက်လာတဲ့ ပုဂ္ဂိုလ်တွေနဲ့ ဆွေးနွေးပြီးတော့ အဖြေရှာကြမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီပွဲတော်ကြီးမှာ ဆွေးနွေးပွဲတွေပါမယ်။ စာတမ်းဖတ်ပွဲတွေ ပါမယ်။ ဒ့ါအပြင် ပြခန်းတွေလည်းပါမှာဖြစ်တဲ့အတွက်ကြောင့် အားလုံးလာရောက်လေ့လာဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါ်စောနန်းနွယ်(ညွှန်ကြားရေးမှူး)**
**အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန**

အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနအနေနဲ့ ဒီပြပွဲမှာ အပိုင်းနှစ်ပိုင်းနဲ့ တင်ပြသွားမှာ ဖြစ်ပါတယ်။ ပထမပိုင်းက ကျွန်မတို့ဦးစီးဌာနအနေနဲ့ မြန်မာနိုင်ငံမှာ ဘယ်လိုမျိုး လုပ်ငန်းတွေ ဆောင်ရွက်တယ်၊ ဘယ်လိုမျိုး မှတ်တမ်းမော်ကွန်းတွေ ထိန်းသိမ်းထားတယ်ဆိုတာ ပြသသွားမှာ ဖြစ်ပါတယ်။ မော်ကွန်းမှတ်တမ်းတွေက နိုင်ငံတော်ရဲ့အဖိုးဖြတ်လို့ မရနိုင်တဲ့ ပိုင်ဆိုင်မှုတွေလည်း ဖြစ်ပါတယ်။ ဒါကြောင့် ဒီလိုအထောက်အထားတွေ၊ စာချုပ်စာတမ်းတွေကို ပြသသွားမှာပါ။

ဒုတိယပိုင်းက ခေတ်အဆက်ဆက် မြန်မာနိုင်ငံအစိုးရရဲ့ မှတ်တမ်းမော်ကွန်း အထောက်အထားတွေကို ထိန်းသိမ်းတဲ့နည်းပညာပါ။ အခုက Computerization နည်းနဲ့ ထိန်းသိမ်းတယ်။ ဒီလိုနည်းတွေနဲ့ မထိန်းသိမ်းခင်က Microfilm နည်းနဲ့ ထိန်းသိမ်းတယ်။ ဒီလို Microfilm နဲ့ ထိန်းသိမ်းတာတွေကိုလည်း အခု Computerization နည်းနဲ့ Digital Format ပြောင်းလဲပြီးတော့ သိမ်းဆည်းထားပါတယ်။ အဲဒီလိုအပိုင်းနှစ်ပိုင်းနဲ့ ဆောင်ရွက်နေပါတယ်။ ဒီအပိုင်းလေးတွေကို ပြသသွားမှာ ဖြစ်ပါတယ်။

နိုင်ငံတော်ရဲ့ ပိုင်ဆိုင်မှုတွေ၊ စာချုပ်စာတမ်းတွေ၊ ခေတ်အဆက်ဆက် အစိုးရတွေရဲ့ လုပ်ငန်းဆောင်ရွက်ချက်တွေ၊ စီမံကိန်းတွေ၊ စီမံချက်တွေကိုလည်း ထိန်းသိမ်းထားပါတယ်။ ဒီဟာတွေက အဖိုးမဖြတ်နိုင်တဲ့ နိုင်ငံတော်ရဲ့ အမွေအနှစ်တွေလည်း ဖြစ်ပါတယ်။ ဒါကြောင့် လာရောက်လေ့လာဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါ်သန္တာထွေး(ညွှန်ကြားရေးမှူး)**
**လူမှုဝန်ထမ်းဦးစီးဌာန**

ကျွန်မတို့ လူမှုဝန်ထမ်းဦးစီးဌာနအနေနဲ့ကတော့ စာတတ်သူတိုင်း စာဖတ်ရေးလှုပ်ရှားမှုအခမ်းအနားမှာ သန်စွမ်းသူတွေသာမကဘဲ မသန်စွမ်းတဲ့ သူတွေကလည်း စာတတ်အောင် ဆောင်ရွက်ပေးနေပုံ၊ သူတို့ကိုယ်တိုင် ဘယ်လိုစာဖတ်နေသလဲဆိုတာတွေကို ပြည်သူတွေကို အသိပညာပေးဖို့ ပါဝင်ရခြင်း ဖြစ်ပါတယ်။ သန်စွမ်းတဲ့ သူတွေလိုပဲ မသန်စွမ်းတဲ့သူတွေကလည်း ကိုယ့်ရဲ့တတ်နိုင်တဲ့အားနဲ့ စာတတ်မြောက်ဖို့ ဘယ်လိုကြိုးစားဆောင်ရွက်နေတယ် ဆိုတာကို လာရောက်ပြီးတော့ လေ့လာစေချင်ပါတယ်။ ပြီးတော့ မသန်စွမ်းတဲ့သူတွေအနေနဲ့ သန်စွမ်းတဲ့သူတွေလိုပဲ အားလုံးပါဝင်နိုင်ဖို့ အရေးကိုလည်း ပူးပေါင်းပြီး ဆောင်ရွက်ပေးကြဖို့ ကျွန်မအနေနဲ့ ပြောကြားလိုပါတယ်။

**ဒေါက်တာလှိုင်လှိုင်ကြီး(စာကြည့်တိုက်မှူး)**
**ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်**

ကျွန်မတို့ ပြခန်းမှာ ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်နဲ့ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက် နှစ်ခုပေါင်းပြီး ပြသသွားမှာ ဖြစ်ပါတယ်။ ပြခန်းမှာ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်အနေနဲ့ မှတ်တမ်းဓာတ်ပုံတွေ ပါပါမယ်၊ ကုန်းဘောင်ခေတ် ယဉ်ကျေးမှုတွေ၊ ဓလေ့ထုံးစံတွေကို ဖော်ကျူးတဲ့ ပုရပိုက်ကို ကာလာပုံတူကူးထားတဲ့ ပုံတွေကိုလည်း ပြသသွားမှာ ဖြစ်ပါတယ်။

ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်အနေနဲ့ ခေတ်အဆက်ဆက် သုတေသန ဂျာနယ်တွေကို ပြသသွားမှာ ဖြစ်ပါတယ်။ ပြီးတော့ ရန်ကုန်တက္ကသိုလ်မှာ Ph.D ကျမ်းပြုထားတဲ့ ကျမ်းတွေထဲကလည်း ရွေးချယ်ပြီး ပြသပါမယ်။ နာမည်ကျော်ကြားတဲ့ စာရေးဆရာကြီးတွေ ဖြစ်ကြတဲ့ မင်းသုဝဏ်၊ ဆရာဇော်ဂျီ၊ မြသန်းတင့်၊ တက္ကသိုလ်ဘုန်းနိုင်၊ သခင်ကိုယ်တော်မှိုင်းတို့ရဲ့ လက်ရေးစာမူတွေ၊ Biography တွေ၊ ဓာတ်ပုံတွေကိုလည်း ပြသသွားမှာ ဖြစ်ပါတယ်။ “ဝ”၊ ကရင်၊ ရှမ်း စတဲ့တိုင်းရင်းသားလူမျိုးစုတွေရဲ့ စာအုပ်တွေကိုလည်း ပြသမယ်။ ပြီးတော့ အတ္ထုပ္ပတ္တိစာအုပ်တွေကိုလည်း ပြသသွားမှာ ဖြစ်ပါတယ်။

လူငယ်တွေဟာ ခေတ်အဆက်ဆက် ပြောင်းလဲလာတဲ့ ပညာရေးစနစ်တွေကို လေ့လာနိုင်ဖို့နဲ့ သူတို့ရဲ့ အရည်အသွေးတွေ မြင့်မားလာစေဖို့ ရည်ရွယ်ပြသခြင်း ဖြစ်ပါတယ်။ စာတတ်သူတိုင်း စာဖတ်ရေးအခမ်းအနားမှာ စာတမ်းဖတ်ပွဲလည်း ပါပါတယ်။ အဲဒီစာတမ်းဖတ်ပွဲမှာ ကျွန်မအနေနဲ့ လူငယ်နှင့် စာကြည့်တိုက် ယဉ်ကျေးမှုဆိုတဲ့ စာတမ်းကို ပါဝင်ဖတ်ကြားသွားမှာ ဖြစ်ပါတယ်။

**ဒေါ်သစ်သစ်ခိုင်(ဒုတိယညွှန်ကြားရေးမှူး)**
**အခြေခံပညာဦးစီးဌာန**

ပြခန်းအနေနဲ့ အခြေခံပညာဦးစီးဌာနက စာဖတ်ကြစို့ စီမံချက်မှာ အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ ကလေးမိတ်ဆွေစာကြည့်တိုက် ပုံစံလေးကို ပြသသွားမှာ ဖြစ်ပါတယ်။ ပြီးတော့ ကလေးတွေနဲ့အတူတူ စာဖတ်ခြင်းလုပ်ငန်းတွေကို ဘယ်လိုတွေ လုပ်နေတယ်၊ စာကြည့်တိုက်လှုပ်ရှားမှုတွေ ဘယ်လိုလုပ်နေတယ်ဆိုတာကိုလည်း သရုပ်ပြသွားမှာ ဖြစ်ပါတယ်။

ကလေးမိတ်ဆွေစာကြည့်တိုက်က မူလတန်းအဆင့် ကလေးတွေအတွက် အဓိကရည်ရွယ်ပြီး လုပ်တဲ့ စာကြည့်တိုက်လေးဖြစ်တဲ့အတွက် ဒီပြခန်းမှာလည်း စာအုပ်အမျိုးအစားတွေကို စတစ်ကာ အရောင်လေးတွေနဲ့ ခွဲခြားပေးထားပါတယ်။ Grade-1 ကလေးတွေ ဖတ်ဖို့အတွက်ဆိုရင် အနီရောင်စတစ်ကာ၊ Grade-2 ဆိုရင် အစိမ်းရောင်၊ Grade-3 ဆို အပြာရောင်၊ Grade-4 ဆိုအဖြူရောင်၊ Grade-5 ဆို အဝါရောင်၊ Grade-6 ဆို အနက်ရောင်ဆိုပြီးGrade အလိုက် စာအုပ်စင်တွေမှာ စာအုပ်တွေကို အရောင်ခွဲထားတဲ့ စတစ်ကာတွေ ကပ်ပေးထားပါတယ်။ ကလေးတွေ ရွေးချယ်ဖတ်ရှုနိုင်ဖို့ပါ။

ကလေးတွေက ငယ်ရွယ်စဉ်ဘဝကတည်းကနေ စာဖတ်တတ်တဲ့ အလေ့အကျင့်တွေရဖို့ လိုပါတယ်။ စာဖတ်မှလည်းအသိဉာဏ် ဗဟုသုတတွေ ကြွယ်ဝလာမယ်၊ တခြားလိုအပ်တဲ့ စွမ်းရည်အမျိုးမျိုးကိုလည်း စာပေကနေတစ်ဆင့် ရရှိလာမှာ ဖြစ်ပါတယ်၊ ကလေးဘဝကတည်းက စာဖတ်တတ်တဲ့ အလေ့အကျင့်ရရှိဖို့အတွက် ကျောင်းစာကြည့်တိုက်တွေမှာ ကလေးတွေ စာဖတ်တတ်ဖို့ အလေ့အကျင့်ကို စပြီးလေ့ကျင့်ပေးရမှာပါ။ ဒါကြောင့်မို့ ကျွန်မတို့က ကျောင်းစာကြည့်တိုက်တွေ တည်ထောင်ပေးတယ်၊ ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို မိတ်ဖက်စာကြည့်တိုက်အဖွဲ့တွေနဲ့ လုပ်နေတယ်၊ အဓိကက ကလေးတွေဟာ စာဖတ်ခြင်းလုပ်ငန်းမှာ ပျော်ရွှင်ပြီးတော့ စာကြည့်တိုက်ကို သူတို့လာမယ်၊ စာဖတ်မယ်၊ စာကြည့်တိုက်တွေဟာ သူတို့ရဲ့ မိတ်ဆွေဖြစ်နေဖို့၊ မိတ်ဆွေဆန်တဲ့ စာကြည့်တိုက်ပုံစံတွေ ဖြစ်နေဖို့အတွက် ရည်ရွယ်တာ ဖြစ်ပါတယ်။

ဟန်လင်း၊ လှုမော်
ဓာတ်ပုံ-ကျော်ဇင်ထိုက်

> “နိုင်ငံတော်ရဲ့ ပိုင်ဆိုင်မှုတွေ၊ စာချုပ်စာတမ်းတွေ၊ ခေတ်အဆက်ဆက်အစိုးရတွေရဲ့ လုပ်ငန်းဆောင်ရွက်ချက်တွေ၊ စီမံကိန်းတွေ၊ စီမံချက်တွေကိုလည်း ထိန်းသိမ်းထားပါတယ်။ ဒီဟာတွေက အဖိုးမဖြတ်နိုင်တဲ့ နိုင်ငံတော်ရဲ့ အမွေအနှစ်တွေလည်း ဖြစ်ပါတယ်။ ဒါကြောင့် လာရောက်လေ့လာဖို့ ဖိတ်ခေါ်ပါတယ်”

# စာတတ်သူတိုင်း စာဖတ်ရေး အားလုံးပါဝင်ကူညီပေး

သိုက်စိုးထွန်း(နတ်ရွာ)

**ဒီဘက်ကာလမှာတော့ စာမတတ်တဲ့သူက တော်တော့်ကိုရှားနေပါပြီ။ အများအားဖြင့် အခြေခံအရေး၊ အဖတ်၊ အတွက်လောက်ကိုတော့ လူတိုင်းနီးပါးတတ်ကြပါတယ်။ တစ်ဖက်မှာ စာတတ်မြောက်မှုနှုန်းတွေ မြင့်မားလာပေမယ့် စာဖတ်နှုန်းကတော့ သိသိသာသာလျော့ကျနေတယ်လို့ ဆိုပါတယ်။ အခြေခံယူဆချက်အရဆိုရင်တော့ စာတတ်မြောက်မှုနှုန်း မြင့်မားလေလေ စာဖတ်နှုန်း မြင့်မားလာလေလေလို့ ယူဆနိုင်မှာပါ။ ဒါပေမယ့် လက်တွေ့မှာ ဒီလိုမဟုတ်ဘဲ ပြောင်းပြန်ဖြစ်နေသတဲ့။**

စာကို ဘာကြောင့် သင်ကြသလဲ။ ရေးချင်၊ ဖတ်ချင်လို့ပေါ့။ တစ်ယောက်နဲ့တစ်ယောက် ဆက်သွယ်ချင်လို့၊ ကိုယ့်အမြင်၊ ကိုယ့်အတွေး၊ ကိုယ့်အသိဉာဏ်လေးတွေကို တခြားသူတွေဆီကို မျှဝေချင်လို့၊ ကိုယ်ကလည်းပဲ သူများအမြင်၊ သူများအတွေး၊ သူများအသိဉာဏ်တွေကို ပြန်လည်မျှဝေခံစားချင်လို့ဆိုပါတော့။ ဒါနဲ့ပဲ စာပေပေါ်ပေါက်လာတယ်ဆိုပါတော့။ လူ့သမိုင်းမှာ စာပေဆိုတာကြီးကို ဖျောက်ဖျက်ပစ်လိုက်မယ်ဆိုရင် အခြေအနေတွေက ဇောက်ထိုးမိုးမျှော်ပြောင်းလဲသွားမယ်ထင်ပါတယ်။ စာမဖတ်ရ၊ စာမသင်ရ၊ စာအုပ်ဆိုတာ လုံးဝမရှိစေရဆိုတဲ့ အမိန့်တစ်ရပ်ရပ်ထုတ်ပြန်ပြီး စာအုပ်မှန်သမျှဖျောက်ဖျက်၊ စာကြည့်တိုက်မှန်သမျှ တံခါးပိတ်၊ စာသင်ကြားမှု မှန်သမျှ ရပ်ဆိုင်း၊ စာသင်သူ၊ စာဖတ်သူမှန်သမျှ အရေးယူဆိုတာမျိုး လုပ်လိုက်မယ်ဆိုရင် ဘာတွေဖြစ်ကုန်မလဲဆိုတာ စိတ်ဝင်စားစရာပါ။

### စာဖတ်နှုန်းက တက်မလာ

အခုတော့ ဘယ်သူကမှလည်း စာမဖတ်ဖို့တားမြစ်ပိတ်ပင်ထားတာမရှိဘူး။ စာဖတ်တာကို မကြိုက်ပါဘူးလို့လည်း ပြောမယ့်သူမရှိဘူး။ စာပေအသိုင်းအဝိုင်းကရော တာဝန်ရှိတဲ့သူတွေကပါ စာဖတ်ကြပါ၊ စာဖတ်ကြပါဆိုပြီး အမြဲတမ်း တိုက်တွန်းနေကြတယ်။ ဒါပေမယ့် စာဖတ်နှုန်းက တက်မလာဘူးတဲ့။

ဒါတွေ ဘာကြောင့်ဖြစ်နေရသလဲဆိုတာကိုလည်း ဝေဖန်ဆန်းစစ်ဖို့လိုလာပြီ ဖြစ်ပါတယ်။ စာအုပ်စာပေနဲ့ ဘာကြောင့် ဝေးဝေးသွားကြသလဲဆိုတာကလည်း အားလုံးစဉ်းစားသုံးသပ်နေပေမယ့် ဒီနေ့အချိန်အထိ အဖြေကောင်းကို မတွေ့နိုင်ကြသေးဘူး ဖြစ်နေပါတယ်။

### စာပေနဲ့ ဝေးကွာစေသည့်အကြောင်း

စာပေနဲ့ ဝေးကွာစေတဲ့ အကြောင်းတရားတွေထဲမှာ တိုးတက်လာတဲ့ နည်းပညာတွေကလည်း ထိပ်တန်းက ပါနေပါတယ်။ စာဖတ်ကြတဲ့သူ တစ်ယောက်ချင်းစီမှာ စာအုပ်စာပေထဲကနေ ဘာရလာမလဲဆိုတဲ့ မျှော်လင့်ချက်လေးတွေတော့ ကိုယ်စီကိုယ်စီရှိကြပါလိမ့်မယ်။ အတွေးအခေါ်၊ အသိအမြင်၊ ဗဟုသုတတွေ၊ ဉာဏ်ပညာတွေ ရချင်လို့ ဖတ်တဲ့သူတွေရှိသလို ရသခံစားမှုအနေနဲ့သော်လည်းကောင်း၊ ဖျော်ဖြေမှုအနေနဲ့ အပျင်းပြေ အပျော်တမ်း ဖတ်ချင်လို့သော်လည်းကောင်း ဖတ်ကြတာတွေရှိမှာပါပဲ။

ဟိုတုန်းကတော့ စာ စဖတ်ရင် ကာတွန်း၊ ရုပ်ပြ၊ ဝတ္ထု၊ ပြီးတော့မှ တဖြည်းဖြည်း လေးနက်တဲ့အပိုင်းကို သူ့ဘာသာ ရောက်သွားလေ့ရှိကြတယ်လို့ဆိုတယ်။ ဒါပေမယ့် ဒီလိုပြောတော့ ဝတ္ထုက မလေးနက်ဘူးလားလို့ ငြင်းချက်ထုတ်စရာရှိလာပြန်တယ်။ ဒါထားလိုက်တော့။ အဓိကတင်ပြချင်တာကတော့ စာဖတ်နှုန်းကျလာတဲ့ အကြောင်းပါ။

ဒီဘက်ခေတ်ကာလမှာက စာအုပ်စာပေနေရာမှာ အစားထိုးဝင်ရောက်လာတဲ့အရာတွေက အများကြီးရှိနေကြပြီ။ ဟိုတုန်းက ကလေးတွေ ကာတွန်းဖတ်တယ်။ အခုကျတော့ ကာတွန်းကားပဲ ကြည့်ချင်ကြတော့တယ်။ စာအုပ်ထဲက ကာတွန်းက ပုံပဲမြင်ရတယ်။ ပုံက အသေ။ ကာတွန်းကားထဲမှာကတော့ ပုံကအရှင်၊ ရှင်တဲ့အပြင် အရုပ်ရော အသံရော အကုန်မြင်နေ၊ ကြားနေရတယ်။ ဒီတော့ တဖြည်းဖြည်းနဲ့ ကာတွန်းစာအုပ်ထက် ကာတွန်းကားက နေရာပိုရသွားတယ်။

### စိစစ်တည်းဖြတ်မှုမရှိ

သတင်းကိုသိချင်လို့ သတင်းစာဖတ်ကြတယ်။ သတင်းစာနေရာမှာ အွန်လိုင်းမီဒီယာပေါ်က သတင်းတွေက အစားထိုးဝင်ရောက်လာတယ်။ ပုံနှိပ်မီဒီယာနဲ့ အွန်လိုင်းမီဒီယာ။ ဒီနှစ်ခုက တစ်ဖက်နဲ့တစ်ဖက် အားနည်းချက်၊ အားသာချက်တွေလည်း အသီးသီးရှိနေကြပါတယ်။ အွန်လိုင်းမီဒီယာကျတော့ မြန်တယ်။ အချိန်နဲ့ တစ်ပြေးညီထုတ်လွှင့်ပေးနိုင်တယ်။ တချို့ဆို တိုက်ရိုက်တောင် လွှင့်ပေးတယ်။ အခုဖြစ်နေတာတွေကို အခုချက်ချင်း ကြည့်နိုင်တယ်။ ဒါတွေက အွန်လိုင်းမီဒီယာရဲ့ အားသာချက်။ သူ့အားနည်းချက်ကတော့ စိစစ်တည်းဖြတ်မှု မရှိသလောက်ပဲ။ အထူးသဖြင့် မီဒီယာလုပ်ငန်းလိုဟာမျိုးက ထုတ်လွှင့်တင်ဆက်တာမျိုး မဟုတ်ဘဲ ဝါသနာအလျောက်ပဲဖြစ်ဖြစ်၊ ရည်ရွယ်ချက် တစ်ခုခုကြောင့်ပဲဖြစ်ဖြစ် အွန်လိုင်းပေါ်ကို ကိုယ့်ဘာသာတင်လိုက်တဲ့ အကြောင်းအရာမျိုးတွေက ဘယ်သူမှ စိစစ်တည်းဖြတ်မှုမရှိဘူး။

စိစစ်တာ မစိစစ်တာက သိပ်အရေးမကြီးသေးဘူးဘဲထားပါတော့။ တင်ပြပုံတင်ပြနည်းက အရေးကြီးပြန်တယ်။ တင်ဆက်သူရဲ့အမြင်တွေပါ ထည့်ထည့်ပြောတဲ့အခါကျတော့ ဒါက မှန်ချင်လည်းမှန်မယ်၊ မှားချင်လည်း မှားမယ်။ အလွတ်သဘောတင်ဆက်သူသာဖြစ်တဲ့အတွက် မီဒီယာကျင့်ဝတ်ဆိုတာကိုလည်း သိပ်နားလည်မှာ မဟုတ်ဘူး။ တရားဝင်မီဒီယာတွေကတင်ဆက်တဲ့ အွန်လိုင်းသတင်းမျိုးကတော့ တာဝန်ယူမှု၊ တာဝန်ခံမှု ရှိနေတယ်လို့ ပြောရမှာပါ။ ဒါပေမယ့်လည်း အွန်လိုင်းသတင်းတစ်ခုကို တရားဝင်မီဒီယာကတင်တာလား၊ ဘယ်သူကတင်တာလဲ၊ ဘယ်အရင်းအမြစ်ကလာတဲ့သတင်းလဲဆိုတာမျိုးကို သေသေချာချာစိစစ်ပြီးမှ လက်ခံတဲ့သူက နည်းနေပြန်ပါသေးတယ်။ တချို့ လုံးဝယုတ္တိမတန်တဲ့ အကြောင်းအရာတွေလည်း ကြည့်ရှုသူတွေ၊ နှစ်သက်သူတွေ၊ မှတ်ချက်ပေးသူတွေ၊ ပြန်လည်မျှဝေသူတွေ ထောင်သောင်းချီနေတာကို ကြည့်ခြင်းအားဖြင့် အကဲခတ်နိုင်မှာပါ။

### ဖတ်ရှုအားပေးသူ ကျကျလာ

ပုံနှိပ်မီဒီယာကျတော့ တာဝန်ယူမှု၊ တာဝန်ခံမှုပိုတယ်။ စိစစ်သုံးသပ်ပြီးတော့မှ စာမျက်နှာပေါ်ကို တင်ပေးတယ်။ အယ်ဒီတာအဆင့်ဆင့်က စိစစ်တည်းဖြတ်ပြီးတော့မှ ပုံနှိပ်မီဒီယာပေါ်ကို တင်ပေးလိုက်တာ။ ဒီတော့ အွန်လိုင်းပေါ်ကဟာတွေထက် အမှားနည်းတယ်။ မှားသွားရင်လည်း အမှားပြင်ဆင်ချက်တွေ နောက်က လိုက်ပေးလေ့ရှိတယ်။ အွန်လိုင်းမီဒီယာထက် ခိုင်မာပါတယ်။ မှန်ကန်ပါတယ်လို့ ဘယ်လိုပဲဆိုဆို ပုံနှိပ်မီဒီယာတွေကတော့ ရပ်တည်ရတာတောင်မှ နည်းနည်းခက်ခဲလာတဲ့အခြေအနေဘက်ကို ရောက်နေကြပြီဖြစ်ပါတယ်။ ဖတ်ရှုအားပေးသူအရေအတွက် ကျကျလာလို့။

သတင်းစာတင်မကပါဘူး။ ကျန်တဲ့ စာပေအမျိုးအစားတွေလည်း အွန်လိုင်းနဲ့ယှဉ်လိုက်တော့ နောက်တန်းကို ပြတ်ပြတ်ကျန်ခဲ့ကြပါတယ်။ နောက်ကျကျန်တယ်ဆိုတာ အဆင့်အတန်းကို ရည်ညွှန်းတာမဟုတ်ပါဘူး။ ဖတ်တဲ့ အားပေးတဲ့သူ အရေအတွက်ကို ဆိုလိုတာပါ။ အွန်လိုင်းမီဒီယာ အားကောင်းလာလို့ပဲ ပုံနှိပ်မီဒီယာကြီးတွေတောင်မှ တရားဝင်စာမျက်နှာတွေထောင်ပြီးတော့ ဘာတွေထုတ်နေပါတယ်၊ ဘာတွေလုပ်နေပါတယ်ဆိုတာကို တင်ပြနေကြရပြီ ဖြစ်ပါတယ်။ သူနဲ့ကင်းကွာလို့တောင် မရတော့သလို ဖြစ်နေပါတယ်။

အထူးသဖြင့် လူတွေရဲ့နေ့စဉ်ဘဝမှာ ဆိုရှယ်မီဒီယာတွေက လွှမ်းမိုးလာတယ်။ သူသူ ကိုယ်ကိုယ်ပါပဲ။ စာတစ်အုပ်ကောက်ကိုင်ပြီး မဖတ်ဖြစ်လိုက်တဲ့နေ့တွေသာ ရှိချင်ရှိမယ်။ ဆိုရှယ်မီဒီယာမသုံးဖြစ်တဲ့နေ့ဆိုတာကတော့ တော်တော့်ကို ရှားပါးလိမ့်မယ်။ သုံးဖြစ်တဲ့ နေ့ကျတော့ရော။ ဆယ်မိနစ်လား၊ ဆယ့်ငါးမိနစ်လား၊ နာရီဝက်လား၊ တစ်နာရီလား။ တစ်နေ့တစ်နေ့ သူ့အပေါ်မှာကုန်နေတဲ့အချိန်တွေကို ပြန်ပေါင်းကြည့်လိုက်ရင် တော်တော်ကို များနေတယ်ဆိုတာကို တွေ့ရပါလိမ့်မယ်။

ဆိုရှယ်မီဒီယာမသုံးဖို့ ပြောနေတာမဟုတ်ပါဘူး။ အကျိုးအကြောင်းချိန်ဆကြည့်ဖို့သာ တင်ပြနေတာဖြစ်ပါတယ်။ တစ်နေ့တစ်နေ့ သူ့အတွက် ကိုယ့်အချိန်တွေထဲက ဘယ်လောက်ပဲ့ပါသွားပြီလဲ ဆိုတာလေးလောက်ကိုသာ ပြန်စစ်ကြည့်စေချင်တာပါ။ ပြီးတော့ ကုန်လွန်ခဲ့တဲ့အချိန်တွေအတွက် ဘာတစ်ခုခုပြန်ရလိုက်သလဲဆိုတာကိုလည်း ပြန်ကြည့်ရမှာပါ။

သူက မသုံးလို့တော့မဖြစ်ဘူးပေါ့။ ဒီအပေါ်မှာ မိတ်ဆွေတွေရှိတယ်။ ကိုယ်နဲ့မရင်းနှီးပေမယ့် ကိုယ်အားပေး ချစ်ခင်ရတဲ့ အနုပညာရှင်တွေ၊ အသိပညာရှင်၊ အတတ်ပညာရှင်တွေရှိမယ်။ သူတို့တွေဘာလုပ်နေကြသလဲ၊ ဘာတွေရေးတင်နေကြသလဲ၊ ဘယ်လိုပုံတွေတင်နေကြသလဲ၊ ဘယ်နေရာတွေရောက်နေကြသလဲ၊ ဘယ်လိုအကြောင်းအရာ၊ အသိအမြင်၊ အတွေးအခေါ်တွေကို မျှဝေတင်ပြထားကြသလဲ။ ဒါတွေကိုတော့ ထိုက်သင့်တဲ့အချိန်လေးပေးပြီး လေ့လာဖို့လိုမှာပါ။

လိုင်းပေါ်မှာ အကျိုးမရှိတာတွေပါသလို အကျိုးများတာတွေလည်း ရှိနေပါတယ်။ အဓိက ဆင်ခြင်ရမယ့် အပိုင်းကတော့ ကိုယ်သုံးနေတဲ့ပုံစံ၊ ကိုယ်ကြည့်နေတဲ့အချက်အလက်တွေက ကိုယ့်အတွက် အကျိုးရှိတာတွေ များရဲ့လား၊ အကျိုးမဲ့တာတွေက များနေသလား ဆိုတာပါပဲ။ ဘယ်လိုအရာမျိုးပဲဖြစ်ဖြစ် အကျိုးရှိအောင် သုံးတတ် စွဲတတ်ရင်တော့ အကျိုးရှိမှာပါပဲ။

### ပုံနှိပ်မီဒီယာအားပျော့လာ

တစ်ဖက်က ဆိုရှယ်မီဒီယာအားကောင်းလာတာနဲ့အမျှ ပုံနှိပ်မီဒီယာပိုင်းက အားပျော့လာတယ်။ ပုံနှိပ်စာပေကို ဖတ်ရှုတဲ့နှုန်းက ကျကျလာတယ်။ စာတတ်သူတွေများများလာပေမယ့် စာဖတ်သူကျတော့ ပါးပါးသွားတယ်။ ဒါက ဘာ့ကြောင့် လဲ။ နည်းပညာကြောင့်လား၊ တခြားအကြောင်းတွေကြောင့်လား။

နည်းပညာတိုးတက်မှုကြောင့် စာဖတ်နှုန်းကျဆင်းရခြင်းဖြစ်တယ်လို့တော့ တရားသေကောက်ချက်ဆွဲနိုင်ဦးမှာ မဟုတ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ကိုယ့်ဆီထက် တိုးတက်မှုအလွန်သာတဲ့ နိုင်ငံတချို့မှာကျတော့ စာဖတ်နှုန်းက မြင့်မားနေဆဲပဲလို့ သိရတဲ့အတွက်ပါ။ ဒီတော့ စာပေဖတ်ရှုမှု အရှိန်လျော့နည်းသွားရတဲ့အကြောင်းရင်းကို ရှာရတာက သိပ်တော့မလွယ်ပြန်ပါဘူး။

ပြီးတော့ တိုးတက်တဲ့နိုင်ငံတွေမှာကျတော့ စာဖတ်နှုန်းမကျဘဲ ကိုယ့်ဆီကျမှ ဘာဖြစ်လို့ စာဖတ်နှုန်းကျရသလဲ။ သူတို့ဆီကလူတွေရေးတဲ့စာနဲ့ ကိုယ့်ဆီကလူတွေရေးတဲ့စာက ဘာတွေကွာနေသလဲ။ နိုင်ငံတကာက စာရေးဆရာတွေက ဘယ်လိုဟန်တွေနဲ့ရေးကြသလဲ။ စာတစ်အုပ်ရေးဖို့ ဘယ်လို အချက်အလက်တွေယူပြီးမှ ရေးလေ့ရှိကြသလဲ၊ ဘယ်လောက်အချိန်ယူပြီးရေးလေ့ရှိကြသလဲ။ ဒါတွေလည်း ထပ်ပြီး လေ့လာကြရဦးမှာ ဖြစ်ပါတယ်။

ဒီအကြောင်းတွေကို လေ့လာတင်ပြသူတွေလည်း အများကြီးရှိခဲ့ပါတယ်။ ကမ္ဘာ့ဂန္ထဝင်စာပေကြီးတွေ၊ ဒီနေ့ခေတ်မှာ လူကြိုက်များနေတဲ့ နိုင်ငံတကာစာအုပ်စာပေတွေကို ဘာသာပြန်ဆိုတင်ပြနေတဲ့ ဆရာကြီးတွေ အများကြီးရှိပါတယ်။ ဘာသန္တရကျွမ်းကျင်တဲ့သူက မူရင်းဘာသာနဲ့လေ့လာ၊ အားနည်းတဲ့သူက ဘာသာပြန်ဆိုချက်တွေနဲ့လေ့လာပြီးတော့ ဟိုဘက်ဒီဘက်နှိုင်းယှဉ်ပြီး ယူသင့်တာတွေယူရမှာပါ။ ကမ္ဘာ့စာပေလောကနဲ့ မြန်မာ့စာပေလောက နှိုင်းယှဉ်လေ့လာချက်ဆိုတာမျိုး ပြုစုတင်ပြနိုင်ရင်လည်း ကောင်းပါတယ်။ ဒါမှလည်း စာပေလောက ဒို့ထက်ဒို့ထက် ပိုမိုတိုးတက်လာပြီးတော့ စာပေတစ်ခေတ်ပြန်လည်ဦးမော့လာနိုင်မှာဖြစ်ပါတယ်။ စာပေဖတ်ရှုနှုန်းတွေ ပြန်လည်မြင့်မားလာနိုင်မှာဖြစ်ပါတယ်။

### စာပေပွဲတော်ကြီးတွေ ကျင်းပလာ

လက်တွေ့မှာလည်း စာဖတ်ရှိန်မြင့်မားရေးအတွက် အားထည့်လုပ်ကိုင်နေသူတွေ အများကြီးရှိပါတယ်။ အနယ်နယ်အရပ်ရပ်မှာ စာဖတ်ဝိုင်းတွေ၊ စာပေစကားဝိုင်းတွေကျင်းပကြတယ်။ စာပေဟောပြောပွဲတွေ အများကြီးကျင်းပကြတယ်။ စာအုပ်ဈေးပွဲတော်ကြီးတွေ၊ စာပေပွဲတော်ကြီးတွေ ကျင်းပကြတယ်။ ဒါတွေဟာ တကယ့်ကို ကြိုဆိုဂုဏ်ပြုရမယ့်လုပ်ရပ်တွေဖြစ်ပါတယ်။ တတ်စွမ်းသမျှ ပါဝင်အားဖြည့်ရမယ့် လုပ်ငန်းတွေ ဖြစ်ပါတယ်။ အကြိမ်ရေအားဖြင့် များများပြုလုပ်နိုင်ဖို့လိုသလိုပဲ လုပ်ဆောင်ချက်တိုင်းမှာ လုပ်ဆောင်မှုပီပြင်ဖို့၊ အနှစ်သာရရှိဖို့၊ စာပေစကားဝိုင်းဆိုရင်လည်း စာပေစကားဝိုင်း ပီပီပြင်ပြင်ဖြစ်ဖို့၊ စာပေဟောပြောပွဲဆိုရင်လည်း စာပေအစစ်အမှန်ကို ဟောပြောတဲ့ပွဲမျိုးဖြစ်ဖို့၊ ဒါတွေလည်း အလေးထားကြရမှာ ဖြစ်ပါတယ်။

တိုးတက်သောလူမျိုးသည် စာဖတ်၍ စာဖတ်သောလူမျိုးသည် တိုးတက်ကြလေသည်ဆိုတဲ့ အဆိုတစ်ခုရှိပါတယ်။ မဖတ်ရင်တော့ ပြောင်းပြန်ရလဒ်ဖြစ်မှာပေါ့လေ။ စာဖတ်ဖို့၊ စာများများဖတ်ကြဖို့အတွက် ကိုယ်စွမ်းနိုင်ရာ ဘက်ကနေ ဝိုင်းဝန်းကြိုးပမ်းကြရမှာ ဖြစ်ပါတယ်။ စာဖတ်ရှိန်မြင့်မားရေးအတွက် စာရေးသူတွေမှာ အဓိကတာဝန်ရှိသလို စာဖတ်ပရိသတ်တွေ၊

**စာတတ်သူတိုင်း စာဖတ်ရေးတဲ့။ အမှန်တကယ် အကောင်အထည်ဖော်နိုင်ဖို့၊ ဒီရည်မှန်းချက်ကြီးအောင်မြင်ဖို့ အတော့်ကို ကြိုးစားယူကြရဦးမှာ ဖြစ်ပါတယ်။ တစ်ယောက်အား၊ နှစ်ယောက်အားနဲ့တော့ မရနိုင်ပါဘူး။ မအောင်မြင်နိုင်ပါဘူး။ ဒီအရွေ့ကို မရွေ့နိုင်ပါဘူး။ တစ်ယောက်အားနဲ့ မရသော် တစ်သောင်းအားဖြင့်ရ၏ ဆိုသလိုပဲ အားလုံး အားလုံး ကျရာတာဝန်ကနေ ဦးထမ်းပဲ့ထမ်း ဝိုင်းဝန်းကြိုးပမ်းကြမှသာ ဒီပန်းတိုင်ကြီးဆီကို အရောက်လှမ်းနိုင်မှာပါ။ မလွယ်ပေမယ့် လုပ်ရမှာပါပဲ။ ပစ်ထားရင် ဒို့ထက်ဆိုးသွားမှာမို့ပါ။**




စာမျက်နှာ ၁၁ သို့

# အာရှတိုက်ဘာသာပေါင်းစုံလူငယ်များကွန်ရက် ပဉ္စမအကြိမ် စုံညီနှီးနှောဖလှယ် တွေ့ဆုံဆွေးနွေးပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၈**

မြန်မာနိုင်ငံက ပထမဆုံးအကြိမ် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် အာရှတိုက်ဘာသာပေါင်းစုံ လူငယ်များကွန်ရက်၏ ပဉ္စမအကြိမ် မျက်နှာစုံညီနှီးနှောဖလှယ်ပွဲကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် စိန့်မေရီ ကာသီဒြယ်ဘုရားကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ အာရှတိုက်ဘာသာပေါင်းစုံ လူငယ်များကွန်ရက်အဖွဲ့မှ ကိုယ်စားလှယ်များက ဘာသာပေါင်းစုံတေးသီချင်းဖြင့် ဆုတောင်းမေတ္တာပို့ကြပြီး အာရှပစိဖိတ်ဘာသာပေါင်းစုံလူငယ်များကွန်ရက်အဖွဲ့၏ စီစဉ်တင်ဆက်သူ Mr. Takashi Hashimoto က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက အမှာစကားပြောကြားရာတွင် ယခုဆွေးနွေးပွဲကို အာရှနှင့်ပစိဖိတ် ငြိမ်းချမ်းမေတ္တာဘာသာပေါင်းစုံ လူငယ်များကွန်ရက်အဖွဲ့များ၊ ACRP Seoul Peace Education Centre (SPEC)၊ အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့အခြေစိုက် ကမ္ဘာ့ကုလသမဂ္ဂ အသိအမှတ်ပြု ကမ္ဘာလုံးဆိုင်ရာ RfP အဖွဲ့ကြီးနှင့် မြန်မာနိုင်ငံ RfP အဖွဲ့တို့ ပူးပေါင်းကျင်းပခြင်းဖြစ်ကြောင်း။

ကမ္ဘာလုံးဆိုင်ရာ RfP အဖွဲ့ကြီးအနေဖြင့် လူသားအားလုံးအတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အတူတကွ ပူးပေါင်းဆောင်ရွက်ရန် ရည်မှန်းချက်ထားရှိကြောင်း၊ ကမ္ဘာ့နိုင်ငံများရှိ မတူညီသော ဘာသာဝင်များအကြား ပဋိပက္ခများကို အသွင်ပြောင်း ငြိမ်းသတ်ရန်၊ လူသားတို့၏ တိုးတက်မှုကို မြှင့်တင်ရန်၊ ညီညွတ်၍ တရားမျှတသော လူမှုအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကမ္ဘာမြေကြီးကို အကာအကွယ်ပေးရန် ရည်မှန်းချက်များဖြင့် ဖွဲ့စည်းထားရှိကြောင်း သိရှိရသည့်အတွက် လွန်စွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

ယခုကျင်းပသည့် တွေ့ဆုံဆွေးနွေးပွဲကို ဘာသာပေါင်းစုံမှ ဘာသာရေးခေါင်းဆောင်များ၊ ငြိမ်းချမ်းမေတ္တာအဖွဲ့၏ စီမံကိန်းဒေသများနှင့် သြစတြေးလျ၊ ဘင်္ဂလားဒေ့ရှ်၊ ကမ္ဘောဒီးယား၊ တရုတ်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ဂျပန်၊ ကိုရီးယား၊ မလေးရှား၊ နီပေါ၊ ဖိလစ်ပိုင်၊ သီရိလင်္ကာ၊ ထိုင်း အစရှိသည့် အာရှနိုင်ငံများမှ ဘာသာပေါင်းစုံ လူငယ်များနှင့်အတူ ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း။

ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(မြန်မာနိုင်ငံ)သည် လွတ်လပ်သော NGO အဖွဲ့အစည်းဖြစ်သည်နှင့်အညီ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအပါအဝင် အခြားမည်သည့်ဌာနအဖွဲ့အစည်းကမှ ထိန်းချုပ်ကြပ်မတ်ထားခြင်းမရှိစေဘဲ နိုင်ငံတော်က ချမှတ်ပြဋ္ဌာန်းထားသော ဥပဒေများနှင့်အညီ ဘာသာရေး၊ သာသနာရေးနှင့် နိုင်ငံတော်အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရာတွင် လွတ်လပ်စွာဆောင်ရွက်ရန်အတွက် မိမိတို့ ဝန်ကြီးဌာနအနေဖြင့် အကူအညီပေးခြင်းမျှသာ ဖြစ်ပါကြောင်း။

(RfP) International အဖွဲ့ကြီးအနေဖြင့် ဘာသာပေါင်းစုံလူငယ်များကွန်ရက် နှီးနှောဖလှယ်ပွဲများကို အခါအားလျော်စွာ စဉ်ဆက်မပြတ် ကျင်းပနိုင်ခြင်းကြောင့် မြန်မာနိုင်ငံ အပါအဝင် အာရှတိုက်နိုင်ငံများ၊ ၎င်းမှတစ်ဆင့် ကမ္ဘာ့နိုင်ငံများမှ လူငယ်များအကြား ရင်းနှီးနွေးထွေးကျွမ်းဝင်မှု၊ အတူတကွ လက်တွဲပူးပေါင်း ဆောင်ရွက်လိုမှု စည်းလုံးညီညွတ်မှု၊ တစ်ဦးနှင့်တစ်ဦး ဖေးမနားလည်မှုများ တိုးပွားလာစေပြီး ဘာသာတစ်ခုနှင့်တစ်ခုအကြား နားလည်မှု ကြီးမားစွာ လက်တွဲပူးပေါင်းဆောင်ရွက်မှုများ တိုးပွားအောင်မြင်ဖြစ်ထွန်းလာနိုင်ကာ ကမ္ဘာ့လူသားများ လိုလားတောင့်တနေသည့် ကမ္ဘာ့တစ်ဝန်းလုံး ဘာသာရေးနှင့်ယှဉ်သော ငြိမ်းချမ်းရေးကို အောင်မြင်စွာ ဖော်ဆောင်နိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ငြိမ်းချမ်းမေတ္တာအဖွဲ့၏ ဥက္ကဋ္ဌ ဦးမြင့်ဆွေက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခြင်း၊ (RfP) အာရှ အထက်တန်း အကြံပေးပုဂ္ဂိုလ် Rev. မာဆာမိချီကားမိယနှင့် ဆိုးလ်ငြိမ်းချမ်းရေးပညာပေးဌာနမှ SPEC ဒါရိုက်တာ Rev. တေဆောင်းကင်တို့က ဂုဏ်ပြုအမှာစကားပြောကြားခြင်း၊ အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းမေတ္တာအဖွဲ့ ဒုတိယ အထွေထွေအတွင်းရေးမှူး Rev. Kyoichi Sugino နှင့် ငြိမ်းချမ်းမေတ္တာအဖွဲ့ နာယကအဖွဲ့ဝင် အလ်ဟာဂျ်ခလီဖွာဟ် ဦးအေးလွင်တို့က အမှာစကားပြောကြားခြင်းတို့ ဆောင်ရွက်ကြသည်။

ဆက်လက်၍ ဘာသာပေါင်းစုံလူငယ်များကွန်ရက်အဖွဲ့ ကိုယ်စားနန်းအေးအေးလှုံက ဘာသာပေါင်းစုံလူငယ်များအဖွဲ့၏ "ဘာသာပေါင်းစုံအတူတကွ ပူးပေါင်းဆောင်ရွက်မှုအဖြစ် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ လှုပ်ရှားမှုတွင် ပါဝင်လုပ်ဆောင်ကြပါစို့" ဆောင်ပုဒ်နှင့်အညီ ဆောင်ရွက်ရေးကို ဆွေးနွေးပြောကြားသည်။

ထို့နောက် မိုးလေဝသပညာရှင် ဒေါက်တာဦးထွန်းလွင်က ရာသီဥတုပြောင်းလဲခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် အာရှတိုက် ဘာသာပေါင်းစုံလူငယ်များကွန်ရက်၏ အလုပ်ရုံဆွေးနွေးပွဲကိုကျင်းပရာ "ကမ္ဘာတစ်ဝန်းဘာသာပေါင်းစုံ လူငယ်များကွန်ရက် မိတ်ဆက်ခြင်း၊ ကျွန်ုပ်တို့၏ ကမ္ဘာ၊ ကျွန်ုပ်တို့၏ တာဝန်ရှိမှုနှင့် တာဝန်ယူမှုဆွေးနွေးပွဲ"ကို လူငယ်များနှင့် ကွန်ရက်ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်သူ အပြည်ပြည်ဆိုင်ရာ ဘာသာပေါင်းစုံအဖွဲ့ စီမံချက်တာဝန်ခံ Mr. Christopher D. Zefting က ဆွေးနွေးတင်ပြရာ တက်ရောက်လာကြသူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းကြသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲကို တစ်ဦး၏ ဘာသာကို အခြားတစ်ဦးက နားလည်လေးစားရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ပြီး မြန်မာနိုင်ငံအပါအဝင် အာရှနိုင်ငံများမှ ဘာသာပေါင်းစုံလူငယ်ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးကြကာ ဒီဇင်ဘာ ၂၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ဥမ္မာသန့်၊ ဓာတ်ပုံ-ဇော်မင်းလတ်**




**ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို အာရှတိုက်ဘာသာပေါင်းစုံလူငယ်များကွန်ရက်၏ ပဉ္စမအကြိမ် မျက်နှာစုံညီ နှီးနှောဖလှယ်ပွဲတွင် အမှာစကားပြောကြားစဉ်။** သတင်းစဉ်

---

*စာမျက်နှာ ၁၀ မှ*

စာပေလောကမှာ ကျင်လည်ကြသူတွေ၊ စာပေနဲ့ပတ်သက်တဲ့ ဌာန၊ အဖွဲ့အစည်းတွေ အားလုံးအားလုံးမှာ တာဝန်ရှိကြပါတယ်။

ဘာကြောင့် စာဖတ်စေချင်နေရတာလဲ။ ဘာကြောင့်များ အတင်းတိုက်တွန်းနေကြရတာလဲ။ လူသားတွေရဲ့ သင်ယူလေ့လာမှုနယ်ပယ်မှာစာပေနဲ့ မဟုတ်ဘဲနဲ့ တခြားလမ်းကြောင်းနဲ့လည်း ပညာရပ်ဆိုင်ရာတွေကို လေ့လာလို့ရနေတာပဲမဟုတ်ဘူးလားလို့ ပြောစရာရှိပါတယ်။ ရတော့ ရပါတယ်။ ဒါပေမယ့် ဒီနေ့အချိန်အထိ ပညာရပ်နယ်ပယ် မှန်သမျှက စာအုပ်စာပေတွေ အပေါ်မှာသာ အဓိကထားပြီး လက်ဆင့်ကမ်း မျှဝေမှုတွေ ပြုလုပ်နေကြတာပါ။ မူလတန်းပညာလောကကစပြီး စာအုပ်တွေနဲ့ သင်ကြရသလို ကျော်ပေ့မော်ပေ့ဆိုတဲ့ တက္ကသိုလ်ကြီးတွေမှာလည်း ပညာသင်ကြားရာမှာ သင်ရိုးစာအုပ်တွေနဲ့သာ အဓိကပို့ချနေကြတာကို တွေ့ရမှာပါ။

**ပညာအမွေချန်ခဲ့**

စာတွေမှာ အခြေမခံဘဲ လက်တွေ့မှာသာ အခြေခံပါတယ်ဆိုတဲ့ သိပ္ပံပညာရှင်တွေတောင်မှ သူတို့ရဲ့လေ့လာတွေ့ရှိချက်တွေကို စာအုပ်စာပေတွေနဲ့ မှတ်တမ်းတင်ထားပြီးတော့ နောက်လူတွေက သူ့ထက်သာတဲ့ လေ့လာစမ်းသပ်မှုတွေ ဆက်လုပ်နိုင်အောင် ပညာအမွေတွေ ချန်ထားခဲ့ကြတာပါ။ လက်တွေ့ကျပါတယ်ဆိုတဲ့ နယ်ပယ်မှာတောင် စာတွေ့ကို လက်လွှတ်လို့ မရသေးပါဘူး။ ဘာသာရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဘယ်အရေးမဆို စာပေနယ်ရဲ့ပါဝင်အားဖြည့်မှုကို ရရှိမှသာလျှင် ပိုမိုတိုးတက်နိုင်တာ ဖြစ်ပါတယ်။

ဘယ်ပညာရပ်မဆို စာအုပ်စာပေဆိုတဲ့ နယ်ပယ်တစ်ခုကို ဖြတ်သန်းပြီးတော့မှသာလျှင် ပိုမိုပြည့်စုံတဲ့ အခြေအနေတစ်ခုကို ရောက်နိုင်တာ ဖြစ်ပါတယ်။ စာပေကိုလက်လွှတ်ထားလို့ရတဲ့၊ စာပေနဲ့ကင်းကွာတဲ့ တိုးတက်မှုဆိုတာမျိုးက ရှိရင်တောင်မှ တော်တော့်ကို ရှားလိမ့်မယ်ထင်ပါတယ်။

စာတတ်သူတိုင်းစာဖတ်ရေးတဲ့။ အမှန်တကယ် အကောင်အထည်ဖော်နိုင်ဖို့၊ ဒီရည်မှန်းချက်ကြီးအောင်မြင်ဖို့ အတော့်ကို ကြိုးစားယူကြရဦးမှာ ဖြစ်ပါတယ်။ တစ်ယောက်အား၊ နှစ်ယောက်အားနဲ့တော့ မရနိုင်ပါဘူး။ မအောင်မြင်နိုင်ပါဘူး။ ဒီအရွေ့ကို မရွေ့နိုင်ပါဘူး။ တစ်ယောက်အားနဲ့ မရသော် တစ်သောင်းအားဖြင့်ရ၏ ဆိုသလိုပဲ အားလုံး အားလုံး ကျရာတာဝန်ကနေ ဦးထမ်းပဲ့ထမ်း ဝိုင်းဝန်းကြိုးပမ်းကြမှသာ ဒီပန်းတိုင်ကြီးဆီကို အရောက်လှမ်းနိုင်မှာပါ။ မလွယ်ပေမယ့် လုပ်ရမှာပါပဲ။ ပစ်ထားရင် ဒီ့ထက်ဆိုးသွားမှာမို့ပါ။ လက်လျှော့လို့တော့ မဖြစ်ပါဘူး။

**စာဖတ်ဖြစ်အောင် ကြိုးစားသင့်**

စာဖတ်သူတွေများလာစေရေး၊ စာဖတ်နှုန်းတွေများလာစေရေးအတွက် ကိုယ်ဘာတတ်နိုင်သလဲ၊ ဘာလုပ်ပေးနိုင်သလဲဆိုတာကို စဉ်းစားပြီးတော့ ကိုယ်စွမ်းနိုင်ရာဘက်က ဝိုင်းဝန်းကြိုးပမ်းကြရမှာပါ။

စာကြည့်တိုက်တွေကို စာအုပ်တွေ လှူနိုင်သလား၊ ဒါမှမဟုတ် ကိုယ်နဲ့နီးစပ်ရာပုဂ္ဂိုလ်တွေကို စာဖတ်ဖို့ တိုက်တွန်းနိုင်မလား။ ကိုယ်လုပ်နိုင်မယ့် ကိစ္စတွေကတော့ အနည်းနဲ့အများ ရှိနေမှာပါ။ သူများကို မပြင်နိုင်ရင်တောင်မှ အနည်းဆုံးတော့ ကိုယ့်ကိုယ်ကိုယ် ပြင်ယူနိုင်ပါတယ်။

ကိုယ်က စာသိပ်မဖတ်ဖြစ်ဘူးဆိုရင် စာဖတ်နှုန်းများလာအောင် လေ့ကျင့်ပြုပြင်ယူရပါမယ်။ တခြားအချိန်လေးတွေထက် စာဖတ်ချိန်လေးပေးပေးပြီး နေ့တိုင်းစာဖတ်ဖြစ်အောင် ကြိုးစားသင့်ပါတယ်။

တကယ်တော့ စာမတတ်သူနဲ့ စာမဖတ်သူ သိပ်တော့ မကွာနိုင်ဘူးလို့ထင်ပါတယ်။ မဖတ်တတ်လို့ မဖတ်ရတာက တော်သေးတယ်လို့ပြောရမယ်။ တတ်ရဲ့သားနဲ့ မဖတ်ဘဲနေတဲ့သူကတော့ ရတနာသေတ္တာကြီး အနားမှာရှိပြီး လက်ထဲမှာလည်း သော့ရှိရဲ့သားနဲ့ ဖွင့်မကြည့်မိတဲ့သူနဲ့ တူနေပါလိမ့်မယ်။ စာမတတ်သူက မျက်စိနှစ်ကွင်း အလင်းမရရှာသူတွေနဲ့တူပြီး စာတတ်ပါလျက်နဲ့ မဖတ်သူကတော့ မျက်လုံးတွေကောင်းပါလျက်နဲ့ ဖွင့်ကြည့်ဖို့ မကြိုးစားမိသူနဲ့တူတယ်လို့ပြောရင် ရနိုင်မယ်ထင်ပါတယ်။ စာတတ်သူတွေက များများလာတယ်။ စာဖတ်သူတွေက ပါးပါးလာတယ်။

ဒီအခြေအနေနှစ်ခုကို မျှခြေရောက်အောင် ဘယ်လိုလုပ်ကြမလဲ။ ဘယ်သူတွေ လုပ်ကြမလဲ။ အားလုံး အားလုံး ကိုယ်စီကိုယ်စီ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြမှသာလျှင် ရည်ရွယ်ရာပန်းတိုင်ကို ရောက်ရှိနိုင်မှာ ဖြစ်ပါတယ်။

ဒါ့ကြောင့် စာတတ်သူတိုင်း စာဖတ်ရေးလုပ်ငန်းစဉ်ကြီး အောင်မြင်ရေးအတွက် ကိုယ်စွမ်းနိုင်ရာဘက်ကနေ ဝိုင်းဝန်းကြိုးပမ်းပေးကြပါဦးလို့ မေတ္တာရပ်ခံလိုက်ရပါတယ်။ ။

---

## ကျောက်မဲ-နောင်ချို ဂုတ်တွင်းလမ်းပိုင်း၌ ၁၂ ဘီးယာဉ်မှောက်၍ လမ်းပိတ်ဆို့မှုဖြစ်

**သီပေါ ဒီဇင်ဘာ ၁၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မန္တလေး-သီပေါ-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီး ကျောက်မဲ-နောင်ချို ဂုတ်တွင်းလမ်းပိုင်း မိုင်တိုင်အမှတ် (၈၆)အနီး မြေနီတောင်ကွေ့တွင် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲက ဆိုင်ကယ်အစီး ၁၀၀ တင်ဆောင်၍ မူဆယ်မှ မန္တလေးသို့ ဆင်းမည့် ယာဉ်မောင်း အောင်ဆန်းထွန်း မောင်းနှင်သည့် ၁၂ ဘီးယာဉ်အမှတ် 9B/---- သည် ဘရိတ်ပေါက်၍ အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ပြီး လမ်းပိတ်ဆို့မှုဖြစ်ပွားခဲ့သည်။ **(ယာပုံ)**



**ယာဉ်များအလှည့်ကျစေလွှတ်ခဲ့**

အဆိုပါ ယာဉ်တိမ်းမှောက်မှုကြောင့် အတက်အဆင်းယာဉ်များ လမ်းပိတ်ဆို့မှုဖြစ်ခဲ့ရာ ကျောက်မဲခရိုင် အမှတ်(၁၂၀) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုတိယရဲမှူး ကျော်ကျော်ထွန်းနှင့် တပ်ဖွဲ့ဝင်များ၊ ဂုတ်တွင်းရဲကင်းမှ တပ်ဖွဲ့ဝင်များ၊ နောင်ပိန်နယ်မြေစခန်းမှ ရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့များ၏ ပူးပေါင်းကူညီမှုဖြင့် ဆောင်ရွက်ခဲ့ရာ ယနေ့ ညနေ ၅ နာရီခွဲတွင် လမ်းပိုင်းပွင့်သွားပြီး ယာဉ်များကို အလှည့်ကျ စေလွှတ်ခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

---

## ဝိုင်းမော်-ဆဒုံး-ကန်ပိုက်တီ လမ်းပိုင်းရှိ ကျိုးကျသွားသည့်တံတားနေရာ၌ ယာယီတံတားပြုပြင်ပြီးစီး၍ ၁၃ တန်အောက်ယာဉ်ငယ်များ ဖြတ်သန်းသွားလာနိုင်ပြီ

**ဆဒုံး ဒီဇင်ဘာ ၁၈**

ကချင်ပြည်နယ် ဝိုင်းမော်-ဆဒုံး-ကန်ပိုက်တီ လမ်းပိုင်းရှိ ဘေလီတံတားကျိုးကျမှုကြောင့် ယာဉ်များဖြတ်သန်းသွားလာမှု ပြတ်တောက်သွားခဲ့ရာမှ ဒီဇင်ဘာ ၁၈ ရက် နံနက်ပိုင်းက ယာယီတံတား အစားထိုး တည်ဆောက်ပြီးစီးပြီဖြစ်၍ ၁၃ တန်အောက် ယာဉ်ငယ်များ ဖြတ်သန်းသွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။ **(ယာပုံ)**



ဒီဇင်ဘာ ၁၄ ရက်က သံသတ္တုများ တင်ဆောင်မောင်းနှင်လာသည့် ၁၂ ဘီးယာဉ် ဖြတ်သန်းစဉ် အရှည်ပေ ၁၇၀ ရှိ ဘေလီတံတား တံတားအမှတ် ၄/၃၂ ကျိုးကျမှုကြောင့် ယာဉ်များဖြတ်သန်းသွားလာမှုပြတ်တောက်သွားခဲ့၍ ကချင်ပြည်နယ်လမ်းဦးစီးဌာန၊ တံတားဦးစီးဌာနနှင့် ထိန်မိန်ကုမ္ပဏီတို့ ပူးပေါင်းကာ လမ်းလွှဲပြုလုပ်ပြီး H 20 သံပေါင်ဖြင့် ယာယီအစားထိုးတံတား တည်ဆောက်ပြီးစီးပြီဖြစ်သောကြောင့် ဒီဇင်ဘာ ၁၈ ရက် နံနက်ပိုင်းမှစတင်ကာ ၁၃ တန်နှင့်အောက် မော်တော်ယာဉ်များ ဖြတ်သန်းသွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# (၁၉)ကြိမ်မြောက် အရှေ့တောင်အာရှတက္ကသိုလ်များ အားကစားပြိုင်ပွဲတွင် ငွေတံဆိပ် လေးခု၊ ကြေးတံဆိပ် လေးခုထပ်မံရရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၈**

မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၁၉)ကြိမ်မြောက် အရှေ့တောင်အာရှ တက္ကသိုလ်များ အားကစားပြိုင်ပွဲကို ယနေ့ နံနက် ၈ နာရီမှစ၍ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အားကစားကွင်း၊ အားကစားရုံ အသီးသီး၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်း၊ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဝင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်၊ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲကျင်းပရေးကော်မတီ အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ အားကစားဝါသနာရှင် မိဘပြည်သူများ တက်ရောက်ကြည့်ရှုအားပေးသည်။



### ကြည့်ရှုအားပေး

ရှေးဦးစွာ ပီတန်းအားကစားကွင်း၌ ကျင်းပသော အမျိုးသား+အမျိုးသမီး Triples ပီတန်းဆီမီးဖိုင်နယ် ပြိုင်ပွဲတွင် ထိုင်းအသင်းနှင့် အင်ဒိုနီးရှားအသင်း၊ လာအိုအသင်းနှင့် ကမ္ဘောဒီးယားအသင်း ယှဉ်ပြိုင်နေမှုကို ဒုတိယဝန်ကြီး ဒေါက်တာ မြလေးစိန်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးသည်။

ပိုက်ကျော်ခြင်း အားကစားရုံတွင် အမျိုးသား လေးယောက်တွဲပြိုင်ပွဲများကို ယှဉ်ပြိုင်ကြရာ ပြိုင်ပွဲများအပြီး ဆုပေးပွဲအခမ်းအနားကို ကျင်းပရာ ထိုင်းအသင်းက ပထမ၊ အင်ဒိုနီးရှားအသင်းက ဒုတိယနှင့် မြန်မာအသင်းက တတိယရရှိခဲ့ပြီး အဆိုပါဆုများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။

### ပေးအပ်ချီးမြှင့်

ကရာတေးအားကစားရုံတွင် ကရာတေးပြိုင်ပွဲများကို ယှဉ်ပြိုင်ကြရာ အမျိုးသမီးအသင်းလိုက် ကုမိတဲ့ပြိုင်ပွဲတွင် ထိုင်းအသင်းက ပထမ၊ ဗီယက်နမ်အသင်းက ဒုတိယ၊ မြန်မာအသင်းနှင့် မလေးရှားအသင်းက ပူးတွဲတတိယရရှိခဲ့ပြီး အဆိုပါဆုများအား တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။

ဗိုဗီနမ်အားကစားရုံတွင် ဗိုဗီနမ်အားကစားပြိုင်ပွဲများကို ယှဉ်ပြိုင်ကြရာ အမျိုးသားတစ်ကိုယ်တော် ဓားတစ်လက် အပြပြိုင်ပွဲတွင် အင်ဒိုနီးရှားက ပထမ၊ ကျော်သူစိုးအောင် (မြန်မာ)က ဒုတိယနှင့် ကမ္ဘောဒီးယားက တတိယကိုလည်းကောင်း၊ အမျိုးသား(၅၄)ကီလိုတန်းအတိုက်ပြိုင်ပွဲတွင် ကမ္ဘောဒီးယားက ပထမနှင့် ဝိုင်းချစ်(မြန်မာ)က ဒုတိယကို လည်းကောင်း၊ အမျိုးသား+အမျိုးသမီးအသင်းလိုက် လေးယောက်တွဲပြိုင်ပွဲတွင် လာအိုက ပထမ၊ ကမ္ဘောဒီးယားက ဒုတိယနှင့် မြန်မာက တတိယကိုလည်းကောင်း၊ အမျိုးသမီး နှစ်ယောက်တွဲအတိုက် အပြပြိုင်ပွဲတွင် ဗီယက်နမ်က ပထမ၊ ကမ္ဘောဒီးယားနှင့် လာအိုက ပူးတွဲဒုတိယ၊ မြန်မာက တတိယကိုလည်းကောင်း အသီးသီးရရှိခဲ့ပြီး အဆိုပါဆုများအား တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။

စစ်တုရင်အားကစားရုံတွင် စစ်တုရင်ပြိုင်ပွဲများကို ယှဉ်ပြိုင်ရာ အမျိုးသမီးစစ်တုရင်ပြိုင်ပွဲတွင် မလေးရှားအသင်းက ပထမ၊ မြန်မာအသင်းက ဒုတိယနှင့် အင်ဒိုနီးရှားအသင်းက တတိယကို ရရှိခဲ့ပြီး အဆိုပါဆုများအား တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။

### ယှဉ်ပြိုင်ကစား

ဆက်လက်၍ ဝဏ္ဏသိဒ္ဓိအားကစားကွင်းတွင် အမျိုးသားဘောလုံးပြိုင်ပွဲ တတိယလုပွဲအဖြစ် မလေးရှားအသင်းနှင့် လာအိုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မိနစ် ၉၀ တွင် သရေကျနေသောကြောင့် ပင်နယ်တီအဆုံးအဖြတ်ဖြင့် မလေးရှားအသင်းက လာအိုအသင်းကို ငါးဂိုး-သုံးဂိုးဖြင့် လည်းကောင်း၊ ညနေ ၃ နာရီခွဲတွင် ဗိုလ်လုပွဲအဖြစ် ထိုင်းအသင်းနှင့် မြန်မာအသင်းတို့ ယှဉ်ပြိုင်ရာ ထိုင်းအသင်းက မြန်မာအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း အနိုင်ရရှိသည်။ ပြိုင်ပွဲများအပြီး ဆုပေးပွဲအခမ်းအနားကို ကျင်းပရာ တတိယဆုရရှိခဲ့သော မလေးရှားအသင်းအား နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်းက လည်းကောင်း၊ ဒုတိယဆုရရှိခဲ့သော မြန်မာအသင်းအား ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က လည်းကောင်း၊ ပထမဆုရရှိခဲ့သော ထိုင်းအသင်းအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက လည်းကောင်း **(အပေါ်ဓာတ်ပုံ)** ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

ယနေ့အထိ ပြိုင်ပွဲများတွင် မြန်မာအသင်းမှ ရွှေတံဆိပ် ၂၄ ခု၊ ငွေတံဆိပ် ၂၆ ခု၊ ကြေးတံဆိပ် ၂၉ ခု ရရှိထားကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

(၁၉) ကြိမ်မြောက် အရှေ့တောင်အာရှတက္ကသိုလ်များ
အားကစားပြိုင်ပွဲ - ၂၀၁၈
ဒီဇင်ဘာ ၁၀-၁၉
ဆုတံဆိပ်ရရှိမှု
ရက်စွဲ - ၁၈-၁၂-၂၀၁၈

| အဆင့် | နိုင်ငံအမည် | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁။ | ထိုင်း | ၆၂ | ၅၂ | ၃၈ | ၁၅၂ |
| ၂။ | အင်ဒိုနီးရှား | ၄၄ | ၃၉ | ၃၀ | ၁၁၃ |
| ၃။ | မလေးရှား | ၃၇ | ၄၃ | ၄၉ | ၁၂၉ |
| ၄။ | မြန်မာ | ၂၄ | ၂၆ | ၂၉ | ၇၉ |
| ၅။ | ဗီယက်နမ် | ၁၆ | ၉ | ၆ | ၃၁ |
| ၆။ | လာအို | ၇ | ၉ | ၁၁ | ၂၇ |
| ၇။ | စင်ကာပူ | ၅ | ၁၂ | ၁၈ | ၃၅ |
| ၈။ | ကမ္ဘောဒီးယား | ၅ | ၁၀ | ၁၂ | ၂၇ |
| ၉။ | တီမောလက်စ်တေ | ၂ | | | ၂ |
| ၁၀။ | ဖိလစ်ပိုင် | ၁ | | | ၁ |
| ၁၁။ | ဘရူနိုင်း | | | | |
| | စုစုပေါင်း | ၂၀၃ | ၂၀၀ | ၁၉၃ | ၅၉၆ |

## အရှေ့တောင်အာရှတက္ကသိုလ်များ ဗိုဗီနမ်ပြိုင်ပွဲအပြီးတွင် မြန်မာအသင်း နိုင်ငံအလိုက် ပထမနေရာရရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၈**

(၁၉)ကြိမ်မြောက် အရှေ့တောင်အာရှတက္ကသိုလ်များအားကစားပြိုင်ပွဲ၏ ဗိုဗီနမ်ပြိုင်ပွဲမှာ ယနေ့ ညနေပိုင်းက ပြီးဆုံးသွားပြီဖြစ်ပြီး မြန်မာဗိုဗီနမ်အဖွဲ့က နိုင်ငံအလိုက် ပထမနေရာတွင် ရပ်တည်ခဲ့သည်။

မြန်မာဗိုဗီနမ်အဖွဲ့သည် နောက်ဆုံးနေ့တွင် ရွှေတံဆိပ်ရယူနိုင်ခြင်းမရှိဘဲ ငွေနှစ်ခု၊ ကြေးနှစ်ခုသာ ဆွတ်ခူးရရှိခဲ့သည်။ မြန်မာ ဗိုဗီနမ်အဖွဲ့အတွက် ငွေတံဆိပ်ဆုများကို အမျိုးသား ၅၄ ကီလိုတန်းမှ ဝိုင်းချစ်၊ အမျိုးသားတစ်ကိုယ်တော် လက်သိုင်းအပြပြိုင်ပွဲတွင် ကျော်သူစိုးအောင်၊ ကြေးတံဆိပ်ဆုများကို အမျိုးသမီး နှစ်ယောက်တွဲ အပြပြိုင်ပွဲတွင် ခိုင်ကျော့ကျော့ဝေနှင့် ယဉ်သိမ့်ချော အတွဲ၊ အမျိုးသား သုံးဦးနှင့် အမျိုးသမီးတစ်ဦး အသင်းလိုက်အပြပြိုင်ပွဲတွင် သီတာမင်း၊ လပြည့်ဖြိုး၊ ဖြိုးမင်းခန့်နှင့် စိုင်းဖုန်းအောင်ဟိန်းအတွဲတို့က ရရှိခဲ့သည်။ ဗိုဗီနမ်ပြိုင်ပွဲအပြီးတွင် မြန်မာအသင်းက ရွှေငါးခု၊ ငွေငါးခု၊ ကြေးလေးခုဖြင့် ပထမ၊ ကမ္ဘောဒီးယားအသင်းက ရွှေလေးခု၊ ငွေငါးခု၊ ကြေးရှစ်ခုဖြင့် ဒုတိယ၊ ဗီယက်နမ်အသင်းက ရွှေလေးခု၊ ငွေသုံးခု၊ ကြေးနှစ်ခုဖြင့် တတိယ၊ လာအိုအသင်းက ရွှေနှစ်ခု၊ ငွေသုံးခု၊ ကြေးနှစ်ခုဖြင့် အဆင့် လေး၊ ထိုင်းအသင်းက ရွှေတစ်ခု၊ ငွေနှစ်ခု၊ ကြေးနှစ်ခုဖြင့် အဆင့်ငါး၊ အင်ဒိုနီးရှားအသင်းက ရွှေတစ်ခု၊ ငွေတစ်ခုဖြင့် အဆင့်ခြောက်နေရာတွင် ရပ်တည်ခဲ့သည်။

မြန်မာဗိုဗီနမ်အဖွဲ့သည် ပြိုင်ပွဲ အမျိုးအစား ၁၇ မျိုး ထည့်သွင်းကျင်းပရာတွင် ၁၄ မျိုး၌ ဆုတံဆိပ်ရယူနိုင်ခဲ့သည်။ **ညီမြတ်သော်တာ**

## အောင်ပွဲရ မြန်မာတက္ကသိုလ်ဂေါက်သီးကစားသမားများအား မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်က ဂုဏ်ပြုဆုငွေများ ချီးမြှင့်မည်

**နေပြည်တော် ဒီဇင်ဘာ ၁၈**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် (၁၉)ကြိမ်မြောက် အရှေ့တောင်အာရှတက္ကသိုလ်များ အားကစားပြိုင်ပွဲတွင် အောင်မြင်မှုရခဲ့သည့် မြန်မာတက္ကသိုလ်ဂေါက်သီးကစားသမားများအား မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်က ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်မည်ဖြစ်သည်။

အရှေ့တောင်အာရှတက္ကသိုလ်များ အားကစားပြိုင်ပွဲ၏ ဂေါက်သီးရိုက်ပြိုင်ပွဲကို ဒီဇင်ဘာ ၁၃ ရက်မှ ၁၆ ရက်အထိ နေပြည်တော်ရှိ မြို့တော်ဂေါက်ကွင်း၌ ကျင်းပခဲ့ပြီး မြန်မာတက္ကသိုလ် ဂေါက်သီးအဖွဲ့က ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်တစ်ခု ဆွတ်ခူးရရှိခဲ့သည်။ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေးက အောင်ပွဲရ မြန်မာတက္ကသိုလ် ဂေါက်သီးကစားသမားများဖြစ်သည့် ရွှေတံဆိပ်ဆုရ လှိုင်မင်းထက်ကို ဂုဏ်ပြုဆုငွေကျပ် သိန်း ၃၀၊ ငွေတံဆိပ်ဆုရ ဧကရီဝင်းထွန်းကို ဂုဏ်ပြုဆုငွေကျပ် သိန်း ၂၀ ပေးအပ်ချီးမြှင့်မည်ဖြစ်သည်။ အရှေ့တောင်အာရှ တက္ကသိုလ်များ ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၌ မြန်မာဂေါက်သီးရိုက်ကစားသမား လှိုင်မင်းထက်က သတ်မှတ်ရိုက်ချက်ထက် တစ်ချက်လျှော့ရိုက်ကာ ထိုင်း၊ မလေးရှား၊ ဗီယက်နမ်တို့မှ ကစားသမားများကို ကျော်ဖြတ်ပြီး ရွှေတံဆိပ်ဆုရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ငွေတံဆိပ်ဆုကိုမူ အမျိုးသမီးတစ်ဦးချင်း ပြိုင်ပွဲတွင် ဧကရီဝင်းထွန်းက သတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်ပိုရိုက်ကာ စုစုပေါင်း ရိုက်ချက် ၂၉၆ ချက်ဖြင့် ရယူနိုင်ခဲ့သည်။

ယင်းပြိုင်ပွဲတွင် အိမ်ရှင်မြန်မာအပါအဝင် ထိုင်း၊ မလေးရှား၊ ဗီယက်နမ်၊ လာအို စုစုပေါင်းငါးနိုင်ငံမှ ကစားသမား ၃၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ **ညီမြတ်သော်တာ**

## လေးယောက်တွဲပိုက်ကျော်ခြင်း ပြိုင်ပွဲတွင် မြန်မာအသင်း ကြေးတံဆိပ်ရရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၈** - မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် အရှေ့တောင်အာရှ တက္ကသိုလ်များအားကစားပြိုင်ပွဲ၏ လေးယောက်တွဲပိုက်ကျော်ခြင်းပြိုင်ပွဲ နောက်ဆုံးနေ့ကို ယနေ့ နံနက်ပိုင်းမှစ၍ ကျင်းပရာ မြန်မာအသင်း ကြေးတံဆိပ်ဆွတ်ခူးရရှိခဲ့သည်။

ပြိုင်ပွဲနောက်ဆုံးနေ့တွင် မြန်မာအသင်းက မလေးရှားအသင်းကို နှစ်ပွဲပြတ်၊ လာအိုအသင်းကို နှစ်ပွဲပြတ်ဖြင့် အနိုင်ရပြီး ထိုင်းအသင်းကို နှစ်ပွဲပြတ် ရှုံးနိမ့်ခဲ့သည်။ မြန်မာအသင်းသည် ယမန်နေ့က ကစားသည့်ပွဲတွင် အင်ဒိုနီးရှားကို နှစ်ပွဲပြတ်ရှုံးနိမ့်ခဲ့သောကြောင့် နှစ်ပွဲနိုင်၊ နှစ်ပွဲရှုံးဖြင့် ကြေးတံဆိပ်သာရခဲ့ခြင်းဖြစ်သည်။

ပြိုင်ပွဲအပြီးတွင် ထိုင်းအသင်းက လေးပွဲစလုံးအနိုင်ရပြီး ရွှေတံဆိပ်၊ အင်ဒိုနီးရှားအသင်းက သုံးပွဲနိုင်၊ တစ်ပွဲရှုံးဖြင့် ငွေတံဆိပ်၊ မြန်မာအသင်းက နှစ်ပွဲနိုင်၊ နှစ်ပွဲရှုံးဖြင့် ကြေးတံဆိပ်ရခဲ့သည်။ ပိုက်ကျော်ခြင်းပြိုင်ပွဲအပြီးတွင် မြန်မာအသင်းက ရွှေတစ်ခု၊ ငွေတစ်ခု၊ ကြေးတစ်ခုရရခဲ့သည်။

**ညီမြတ်သော်တာ**






## မြန်မာ့ရုပ်မြင်သံကြား

၁၉-၁၂-၂၀၁၈ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၇း၃၅ - မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း
၈း၃၅ - ပညာရေးစကားဝိုင်း "တက္ကသိုလ်ဝင်တန်း စာမေးပွဲမေးခွန်းပုံစံ ပြောင်းလဲခြင်း"
၉း၃၀ - စိုက်ပျိုးရေးရာအဖြေရှာ "သဘာဝစိမ်းပြာရေညှိ ထုတ်လုပ်ရာ စစ်ကိုင်းဇွန်မှာ"
၉း၄၅ - "ညွှန်းဖွဲ့စာမဝီအနုလက်ရာတို့ ဆီ" (သမိုင်းဝင်ဖိုလ်ဝင်တောင် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ)
၁၀း၃၀ - ပြည်သူ့နီတိ "မာတာမိခင်"
၁၁း၁၅ - ရှုဖွယ်စုံလင်အာဆီယံ အစီအစဉ်
၁၁း၄၀ - သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် "နောင်တွင်ဥဒါန်း တွင်စေသတည်း"

**ညပိုင်း**

၁၆း၁၅ - **(၁၉)ကြိမ်မြောက် အရှေ့တောင်အာရှတက္ကသိုလ်များအားကစားပြိုင်ပွဲ ပိတ်ပွဲ အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်**
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသ အခြေအနေ
၂၀း၃၅ - "ချင်းတောင်တန်းများရဲ့ မိခင်ခေါ် နူးစုမ်ဆီ" -သုခုမရင်ခွင်အငြိမ့်သဘင် "အလင်္ကာဖန်တီးရှင် အငြိမ့်"

# ပျဉ်းမနားမြို့၌ ရွှေ ငွေလက်ဝတ်ရတနာများ ဖောက်ထွင်းခိုးယူသူများကို ဖမ်းဆီးရမိ



**နေပြည်တော် ဒီဇင်ဘာ ၁၈**

ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက်၌ ရွှေ၊ ငွေလက်ဝတ်ရတနာများ ဖောက်ထွင်းခိုးယူသူများကို ဒီဇင်ဘာ ၁၅ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၅ ရက် ည ၁၂ နာရီခွဲတွင် ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက် သူကြီးစု နယ်မြေအတွင်းရှိ နေအိမ်တစ်လုံးအား အိမ်ခန်းတံခါးများ ဖျက်ဆီးပြီး ရွှေထည်ပစ္စည်းခုနစ်မျိုးနှင့် လက်ပတ်နာရီ သုံးလုံးခိုးယူမှု ဖြစ်ပွားခဲ့သည်။

အဆိုပါဖြစ်စဉ်ကို တရားလိုက အမှုဖွင့်ဆောင်ရွက်ပြီးနောက် နေပြည်တော်တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမျိုးဆွေ၏ ညွှန်ကြားမှု၊ ဒက္ခိဏခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဖုန်းမြင့်၏ ကြီးကြပ်မှုဖြင့် ပျဉ်းမနားမြို့မှ ယာယီစခန်းမှူး ရဲအုပ်စိုင်းကျော်လွင်နှင့် နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်သက်နိုင်ဦးတို့ ဦးဆောင်၍ ရွာကောက်ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက နယ်မြေအတွင်း မသင်္ကာသူများနှင့် ခိုးမှုကျူးလွန်ခဲ့ဖူးသူများကို နေ့/ညမပြတ် စောင့်ကြည့်စုံစမ်းစစ်ဆေးခဲ့ရာ ဒီဇင်ဘာ ၁၅ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ယခင်ခိုးမှုကျူးလွန်ခဲ့ဖူးသူ ချစ်ကို(ခ) ကျော်စွာမင်း၊ ပန်းခင်း(၁) ရပ်ကွက်နှင့် မင်းမြတ်လူ၊ သာယာကုန်း(၁)ရပ်ကွက်နေသူတို့နှစ်ဦးကို မသင်္ကာသဖြင့် ဖမ်းဆီးစစ်ဆေးခဲ့သည်။ ထိုသို့ စစ်ဆေးရာတွင် ၎င်းတို့နှစ်ဦးက တရားလို ဦးဇော်မင်းအောင်၏ နေအိမ်မှ ရွှေထည်ပစ္စည်းနှင့်အခြားပစ္စည်းများခိုးယူခဲ့ကြောင်းသိရှိရသဖြင့် ပြစ်မှုကျူးလွန်သူများကို အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဇော်မျိုးနိုင်**

# လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်အရ ကျွန်းသစ်နှင့်အခြားသစ်များ တန်ချိန် ၄၃၀ ကျော် ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၈**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန တိုင်းဒေသကြီးနှင့် ပြည်နယ်သစ်တောဦးစီးဌာနများမှ ဝန်ထမ်းများသည် နိုဝင်ဘာလမှ ဒီဇင်ဘာ ၉ ရက်အထိ ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်ဖြင့် ၂၀၁၈ ခုနှစ် နိုဝင်ဘာလအတွင်း ဖမ်းဆီးရမိမှု စာရင်းချုပ်မှာဖမ်းဆီးအကြိမ် (၁၈၄)ကြိမ်တွင် တရားခံ ၇၄ ဦး၊ ယာဉ် ၃၉ စီးနှင့် ကျွန်း ၉၄ ဒသမ ၉၂၇၃ တန်၊သစ်မာ ၉၃ ဒသမ ၃၆၉ တန်၊ အခြား ၂၄၁ ဒသမ ၈၂၃၄ တန် စုစုပေါင်း ၄၃၀ ဒသမ ၁၁၉၇ တန်၊ သစ်တောထွက်ပစ္စည်း၊ ဆက်စပ်ပစ္စည်းများဖြစ်သော ကျွန်းပရိဘောဂပစ္စည်းများ (စားပွဲ၊ ခုံတန်းလျား၊ ဗီရို၊ ဆက်တီ၊ တံခါးချပ်၊ ကျည်းပေါင်၊ ပွတ်လုံး)၊ မျော ၅၁၁၂ လုံး၊ ထင်း ၄၈ ဒသမ ၆၈၄၉ တန်၊ မီးသွေး ၃၅ ဒသမ ၇ တန်၊ ချိန်းဆောခြောက်လက်၊ လွှဝိုင်းခုနစ်ဝိုင်းနှင့် ဆက်စပ်ပစ္စည်းများ၊ လွှဝိုင်းခုံအဟောင်း တစ်ခု၊ အင်ဂျင် ၁၅ လုံး၊ ရေစုပ်စက်တစ်လုံး၊ မော်တာတစ်လုံးတို့ကို ဖမ်းဆီးရမိခဲ့၍ သစ်တောဥပဒေဖြင့် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ။**

# မိတ္ထီလာမြို့၌ ဖြစ်ပွားသောဖြစ်စဉ်မှ လူနာသေဆုံးသည်ဆိုခြင်းမှာ ကောလာဟလသာ ဖြစ်ဟုသိရ

**မိတ္ထီလာ ဒီဇင်ဘာ ၁၈**

မိတ္ထီလာမြို့ သီရိမင်္ဂလာရပ်ကွက်၌ ဖြစ်ပွားသော ဖြစ်စဉ်မှ လူနာသေဆုံးသည်ဆိုခြင်းမှာ ကောလာဟလသာဖြစ်ကြောင်း မလှိုင်မြို့နယ် သံဃနာယက အတွင်းရေးမှူးဆရာတော် ဦးဉာဏ္ဍကုံသ၏ မိန့်ကြားချက်အရ သိရသည်။

အဆိုပါ ဖြစ်စဉ်မှ လူနာကို ကျန်းမာရေးကုသရန် ထောက်ပံ့ပေးအပ်ခြင်းကို ဒီဇင်ဘာ ၁၆ ရက် ညနေ ၃ နာရီက မိတ္ထီလာမြို့ ဝေယံဘုံသာကျောင်းတိုက်၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားသို့ မိတ္ထီလာနှင့် မလှိုင်မြို့နယ်မှ ဆရာတော် သံဃာတော်များနှင့် လူနာမောင်ဌေး၏ မိသားစုဝင်များ၊ မိတ္ထီလာမြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး မသိမ့်သိမ့်အောင်တို့နှင့် မိတ္ထီလာမြို့၏ အမှုကိစ္စကို စိတ်ဝင်စားသူများတက်ရောက်ခဲ့ပြီး လူနာမောင်ဌေး၏ ကျန်းမာရေးကိစ္စနှင့်ပတ်သက်သည့် ကောလာဟလများနှင့်ပတ်သက်၍ မလိုလားအပ်သောအခြေအနေမဖြစ်ပေါ်စေရန် ဆွေးနွေးညှိနှိုင်းခြင်းများ ပြုလုပ်ခဲ့ကြသည်။

မိတ္ထီလာမြို့ သီရိမင်္ဂလာရပ်ကွက်၌ ဖြစ်ပွားခဲ့သောဖြစ်စဉ်နှင့် ပတ်သက်၍ ကောလာဟလသတင်းများကြောင့် မောင်ဌေး၏ ကျန်းမာရေးအခြေအနေအား မလှိုင်မြို့နယ် သံဃနာယက အတွင်းရေးမှူး ဆရာတော် ဦးဉာဏ္ဍကုံသက " မန္တလေးပြည်သူ့ဆေးရုံကြီးမှာ တင်ထားပါတယ်။ လူနာရဲ့အခြေအနေအရ အပြင်မှာထားလို့ မသင့်တဲ့အတွက် အထူးကြပ်မတ်ဆောင်မှာထားပါတယ်" ဟု မိန့်ကြားသည်။

မိတ္ထီလာမြို့တွင် ဒီဇင်ဘာ ၇ ရက် ည ၇ နာရီတွင် မလှိုင်မြို့အမှတ် (၁၃)ရပ်ကွက်နေ အကြော်ဆရာလုပ်ကိုင်သူ မောင်ဌေး (ခ)တောက်တဲ့ (၃၈ နှစ်) အား ၎င်းလုပ်ကိုင်သည့် လက်ဖက်ရည်ဆိုင်ပိုင်ရှင် ဒေါ်ပြုံးကြည်က ရိုက်နှက်၍ မောင်ဌေးတွင် ဒဏ်ရာရရှိခဲ့သဖြင့် မန္တလေးမြို့ ပြည်သူ့ဆေးရုံကြီးရှိ အထူးကြပ်မတ်ဆောင်၌ ဆေးကုသ မှုခံယူနေရကြောင်း၊ အဆိုပါအမှုအား မိတ္ထီလာအမှတ်(၂)နယ်မြေ ရဲစခန်းမှ (ပ)၄၄၇/၂၀၁၈ ရာဇသတ်ကြီးပုဒ်မ ၃၂၅ မှ ၃၂၅/၃၀၇ သို့ ပြောင်းလဲ အမှုဖွင့်ဆောင်ရွက်ကာ ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

မိတ္ထီလာမြို့တွင် အဆိုပါအမှုနှင့်ပတ်သက်၍ ဆရာတော် သံဃာတော်များ၊ လူပုဂ္ဂိုလ်များနှင့် မိတ္ထီလာမြို့မှ တာဝန်ရှိသူများက မိတ္ထီလာမြို့၌ ဖြစ်ပေါ်နေသော ကောလာဟလသတင်းများနှင့် ပတ်သက်၍ မလိုလားအပ်သောဖြစ်ရပ်များ မဖြစ်ပေါ်စေရန် ညှိနှိုင်းလုပ်ဆောင် လျက်ရှိကာ ရဲတပ်ဖွဲ့ကလည်း ဒေါ်ပြုံးကြည်ကို ဖမ်းဆီးထားပြီး ဒီဇင်ဘာ ၁၈ ရက် မွန်းလွဲ ၂ နာရီ ၅ မိနစ်တွင် အမှုမှ မသင်္ကာသူဖြစ်သောအမျိုးသားလေးဦးနှင့် အမျိုးသမီးတစ်ဦးတို့ကို ဖမ်းဆီးစစ်ဆေးလျက် ရှိကြောင်း သိရသည်။

**ဘိုဘို(မလှိုင်)**



# အီဒလစ်ပြည်နယ် လွတ်မြောက်ရေးကို ဦးစားပေးကိစ္စတစ်ရပ်အဖြစ် ဆီးရီးယားအစိုးရရှုမြင်

ဒမတ်စကတ် ဒီဇင်ဘာ ၁၈

**ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီး ဝါလစ်အယ်လ်မိုအာလမ်သည် ဆီးရီးယားအစိုးရ၏ အဓိကဦးစားပေးကိစ္စမှာ အီဒလစ်ပြည်နယ် လွတ်လပ်ရေးပင်ဖြစ်သည်ဟု တနင်္လာနေ့တွင်ပြောကြားခဲ့ကြောင်း ဆာနားသတင်းအေဂျင်စီက ဖော်ပြခဲ့ကြောင်း သိရသည်။**

အကြမ်းဖက်အုပ်စုများထံမှ အီဒလစ်ပြည်နယ် လွတ်မြောက်ရေးအတွက် ကြိုးပမ်းရာတွင် ဆီးရီးယားနှင့် ရုရှားတို့အကြား ပူးပေါင်းဆောင်ရွက်မှုများရှိနေကြောင်း အယ်လ်မိုအာလမ်က ပြောကြားခဲ့သည်။ တူရကီ၊ အီရန်နှင့် ရုရှားတို့သည် ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ ကော်မတီတစ်ရပ်ဖွဲ့စည်းမှု အပါအဝင် ဆီးရီးယားအရေးကိစ္စကို ဆွေးနွေးရန်အတွက် မကြာမီ ဂျီနီဗာ၌ တွေ့ဆုံသွားကြမည်ဖြစ်ရာ အီဒလစ်ပြည်နယ်နှင့် ပတ်သက်၍ ၎င်းက ထိုသို့ ပြောဆိုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တူရကီနှင့် ရုရှားတို့သည် စက်တင်ဘာလက အီဒလစ်ပြည်နယ်နှင့် အနီးဝန်းကျင် ဒေသများတွင် စစ်မဲ့ဇုန်ထူထောင်ရန်အတွက် သဘောတူညီခဲ့ကြသည်။ သို့သော်လည်း သဘောတူစာချုပ်ကို ချိုးဖောက်မှုများ နေ့စဉ်နှင့်အမျှ ဖြစ်ပွားခဲ့သည်။

ဆီးရီးယားရှိ ဒေသများအားလုံး လွတ်မြောက်ရေးနှင့် စပ်လျဉ်း၍ ပြောဆိုရာတွင် အယ်လ်မိုလမ်က ဆီးရီးယားအစိုးရသည် မြောက်ပိုင်းရှိ ကာ့ဒ်မျိုးနွယ်စုများက ထိန်းချုပ်ထားသည့် ဒေသများဆီသို့ အာရုံစိုက်သွားမည့် လက္ခဏာရှိကြောင်း ပြောကြားခဲ့သည်။

ဆီးရီးယားမြောက်ပိုင်းရှိ ကာ့ဒ်ကိုယ်ပိုင်အုပ်ချုပ်ရေးအဖွဲ့က ဆီးရီးယားအရှေ့ပိုင်းရှိ ကာ့ဒ်စစ်သွေးကြွကို နှိမ်နင်းသည့် စစ်ဆင်ရေးတစ်ရပ်ကို တူရကီတို့က ပြန်လည်ဆင်နွှဲလာနိုင်သည့် အန္တရာယ်ကို တုံ့ပြန်ဆောင်ရွက်ရန် တောင်းဆိုခဲ့သည်။



ဒမတ်စကတ်တက္ကသိုလ်တွင် ပြုလုပ်သည့် အစည်းအဝေး၌ ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီး ဝါလစ်အယ်လ်မိုအာလမ်ဆွေးနွေးစဉ်။

ဆီးရီးယားနိုင်ငံသား ကာ့ဒ်မျိုးနွယ်စုများသည် ဆီးရီးယားလူမှုအဖွဲ့အစည်း၏ အစိတ်အပိုင်းတစ်ခုပင်ဖြစ်ရာ ဆီးရီးယားအစိုးရအနေဖြင့် အီဒလစ်ပြည်နယ်၏ အကျိုးစီးပွားအတွက် ဆွေးနွေးမှုများ ပြုလုပ်သွားရန် အသင့်ပင် ဖြစ်ကြောင်း အယ်လ်မိုလမ်က ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# ကမ္ဘောဒီးယား၌ မှောင်ခိုဆင်စွယ်အများအပြား ဖမ်းမိ

**ဖနောင်ပင် ဒီဇင်ဘာ ၁၈**

ကမ္ဘောဒီးယားနိုင်ငံတွင် အကောက်ခွန်အာဏာပိုင်များသည် မှောင်ခိုဆင်စွယ် ၃.၂တန်ကျော်ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

မြို့တော်ဖနောင်ပင်ရှိ ဆိပ်ကမ်းတစ်ခု၌ ဆင်စွယ်ပေါင်း ၁၀၂၆ ခုကို ဖမ်းဆီးရမိခဲ့ကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။

ယင်း ဆင်စွယ်များကို ပြီးခဲ့သည့်နှစ်က မိုဇမ်ဘစ်နိုင်ငံမှ ကမ္ဘောဒီးယားဆိပ်ကမ်းသို့ ရောက်ရှိလာခဲ့သည့် စကျင်ကျောက်များပါသော ကုန်သေတ္တာထဲ၌ သိုဝှက်ထားခဲ့ခြင်းဖြစ်ကြောင်း အေအက်ဖ်ပီသတင်းဌာနက ဖော်ပြခဲ့ပြီး ယင်းကုန်သေတ္တာမှာ ပိုင်ရှင်မဲ့ဖြစ်ကြောင်း သိရသည်။

တရုတ်နှင့် ဗီယက်နမ်ကဲ့သို့သော နိုင်ငံများတွင် ဆင်စွယ်ဖြင့် ပြုလုပ်ထားသော အဆင်တန်ဆာများ အရောင်းတွင် ကျယ်လျက်ရှိကာ မှောင်ခိုဆင်စွယ်ရောင်းဝယ်မှုများ ရှိနေဆဲဖြစ်သည်။

ထိုင်းအာဏာပိုင်များက တရားမဝင် ဆင်စွယ်ရောင်းချသည့် ဈေးကွက်နှိမ်နင်းမှုများကို အရှိန်မြှင့်လုပ်ဆောင်ခဲ့ပြီးနောက်တွင် ကမ္ဘောဒီးယားသည် အရှေ့တောင်အာရှမှ မှောင်ခိုဆင်စွယ်များကို လွှဲပြောင်းရာ အချက်အချာနေရာဖြစ်လာကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**




ဖမ်းဆီးရမိသည့် မှောင်ခိုဆင်စွယ်များကို တွေ့ရစဉ်။

## အာဖဂန်ပြည်တွင်းစစ် အဆုံးသတ်ရန် အာဖဂန်-တာလီဘန်ကိုယ်စားလှယ်များ အမေရိကန်နှင့်တွေ့ဆုံ

**ဒူဘိုင်း ဒီဇင်ဘာ ၁၈**

အာဖဂန်နစ္စတန်နိုင်ငံ၏ ၁၇ နှစ်ကြာဖြစ်ပွားနေသော ပြည်တွင်းစစ်ကိုအဆုံးသတ်ရန် အာဖဂန်-တာလီဘန်ကိုယ်စားလှယ်များသည် အမေရိကန်အရာရှိများနှင့် မကြာသေးမီက တွေ့ဆုံခဲ့ကြောင်း သတင်းများတွင် ဖော်ပြခဲ့သည်။

အဆိုပါတွေ့ဆုံဆွေးနွေးမှုကို အာရပ်စော်ဘွားများပြည်ထောင်စုတွင် ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ပါကစ္စတန်က ကြားဝင်ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ သို့သော်လည်း တွေ့ဆုံဆွေးနွေးခြင်းနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို ထုတ်ဖော်ပြောကြားခြင်းမရှိကြောင်း သိရသည်။

အဆိုပါတွေ့ဆုံပွဲတွင် အမေရိကန်အထူးကိုယ်စားလှယ် ဇမေးခါလီဇက်က အမေရိကန်ကိုယ်စားလှယ်အဖွဲ့များကို ဦးဆောင်ပြီး ပါကစ္စတန်၊ အာဖဂန်နစ္စတန်၊ ဆော်ဒီအာရေဗီးယားနှင့် အိမ်ရှင်ယူအေအီးနိုင်ငံမှ ကိုယ်စားလှယ်များလည်း တက်ရောက်ခဲ့ကြောင်း သိရသည်။

တာလီဘန်နှင့် ပါကစ္စတန်အရာရှိများအနေဖြင့် အမေရိကန်ကိုယ်စားလှယ်အဖွဲ့ကိုသာ စကားပြောခဲ့ကြောင်းနှင့် အာဖဂန်ညီညွတ်ရေးအစိုးရကိုယ်စားလှယ်တစ်ယောက်တလေကိုမျှ စကားဆွေးနွေးပြောဆိုရန် အစီအစဉ်မရှိကြောင်း တာလီဘန်ပြောခွင့်ရ ပုဂ္ဂိုလ်ဖြစ်သည့် ဇာဘီဟူလာမူဂျာဟစ်က ပြောသည်။

ယခုတွေ့ဆုံမှုသည် အာဖဂန်ပဋိပက္ခအဆုံးသတ်ရေးအတွက် အာဖဂန်အချင်းချင်းကြား ဆွေးနွေးညှိနှိုင်းမှုများဖြစ်ပေါ်လာအောင် အမေရိကန်ဘက်က ကြိုးစားဆောင်ရွက်ခြင်းဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဌာန ပြောခွင့်ရပုဂ္ဂိုလ်တစ်ဦးက ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

# အိန္ဒိယနိုင်ငံ မွမ်ဘိုင်းရှိ ဆေးရုံတစ်ရုံမီးလောင်မှုကြောင့် သေဆုံးသူ ရှစ်ဦးအထိတိုးလာ

**မွမ်ဘိုင်း ဒီဇင်ဘာ ၁၈**

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့တွင် ယမန်နေ့က ဆေးရုံမီးလောင်မှု ဖြစ်ပွားခဲ့ရာ ငါးလသားအရွယ် မိန်းကလေးငယ်တစ်ဦးအပါအဝင် သေဆုံးသူဦးရေသည် ယနေ့နောက်ဆုံးချိန်ထိ ရှစ်ဦးအထိ တိုးမြှင့်လာခဲ့ကြောင်း သတင်းရရှိသည်။

ဆေးရုံမီးလောင်မှုကြောင့် လူပေါင်း အနည်းဆုံး ၁၇၆ ခန့်ကို ကယ်ထုတ်ပေးခဲ့ပြီး နီးစပ်ရာဆေးရုံများသို့ ပြောင်းရွှေ့ပေးခဲ့ရကြောင်း သတင်းများတွင် ဖော်ပြထားသည်။

ဆေးရုံသည် မွမ်ဘိုင်းမြို့ အန်ဒရီအရှေ့ပိုင်းရပ်ကွက်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အစိုးရပိုင် ESIC Kamgar ငါးထပ်တိုက်ဆေးရုံ မီးလောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဒဏ်ရာရရှိသူများကို ကယ်ထုတ်နိုင်ရေးအတွက် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေပြီး မီးငြှိမ်းသတ်ရန် မီးသတ်တပ်ဖွဲ့များကို စေလွှတ်ထားကြောင်း သိရသည်။

မီးလောင်မှုသည် ညနေ ၄ နာရီခန့်တွင် စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ဒေသတွင်းမီဒီယာများ၏ သတင်းဖော်ပြချက်တွင် တွေ့ရသည်။ မီးသတ်သမားများ၏ ကြိုးစားမီးငြှိမ်းသတ်မှုကြောင့် ညနေ ခုနစ်နာရီခွဲတွင် မီးငြိမ်းခဲ့ကြောင်း သိရသည်။ ထို့အတူ မီးသတ်သမားတစ်ဦးလည်း ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ချိန်တွင် ဆေးရုံ၌ ဆေးကုသမှုခံယူနေသူ လူနာ ၁၆၀ ခန့်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**



မွမ်ဘိုင်း၌ မီးလောင်နေသည့် ဆေးရုံကို မီးသတ်သမားများ မီးငြှိမ်းသတ်နေစဉ်။

## နိုင်ငံတကာ သတင်းတိုထွာ

### နီပေါဝန်ကြီးချုပ်ဟောင်း ကွယ်လွန်

**ခတ္တမန္ဒူ ဒီဇင်ဘာ ၁၈**

နီပေါဝန်ကြီးချုပ်ဟောင်း တူလ်ဆီ ဂီရီသည် ဒီဇင်ဘာ ၁၈ ရက်က ကွယ်လွန်သွားခဲ့ကြောင်း သတင်းများတွင် ဖော်ပြခဲ့သည်။

ဂီရီသည် အသည်းကင်ဆာကို ကာလရှည်ကြာ ခံစားခဲ့ရပြီးနောက် မြို့တော် ခတ္တမန္ဒူမြို့ရှိ ၎င်း၏နေအိမ်တွင် ကွယ်လွန်သွားခဲ့ကြောင်း ၎င်း၏ မိသားစုက အတည်ပြုပြောကြားခဲ့သည်။

ဂီရီကွယ်လွန်ခဲ့သည့်အတွက် နီပေါဝန်ကြီးချုပ် ကေပီ ရှာမာအိုလီနှင့် နိုင်ငံရေးပါတီများမှ ထိပ်တန်းခေါင်းဆောင်များက ဒီဇင်ဘာ ၁၈ ရက်က ဝမ်းနည်းကြေကွဲခဲ့ရကြောင်း ပြောကြားခဲ့သည်။

ကွယ်လွန်ခဲ့သည့် နီပေါဝန်ကြီးချုပ်ဟောင်း ဂီရီသည် နိုင်ငံရေးလောကတွင် ၁၉၆၀ ပြည့်နှစ်မှ ၂၀၀၅ ခုနှစ်အထိ ပါဝင်လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

### ပေါ်တူဂီမြောက်ပိုင်းတွင် အရေးပေါ်ဆေးကုသရေး ရဟတ်ယာဉ်ပျက်ကျရာ လူလေးဦးသေဆုံး

**လစ္စဘွန်း ဒီဇင်ဘာ ၁၈**

ပေါ်တူဂီနိုင်ငံမြောက်ပိုင်းတွင် မကြာသေးမီက အရေးပေါ်ဆေးကုသရေး ရဟတ်ယာဉ်တစ်စင်း ပျက်ကျမှုဖြစ်ပွားခဲ့ရာ လူလေးဦး သေဆုံးခဲ့ကြောင်း ပေါ်တူဂီ လူဇာသတင်းဌာနက မကြာသေးမီက ဖော်ပြခဲ့သည်။

အမျိုးသားအရေးပေါ် ဆေးကုသရေးအဖွဲ့က အဆိုပါရဟတ်ယာဉ် ပျောက်ဆုံးသွားပြီး ပေါ်တူဂီနိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့တော် ပေါ်တိုမြို့အနီး ပျက်ကျနေသည်ကို တွေ့ခဲ့ရကြောင်း ပြောကြားခဲ့သည်။

ရဟတ်ယာဉ်ပေါ် လိုက်ပါလာသူ လေးဦးစလုံး သေဆုံးခဲ့ကြောင်း မကြာသေးမီက သတင်းများတွင် အတည်ပြုဖော်ပြခဲ့ကြသည်။

သေဆုံးသူများအနက် နှစ်ဦးမှာ ရဟတ်ယာဉ်မှူးများဖြစ်ပြီး ကျန်နှစ်ဦးမှာ ဆရာဝန်တစ်ဦးနှင့် သူနာပြုတစ်ဦး ဖြစ်ကြောင်း သိရသည်။

ရဟတ်ယာဉ်သည် ရာသီဥတုဆိုးရွားနေသည့် ဒီဇင်ဘာ ၁၅ ရက်တွင် အလွန်အမင်း နေမကောင်းဖြစ်နေသော လူနာတစ်ဦးအား ပေါ်တိုမြို့ရှိ ဆေးရုံသို့ လိုက်လံပို့ဆောင်ပြီးနောက် စခန်းသို့ ပြန်လာစဉ် ထိုသို့ ပျက်ကျခဲ့ခြင်း ဖြစ်သည်။

ရဟတ်ယာဉ် ပျက်ကျရသည့် အကြောင်းရင်းကို စုံစမ်းလျက်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

# အသစ်ပြဋ္ဌာန်းလိုက်တဲ့ ဂျပန်လူဝင်မှု ဥပဒေသစ် အလုပ်သမားရှားပါးတဲ့ အခြေအနေကိုဖြေရှင်းပေးနိုင်မလား

**ထွန်းသစ်စ**

**အာရှနိုင်ငံတွေကို ကြည့်လိုက်မယ်ဆိုရင် တိုးတက်မှုတွေ တွေ့မြင်နေရသလို ဆုတ်ယုတ်မှုတွေလည်းအတူတကွဖြစ်ပေါ်လျက်ရှိပါတယ်။ တိုးတက်မှုနဲ့ ဆုတ်ယုတ်မှုဆိုတာ အမြဲဒွန်တွဲနေတယ်ဆိုတာ ငြင်းမရပါဘူး။ အာရှနိုင်ငံတွေထဲကမှ ဒီကနေ့ ဂျပန်နိုင်ငံကို ပြန်ကြည့်မယ်ဆိုရင် စီးပွားရေးဆိုင်ရာ တိုးတက်မှုတွေ တွေ့မြင်နေရသော်လည်း လျော့နည်းသွားတဲ့လုပ်အားတွေ ရှိနေတာကို တွေ့မြင်ရပါတယ်။ ဒါဟာ ဘာကြောင့်လဲဆိုရင် လတ်တလောမှာ ဂျပန်နိုင်ငံမှာ သက်ကြီးလူဦးရေတိုးပွားနှုန်းမြင့်တက်လာပြီး အလုပ်သမားရှားပါးတဲ့ အခြေအနေကို ရင်ဆိုင်နေရလို့ပဲ ဖြစ်ပါတယ်။**



တိုကျိုဆိပ်ကမ်းတွင် အလုပ်လုပ်နေသော အလုပ်သမားအချို့ကို တွေ့ရစဉ်။

**ဖြေရှင်းနေပြီ**

ဂျပန်နိုင်ငံအနေနဲ့ လျော့နည်းသွားတဲ့ လုပ်အားနဲ့ တိုးပွားလာတဲ့ ဇရာအိုလူဦးရေတို့ကို ဖြေရှင်းဖို့ လူဝင်မှုကြီးကြပ်ရေးအပေါ် အပြုသဘောဆောင်တဲ့ အမျိုးသားဆွေးနွေးမှုတွေ လုပ်သင့်တယ်လို့ ကိုကူရှီကန်တက္ကသိုလ်မှ ပါမောက္ခတစ်ဦးက သုံးသပ်ထားသလို အခုဆိုရင် ဂျပန်နိုင်ငံဟာ သူ့ရဲ့ အလုပ်သမားရှားပါးမှုကို ဖြေရှင်းနေတာကို တွေ့ရပါတယ်။

ဂျပန်နိုင်ငံရဲ့ အလုပ်သမားရှားပါးမှုကို ဖြေရှင်းဖို့ မြန်မာနိုင်ငံအပါအဝင် နိုင်ငံခြားသား အလုပ်သမား ၅၀၀,၀၀၀ကို လာမယ့် ခြောက်နှစ်အတွင်းမှာ ခေါ်ယူနိုင်မယ့် ပြည်ဝင်ခွင့်ဗီဇာ ထုတ်ပေးရေး ဥပဒေကို ဂျပန်လွှတ်တော်နှစ်ရပ်စလုံးက အတည်ပြုလိုက်ပြီဖြစ်တယ်လို့ သတင်းတွေမှာ ဖော်ပြထားတာကို တွေ့ရပါတယ်။ ဒီဥပဒေဟာ အတိုက်အခံတွေရဲ့ကန့်ကွက်မှုကို အများဆုံး ရင်ဆိုင်ခဲ့ရပြီးနောက်ပိုင်းမှာ အတည်ပြုလိုက်တာ ဖြစ်ပါတယ်။ ဒီဥပဒေဟာ လာမယ့် ၂၀၁၉ ခုနှစ် ဧပြီလကစပြီး သက်ဝင်လှုပ်ရှားလာမှာ ဖြစ်ပါတယ်။

**အလုပ်လုပ်ခွင့်ဗီဇာတွေထုတ်ပေးမယ်**

ထို့အတူ ဒီဥပဒေအရ ဂျပန်နိုင်ငံမှာ အလုပ်သင်ဗီဇာနဲ့ ရောက်ရှိလုပ်ကိုင်နေသူတွေကို ဦးစားပေးအနေနဲ့ အလုပ်လုပ်ခွင့်ဗီဇာတွေ ထုတ်ပေးသွားမယ်လို့လည်း သိရပါတယ်။

၂၀၁၉ ဧပြီလမှ စတင်အသက်ဝင်လာမယ့် ဒီဥပဒေသစ်အရ ပထမအသုတ်မှာ မြန်မာနိုင်ငံအပါအဝင် အခြားနိုင်ငံများမှ နိုင်ငံခြားသား အလုပ်သမား ၃၄,၀၀၀ ကို ခေါ်ယူမှာဖြစ်ပါတယ်။

> **"ဂျပန်နိုင်ငံဟာ အခုဆိုရင် သက်ကြီးလူဦးရေ အလွန်များလာတဲ့အတွက် ထုတ်လုပ်နိုင်စွမ်းရှိသူတွေ၊ လုပ်နိုင်ကိုင်နိုင်စွမ်းရှိသူတွေ အများကြီး လိုအပ်လာပါတယ်။ အထူးသဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ ငါးဖမ်းလုပ်ငန်းနဲ့ စက်ရုံတွေမှာ အလုပ်သမားလိုအပ်ချက်တွေ မြင့်မားလာတာ တွေ့ရပါတယ်။ အသစ်ပြဋ္ဌာန်းလိုက်တဲ့ ဂျပန်လူဝင်မှု ဥပဒေသစ်အရ ၂၀၁၉ ဧပြီလဆန်းမှစကာ ၂၀၂၅ ခုနှစ်အထိ ခြောက်နှစ်တာ ကာလအတွင်းမှာ နိုင်ငံခြားသားလုပ်သား ၅၀၀,၀၀၀ ခေါ်ယူသွားမှာဖြစ်"**

အဲဒီထဲမှာမှ ဂျပန်နိုင်ငံမှာ အလုပ်သင်ဗီဇာနဲ့ အလုပ်လုပ်နေသူတွေကို ဦးစားပေးသွားမှာ ဖြစ်ပါတယ်။

ဂျပန်နိုင်ငံဟာ အခုဆိုရင် သက်ကြီးလူဦးရေ အလွန်များလာတဲ့အတွက် ထုတ်လုပ်နိုင်စွမ်းရှိသူတွေ၊ လုပ်နိုင်ကိုင်နိုင်စွမ်းရှိသူတွေ အများကြီး လိုအပ်လာပါတယ်။ အထူးသဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ ငါးဖမ်းလုပ်ငန်းနဲ့ စက်ရုံတွေမှာ အလုပ်သမားလိုအပ်ချက်တွေ မြင့်မားလာတာ တွေ့ရပါတယ်။ အသစ်ပြဋ္ဌာန်းလိုက်တဲ့ ဂျပန်လူဝင်မှုဥပဒေသစ်အရ ၂၀၁၉ ဧပြီလဆန်းမှစကာ ၂၀၂၅ ခုနှစ်အထိ ခြောက်နှစ်တာကာလအတွင်းမှာ နိုင်ငံခြားသားလုပ်သား ၅၀၀,၀၀၀ ခေါ်ယူသွားမယ်လို့ သိရပါတယ်။

**လူဦးရေကျဆင်းလာ**

လေ့လာမိသလောက်ဆိုရင် ၂၀၁၆ ခုနှစ် အောက်တိုဘာ ၁ ရက်မှစကာ ဂျပန်နိုင်ငံရဲ့ စုစုပေါင်း လူဦးရေဟာ ဆက်တိုက်ကျဆင်းလာခဲ့ပါတယ်။ ဂျပန်နိုင်ငံအနေနဲ့ အခုလိုမျိုး လုပ်သားသစ်တွေ ထပ်မံခေါ်ယူပြီး တိုင်းပြည်ရဲ့ ဂျီဒီပီ တိုးတက်အောင် မလုပ်ဆောင်နိုင်ဘူးဆိုရင် တိုးတက်မှုနှုန်း ကျဆင်းလာနိုင်ဖွယ်ဖြစ်နေပါတယ်။

ဂျပန်နိုင်ငံရဲ့ ဇရာအိုလူဦးရေဟာ ကမ္ဘာပေါ်မှာ အမြင့်ဆုံးအဆင့်ကို ရောက်နေပါတယ်။ တခြားဘယ်နေရာမှာမှ မတွေ့ဖူးသေးတဲ့ ပမာဏနဲ့ မြင့်တက်လာခြင်းပဲ ဖြစ်ပါတယ်။ လူဦးရေနဲ့ လူမှုလုံခြုံရေးသုတေသနအမျိုးသား အင်စတီကျု (အိုင်ပီအက်စ်အက်စ်)က လက်ရှိ ဂျပန်နိုင်ငံရဲ့ စုစုပေါင်း လူဦးရေ ၁၂၆ သန်းနဲ့ နှိုင်းစာရင် လာမယ့် ၂၀၄၀ ပြည့်နှစ်မှာ ၁၁၀ ဒသမ ၉၂ သန်းလောက်သာ ရှိတော့မှာဖြစ်ကြောင်း ခန့်မှန်းထားပါတယ်။ အဲဒီစုစုပေါင်း လူဦးရေထဲမှာမှ ကုန်ထုတ်လုပ်နိုင်စွမ်း သို့မဟုတ် အလုပ်လုပ်နိုင်စွမ်းပမာဏ အသက် ၁၅ နှစ်မှ ၆၄ နှစ်အထိဟာ ပျမ်းမျှအားဖြင့် ပြောရမယ်ဆိုရင် ၅၉ ဒသမ ၇၈ ရာခိုင်နှုန်းနဲ့ အသက်ကြီးပိုင်းပမာဏ အသက် ၆၅ နှစ်နဲ့ အထက်ဟာ ၃၅ ဒသမ ၃ ရာခိုင်နှုန်းလောက် ရှိလာမှာဖြစ်တယ်လို့ သုံးသပ်ထားပါတယ်။

အိုင်ပီအက်စ်အက်စ်က လာမယ့် ၂၀၆၅ ခုနှစ်မှာ ဂျပန်နိုင်ငံရဲ့ လူဦးရေဟာ ၈၈ ဒသမ ၀၈ ရာခိုင်နှုန်းလောက် ဆက်လက်ကျဆင်းလာနိုင်ကြောင်း၊ အဲဒီလူဦးရေထဲမှာမှ ကုန်ထုတ်လုပ်နိုင်စွမ်း သို့မဟုတ် အလုပ်လုပ်နိုင်စွမ်းပမာဏ အသက် ၁၅ နှစ်မှ ၆၄နှစ်အထိဟာ ပျမ်းမျှအားဖြင့် ပြောရမယ်ဆိုရင် ၄၅ ဒသမ ၂၉ ရာခိုင်နှုန်းနဲ့ အသက်ကြီးပိုင်း ပမာဏ အသက် ၆၅နှစ်နဲ့ အထက်ဟာ ၃၈ ဒသမ ၄ ရာခိုင်နှုန်းလောက်ရှိမယ်လို့ ဆက်လက်ခန့်မှန်းတွက်ချက်ထားပါတယ်။

ဒါဟာ ကြောက်စရာကောင်းပါတယ်။ ခန့်မှန်းထားသလိုသာ ဇရာအိုလူဦးရေ ဆက်တိုက်တိုးတက်မှုတွေဖြစ်ပေါ်လာပါက နိုင်ငံရဲ့ကုန်ထုတ်စွမ်းအားတွေ ကျဆင်းလာနိုင်ခြေရှိပါတယ်။

ဝန်ကြီးချုပ် ရှင်ဇိုအာဘေးဟာ ၂၀၁၂ ခုနှစ် ဒီဇင်ဘာမှာ အစိုးရတာဝန်ယူပြီးနောက် သူ့ရဲ့ အာဘေးစီးပွားရေးတိုးတက်မှု မဟာဗျူဟာကို စတင်အကောင်အထည်ဖော်ခဲ့ပါတယ်။ သို့သော်လည်း လူဦးရေ လျော့နည်းကျဆင်းလာမှုဟာ ဂျပန်နိုင်ငံအတွက် အဓိကစိန်ခေါ်မှုကြီးတစ်ခု ဖြစ်လာပါတယ်။

ဂျပန်နိုင်ငံဟာ လူဦးရေ လျော့နည်းကျဆင်းနေတာတောင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ဖို့ အမျိုးသမီးတွေ၊ သက်ကြီးရွယ်အိုတွေနဲ့ လူငယ်လူရွယ်တွေဟာ ပြေးလွှားရုန်းကန်လှုပ်ရှားနေကြရပါတယ်။ ဒီလိုအခြေအနေမှာ နိုင်ငံခြားလူ့စွမ်းအားအရင်းအမြစ်တွေကို အသုံးပြုမှုဟာ မြင့်တက်လာပြီး ၎င်းနဲ့သက်ဆိုင်တဲ့ မူဝါဒတွေဟာလည်း လျင်လျင်မြန်မြန်ပဲ ထွက်ပေါ်လို့လာခဲ့ပါတယ်။

ဂျပန်အစိုးရဟာ သူ့ရဲ့ နိုင်ငံခြားသား အလုပ်သမားတွေကို အလှည့်ကျစနစ်နဲ့ လက်ခံတဲ့ အခြေအနေကို တိုးမြှင့်ခဲ့ပါတယ်။ အခုအခါမှာတော့ နောက်ထပ် အလုပ်သမားသစ်တွေတောင် ထပ်မံခေါ်ယူနေပြီဖြစ်ပါတယ်။

ရွှေ့ပြောင်းအခြေချသူတွေကို ပိုမိုလက်ခံခြင်းကို အစိုးရကော်မတီမှာ ၂၀၁၄ ခုနှစ် ဇွန်လမှာ ဆွေးနွေးခဲ့သော်လည်း အာဘေးအစိုးရဟာ နိုင်ငံခြားသား လူ့စွမ်းအားအရင်းအမြစ်တွေကို အသုံးပြုခြင်းဟာ လုံးဝပြည့်စုံမှန်ကန်တဲ့ နည်းလမ်းမဟုတ်ဘူးဆိုတာ ရှင်းရှင်းလင်းလင်း သိစေခဲ့ပြီးဖြစ်ပါတယ်။ ဂျပန်နိုင်ငံဟာ သူ့ရဲ့လူဦးရေကို လာမည့် နှစ် ၅၀ အတွင်းမှာ သန်း ၁၀၀ လောက်မှာပဲ ရှိစေချင်တာပါ။

အဲဒီရည်မှန်းချက်ကိုရောက်ဖို့ အစိုးရရဲ့ ခန့်မှန်းခြေဟာ ဘာကိုညွှန်ပြသလဲဆိုတော့ လာမယ့် ၂၀၃၀ ပြည့်နှစ်မှာ ကလေးမွေးဖွားနှုန်းဟာ ၁ ဒသမ ၈ ရာခိုင်နှုန်းအထိ ရှိရမှာဖြစ်ပြီး ၂၀၄၀ ပြည့်နှစ်မှာတော့ ကလေးမွေးဖွားနှုန်းဟာ ၂ ဒသမ ၀၇ ရာခိုင်နှုန်းအထိ ရောက်ရမယ်လို့ ဆိုထားပါတယ်။ သို့သော်လည်း အမှန်စင်စစ် ၂၀၁၆ မှာတော့ ကလေးမွေးဖွားနှုန်းဟာ ၁ ဒသမ ၄၄ ရာခိုင်နှုန်းခန့်သာ ရှိခဲ့ပါတယ်။ ၂၀၁၇ ခုနှစ်နဲ့ ၂၀၁၈ ခုနှစ်မှာလည်း ကလေးမွေးဖွားနှုန်းဟာ ထင်သလောက် တက်မလာခဲ့ပါဘူး။

**ရွှေ့ပြောင်းအခြေချသူတွေတိုးလာ**

၂၀၁၆ ခုနှစ်အကုန်မှာ ဂျပန်မှာရှိတဲ့ နိုင်ငံခြားသား ၂၃၈၂၈၂၂ ဦးခန့် (၈၀) ရာခိုင်နှုန်းဟာ ရွှေ့ပြောင်းအခြေချသူတွေ ဖြစ်ပါတယ်။ ၄၄ ဒသမ ၇ ရာခိုင်နှုန်းကတော့ အမြဲတမ်းနေထိုင်သူတွေ ဖြစ်ပါတယ်။ ဒီပမာဏဟာ အနောက်နိုင်ငံတွေနဲ့ ယှဉ်ကြည့်ရင် နည်းတယ်လို့ဆိုနိုင်သော်လည်း ဂျပန်နိုင်ငံအတွက်မူ အမျိုးသားသန်းခေါင်စာရင်းအရ ၂၀၀၀-၂၀၁၅ခုနှစ်အထိ ဂျပန်နိုင်ငံသားတွေဟာ ၀ ဒသမ ၉ ရာခိုင်နှုန်း လျော့နည်းသွားခဲ့သော်လည်း ရွှေ့ပြောင်းအခြေချနေထိုင်သူများဟာ ၃၃ ဒသမ ၇ ရာခိုင်နှုန်းအထိ တိုးလာတယ်လို့ ဆိုရမှာ ဖြစ်ပါတယ်။

အခုဆိုရင် တစ်ဖက်ကလည်း နိုင်ငံခြားလုပ်သားတွေခေါ်ယူပြီး ဂျပန်နိုင်ငံရဲ့ ကုန်ထုတ်လုပ်မှုတွေ၊ အခြားကဏ္ဍတွေ တိုးတက်လာအောင် အကောင်အထည်ဖော်လာသလို တစ်ဖက်မှာလည်း ဂျပန်အစိုးရဟာ သူ့ရဲ့အစီအစဉ်ဖြစ်တဲ့ ကလေးမွေးဖွားနှုန်း မြင့်တက်လာအောင် ဆောင်ရွက်လာတာကို တွေ့မြင်ရမှာပါ။

ကလေးမွေးဖွားနှုန်း မြင့်လာလေလေ အသက်ကြီးလူဦးရေတိုးပွားလာမှု လျော့ချရေးကို တစ်ဖက်တစ်လမ်းက အထောက်အပံ့ပေးလေလေ ဖြစ်လာမှာ ဖြစ်ပါတယ်။

ဂျပန်အစိုးရဟာ သူ့ရဲ့အနာဂတ် ကလေးငယ်တွေအတွက် တာဝန်ရှိသလို ဂျပန်လူ့အသိုင်းအဝိုင်းထဲသို့ ရောက်လာတဲ့ ရွှေ့ပြောင်းအခြေချသူတွေကိုလည်း အသိအမှတ်ပြုရမှာ ဖြစ်ပါတယ်။ ဒါကြောင့် အစိုးရမူဝါဒတွေကို အဘက်ဘက်မှ ထိန်းညှိရင်း လူဦးရေလျော့နည်းကျဆင်းလာမှုကို ဖြေရှင်းနိုင်မယ့် အကောင်းဆုံးနည်းလမ်းတွေ ရှာဖွေရမှာ ဖြစ်ပါတယ်။ ထို့အတူ အခု အသစ်ပြဋ္ဌာန်းလိုက်တဲ့ ဂျပန်လူဝင်မှုဥပဒေသစ်ဟာလည်း ဂျပန်နိုင်ငံရဲ့အလုပ်သမားရှားပါးတဲ့ အခြေအနေကို ဖြေရှင်းပေးနိုင်ပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ဖို့ နည်းလမ်းတစ်ခုဖြစ်လာမလားဆိုတာ စိတ်ဝင်တစား စောင့်ကြည့်သွားရမှာပဲ ဖြစ်ပါကြောင်း။ ။

*ကိုးကား-ချန်နယ်နယူးအေးရှ*

# တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ**

**(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၆။)**

**၁၃၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၁၁ ရက်**

**(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေတွင်ပါရှိသော "လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန" ဆိုသည့် စကားရပ်ကို "စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ပြည်ထောင်စုအစိုးရအဖွဲ့" ဆိုသည့် စကားရပ်ကို "အစိုးရအဖွဲ့" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီး အစားထိုးရမည်။

၃။ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (င) ၏ နောက်တွင် ပုဒ်မခွဲ (စ) နှင့် (ဆ)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(စ) လယ်ယာမြေသိမ်းဆည်းခံရမှုနှင့်ပတ်သက်၍ တောင်သူလယ်သမားများ မနစ်နာစေရေးအတွက် ကူညီဆောင်ရွက်ပေးရန်နှင့် လယ်ယာမြေ လုပ်ပိုင်ခွင့် လုံခြုံစိတ်ချရေးအတွက် ကာကွယ်ဆောင်ရွက်ပေးရန်၊

(ဆ) တောင်သူလယ်သမားအဖွဲ့အစည်းဆိုင်ရာ ဥပဒေတစ်ရပ် ပေါ်ပေါက်လာစေရေး ဦးတည်ဆောင်ရွက်ရန်။

၄။ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေ ပုဒ်မ ၄ ၏ ခြေဆင်းနှင့် ပုဒ်မခွဲ(ဂ)တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၄။ အစိုးရအဖွဲ့သည် တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဦးဆောင်အဖွဲ့ကို ဒုတိယသမ္မတတစ်ဦးအား ဦးဆောင်စေပြီး အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် -

(ဂ) တောင်သူလယ်သမားများအား ကိုယ်စားပြုသောအဖွဲ့အစည်းများနှင့် သင့်လျော်သော အခြားအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ လုပ်ငန်းအတွေ့အကြုံရှိသော ပြင်ပပုဂ္ဂိုလ်များ။"

၅။ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေ ပုဒ်မ ၄ ၏နောက်တွင် ပုဒ်မ ၄-က အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည်-

"၄-က။ အစိုးရအဖွဲ့သည် ပုဒ်မ ၄ အရ ဖွဲ့စည်းသော ဦးဆောင်အဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၆။ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေ ပုဒ်မ ၅ တွင်-

(က) ပုဒ်မခွဲ (က)၊ (ခ)နှင့် (ဂ)တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) တောင်သူလယ်သမားများအတွက် အကျိုးစီးပွားဖြစ်ထွန်းစေသော သီးနှံစိုက်ပျိုးခြင်းနှင့် တိရစ္ဆာန်မွေးမြူခြင်းလုပ်ငန်းတို့ကို ဥပဒေနှင့်အညီ လွတ်လပ်စွာ ထုတ်လုပ်ရောင်းချနိုင်ရန် ကူညီဆောင်ရွက်ခြင်း၊

(ခ) ဒေသနှင့် ကိုက်ညီသော သီးနှံပုံစံ၊ သီးနှံအမျိုးအစားနှင့် တိရစ္ဆာန်အမျိုးအစားကို မှန်ကန်စွာ ရွေးချယ်စိုက်ပျိုးမွေးမြူနိုင်ရန် ပညာပေးခြင်း၊

(ဂ) တောင်သူလယ်သမားများအား စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်း သို့မဟုတ် မွေးမြူထုတ်လုပ်မှုလုပ်ငန်းအတွက် လိုအပ်သည့်အချိန်၌ ချေးငွေနှင့် အကူအညီများရရှိရန် စီစဉ်ဆောင်ရွက်ပေးခြင်း၊

(ခ) ပုဒ်မခွဲ (ည)၏ နောက်တွင် ပုဒ်မခွဲ (ဋ)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဋ) တောင်သူလယ်သမားအဖွဲ့အစည်းဆိုင်ရာ ဥပဒေတစ်ရပ် ပေါ်ပေါက်လာစေရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဂ) မူလပုဒ်မခွဲ (ဋ)၊ (ဌ) နှင့် (ဍ) တို့ကို ပုဒ်မခွဲ (ဌ)၊ (ဍ) နှင့် (ဎ) တို့အဖြစ် ပြင်ဆင်ပြီး ပြန်လည်အမှတ်စဉ်ထားသည့် ပုဒ်မခွဲ (ဍ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဍ) သဘာဝဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း၊ ပိုးမွှားရောဂါကျရောက်မှုနှင့် အခြားအကြောင်းများကြောင့်သော်လည်းကောင်း လယ်ယာမြေနှင့် စိုက်ပျိုးသီးနှံ ထိခိုက်ပျက်စီးမှုကို ဖြစ်စေ၊ ငါးမွေးကန် သို့မဟုတ် မွေးမြူရေးခြံနှင့် မွေးမြူသည့် တိရစ္ဆာန်ထိခိုက်ပျက်စီးမှုကိုဖြစ်စေ ကြုံတွေ့ရသော လုပ်ကွက်ငယ် တောင်သူလယ်သမားများအား ဦးစားပေးကူညီထောက်ပံ့ခြင်း၊"

(ဃ) ပြန်လည်အမှတ်စဉ်ထားသည့် ပုဒ်မခွဲ (ဎ) ၏ နောက်တွင် ပုဒ်မခွဲ (ဏ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဏ) လိုအပ်သည့် ဝန်ထမ်းဖွဲ့စည်းမှုရရှိရေး၊ ဝန်ထမ်းအရည်အသွေးနှင့် ကျွမ်းကျင်မှုမြှင့်တင်ရေး၊ လယ်ယာထုတ်ကုန်များအတွက် ကောင်းမွန်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကျင့်စဉ် လက်မှတ်များနှင့် လိုအပ်သောထောက်ခံချက်များရရှိရေး၊ တောင်သူလယ်သမားများအား ဥပဒေနှင့်အညီ အခွင့်အရေးများရရှိရေးဆိုင်ရာ ကိစ္စရပ်များကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း။

၇။ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေ ပုဒ်မ ၆ တွင် -

(က) ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ခ) လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့က တင်ပြသော ဝယ်ယူမည့် လယ်ယာထုတ်ကုန်အမျိုးအစားနှင့် ဝယ်ယူမည့်အစီအစဉ်တို့ကို စိစစ်၍ အစိုးရအဖွဲ့သို့ တင်ပြရမည်။"

(ခ) ပုဒ်မခွဲ (ခ) ၏ နောက်တွင် ပုဒ်မခွဲ (ဂ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဂ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသည့် လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၈။ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေ ပုဒ်မ ၇ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၇။ ဦးဆောင်အဖွဲ့သည်-

(က) ဤဥပဒေ၏ ရည်ရွယ်ချက်နှင့် ဦးဆောင်အဖွဲ့၏ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သည့် လုပ်ငန်းကော်မတီ သို့မဟုတ် လုပ်ငန်းအဖွဲ့ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ ပြည်ထောင်စုနယ်မြေဆိုင်ရာ အုပ်ချုပ်မှုအဖွဲ့အစည်းတို့မှ သင့်လျော်သော ပုဂ္ဂိုလ်များနှင့် လုပ်ငန်းအတွေ့အကြုံရှိသော ပြင်ပပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ သို့မဟုတ် လုပ်ငန်းအဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၉။ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေ ပုဒ်မ ၈ တွင် -

(က) ပုဒ်မခွဲ (က)တွင် ပါရှိသည့် "လွတ်လပ်စွာ" ဆိုသည့် စကားရပ်ကို "သက်ဆိုင်ရာဥပဒေနှင့်အညီ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ခ) သက်ဆိုင်ရာလုပ်ငန်းအလိုက် သင့်တင့်သော စိုက်ပျိုးရေးစရိတ်ချေးငွေ၊ မွေးမြူရေး စရိတ်ချေးငွေများ ချေးယူခွင့်၊"

(ဂ) ပုဒ်မခွဲ (င) ၏ နောက်တွင် ပုဒ်မခွဲ (စ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(စ) ဒေသခံတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာများအရ သတ်မှတ်ထားသည့် စိုက်ပျိုးမြေများကို တည်ဆဲဥပဒေများနှင့်အညီ အသုံးချပိုင်ခွင့်။"

၁၀။ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေ ပုဒ်မ ၉ တွင် -

(က) ပုဒ်မခွဲ (ဂ)တွင် ပါရှိသည့် "တောင်သူလယ်သမားများ စိုက်ပျိုးထုတ်လုပ်သည့် ကောက်ပဲသီးနှံများ" ဆိုသည့်စကားရပ်ကို "တောင်သူလယ်သမားများ၏ လယ်ယာထုတ်ကုန်များ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (င) ၏ နောက်တွင် ပုဒ်မခွဲ (စ) နှင့် (ဆ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(စ) ပြည်ပမှ တရားမဝင်တင်သွင်းလာသော လယ်ယာထုတ်ကုန်များနှင့် စပ်လျဉ်း၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေးအတွက် တွန်းအားပေး ဆောင်ရွက်ပေးခြင်း၊

(ဆ) စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများအတွက် ပျိုးပင်၊ မျိုးစေ့၊ မျိုး၊ သားပေါက်၊ မြေဩဇာ၊ ပိုးသတ်ဆေး၊ မွေးမြူရေးအစာနှင့် ဆေးဝါး စသည်တို့ကို အရည်အသွေးပြည့်မီပြီး စျေးနှုန်းမှန်ကန်စွာ ရရှိစေရန် ကြီးကြပ်ကူညီဆောင်ရွက်ပေးခြင်း။"

၁၁။ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေ ပုဒ်မ ၁၁ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၁။ ဦးဆောင်အဖွဲ့သည် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေးအတွက်လည်းကောင်း၊ မိရိုးဖလာမွေးမြူရေးမှ စနစ်တကျ မွေးမြူရေးလုပ်ကိုင်နိုင်ရေးအတွက်လည်းကောင်း လိုအပ်သောနည်းပညာ၊ အရင်းအနှီး၊ စက်ပစ္စည်းနှင့် ကုန်ကြမ်း အစရှိသည်တို့ကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးရမည်။"

၁၂။ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေ ပုဒ်မ ၁၃ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၃။ ဦးဆောင်အဖွဲ့သည် တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများလုပ်ကိုင်ရာတွင် သင့်တင့်သောအရင်းအနှီးရရှိရေးအတွက် နှစ်စဉ်၊ နှစ်တိုနှင့် နှစ်ရှည်ချေးငွေများကို ပြည်ထောင်စုရန်ပုံငွေဘောင်အတွင်းမှ ထုတ်ချေးခြင်း၊ လိုအပ်သောအကူအညီနှင့် အထောက်အပံ့များပေးခြင်းတို့ကို ပြုလုပ်နိုင်ရန် အစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်၏ ခွင့်ပြုချက်ရယူဆောင်ရွက်ရမည်။"

၁၃။ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေ ပုဒ်မ ၁၆ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၆။ ဦးဆောင်အဖွဲ့သည် -

(က) ချေးငွေ၊ အကူအညီ၊ အထောက်အပံ့နှင့်သင့်တင့်သော အရင်းအနှီးများကို တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ခံစားခွင့်ရှိသည့် တောင်သူလယ်သမားများ လက်ဝယ်သို့ အပြည့်အဝရရှိစေရန် စီမံဆောင်ရွက်ရမည်။

(ခ) အစိုးရက သတ်မှတ်ခွင့်ပြုသည့်ဘဏ် သို့မဟုတ် တောင်သူလယ်သမားများ အကျိုးစီးပွားအလို့ငှာ ချေးငွေလုပ်ငန်းဆောင်ရွက်ရန် အထူးကိစ္စရပ်အဖြစ် စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ အစိုးရက သတ်မှတ်ခွင့်ပြုသည့်ကုမ္ပဏီ၊ အသင်းအဖွဲ့ သို့မဟုတ် အဖွဲ့အစည်းမှ နှစ်စဉ်၊ နှစ်တိုနှင့် နှစ်ရှည်ချေးငွေများ ထုတ်ချေးခြင်းနှင့် ပြန်လည်ပေးဆပ်ခြင်းတို့ကို လိုအပ်ပါက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရမည်။

၁၄။ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေ ပုဒ်မ ၁၈ တွင် ပါရှိသည့် "ဦးဆောင်အဖွဲ့သည် မျိုးစေ့၊" ဆိုသည့် စကားရပ်ကို "ဦးဆောင်အဖွဲ့သည် ပျိုးပင်၊ မျိုးစေ့၊ မျိုးနှင့် သားပေါက်များ၊" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "အာမခံ စံချိန်စံညွှန်းချို့ယွင်းမှု၊" ဆိုသည့် စကားရပ်ကို "အာမခံ စံချိန်စံညွှန်းချို့ယွင်းမှု သို့မဟုတ်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

၁၅။ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေ ပုဒ်မ ၂၀ တွင် -

(က) ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) ပုဂ္ဂလိကကဏ္ဍမှ အရည်အသွေးမီသည့် ပျိုးပင်၊ မျိုးစေ့၊ မျိုးနှင့် သားပေါက်သုတေသနလုပ်ငန်းနှင့် ထုတ်လုပ်သည့် လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရေးကို အားပေးကူညီခြင်း၊

(ခ) ပုဒ်မခွဲ (င) နှင့် (စ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(င) တောင်သူလယ်သမားများ လိုအပ်သော လယ်ယာလုပ်ငန်းသုံးနှင့် မွေးမြူရေးလုပ်ငန်းသုံး စက်ကိရိယာနှင့် ပစ္စည်းများကို အရစ်ကျဝယ်ယူရရှိနိုင်ရေးအတွက် သက်ဆိုင်ရာ ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(စ) ပျိုးပင်၊ မျိုးစေ့၊ မြေဩဇာနှင့် ပိုးသတ်ဆေးများ ထုတ်လုပ်၊ တင်သွင်း၊ ပြုပြင်၊ ထုပ်ပိုး၊ ရောင်းချခြင်းများ ပြုလုပ်ရာတွင် စံချိန်စံညွှန်းနှင့်ကိုက်ညီ၍ အန္တရာယ်ကင်းရှင်းပြီး သုံးစွဲခွင့်ရှိကြောင်း အာမခံချက်ပါရှိစေရေးနှင့် အာမခံချက်မပါသော ပျိုးပင်၊ မျိုးစေ့၊ မြေဩဇာနှင့် ပိုးသတ်ဆေးများ၏ ချို့ယွင်းအားနည်းချက်များကို တောင်သူလယ်သမားများ အချိန်မီသိရှိနိုင်ရေး ဆောင်ရွက်ခြင်း။"

(ဂ) ပုဒ်မခွဲ (စ) ၏ နောက်တွင် ပုဒ်မခွဲ (ဆ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဆ) မျိုး၊ သားပေါက်မွေးမြူရေးအစာနှင့် ဆေးဝါးများထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ ပြုပြင်ခြင်း၊ ထုပ်ပိုးခြင်း သို့မဟုတ် ရောင်းချခြင်း ပြုလုပ်ရာတွင် စံချိန်စံညွှန်းနှင့်ကိုက်ညီ၍ အန္တရာယ်ကင်းရှင်းပြီး သုံးစွဲခွင့်ရှိကြောင်း အာမခံချက်ပါရှိရေးနှင့် သင့်တင့်မျှတသော စျေးနှုန်းဖြင့် လွယ်ကူစွာဝယ်ယူသုံးစွဲနိုင်ရေးတို့ကို ညှိနှိုင်းဆောင်ရွက်ပေးခြင်း။

၁၆။ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေ ပုဒ်မ ၂၃ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၃။ ဦးဆောင်အဖွဲ့သည် ပုဒ်မ ၂၂ အရ ဝယ်ယူမည့် လယ်ယာထုတ်ကုန်အမျိုးအစားနှင့် ဝယ်ယူမည့်အစီအစဉ်တို့ကိုစိစစ်၍ အစိုးရအဖွဲ့သို့ တင်ပြရမည်။"

၁၇။ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေ ပုဒ်မ ၂၅ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၅။ ဖြစ်ပေါ်လာမည့် အရောင်းအဝယ် အရှုံးအမြတ် စာရင်းဇယားများကို ဦးဆောင်အဖွဲ့က တာဝန်ပေးအပ်သော ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ကျွမ်းကျင်သူများပါဝင်သည့် စာရင်းစစ်အဖွဲ့ဖြင့် စာရင်းစစ်ဆေးရမည်။"

၁၈။ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေ ပုဒ်မ ၂၇ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၇။ မည်သူမဆို တောင်သူလယ်သမားများအား ဤဥပဒေအရ ထုတ်ချေးသော ချေးငွေ၊ ပေးအပ်သော အကူအညီနှင့် အထောက်အပံ့များ သို့မဟုတ် ယင်းတို့နှင့်ပတ်သက်သော စီမံခန့်ခွဲပိုင်ခွင့်ကို တစ်နည်းနည်းဖြင့် ယုံကြည်အပ်နှံခြင်းခံရသည်တွင် အဆိုပါထုတ်ချေးသောချေးငွေ ပေးအပ်သောအကူအညီနှင့် အထောက်အပံ့များ သို့မဟုတ် ယင်းတို့နှင့်ပတ်သက်သော စီမံခန့်ခွဲပိုင်ခွင့်ကို မရိုးမဖြောင့်သောသဘောဖြင့် သုံးစွဲခြင်း သို့မဟုတ် စီမံခန့်ခွဲခြင်းပြုလျှင် ထိုသူသည် ဥပဒေအရ အရေးယူခြင်းခံရမည်။"

၁၉။ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေပုဒ်မ ၂၇ ၏ နောက်တွင် ပုဒ်မ ၂၇ - က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၂၇-က။ ဤဥပဒေအရ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို သက်ဆိုင်ရာ လုပ်ငန်းအဖွဲ့သည် ဦးဆောင်အဖွဲ့သို့လည်းကောင်း၊ ဦးဆောင်အဖွဲ့သည် အစိုးရအဖွဲ့သို့လည်းကောင်း သတ်မှတ်ချက်နှင့်အညီ ပြုစုတင်ပြရမည်။"

၂၀။ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေ ပုဒ်မ ၂၉၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ဦးဆောင်အဖွဲ့နှင့်ညှိနှိုင်းရေးဆွဲပြီး အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။"

---

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# မြန်မာတက္ကသိုလ်ဘောလုံးအသင်း ငွေတံဆိပ်ဖြင့် ကျေနပ်ခဲ့ရ

**ရန်ကုန် ဒီဇင်ဘာ ၁၈**

(၁၉) ကြိမ်မြောက် အရှေ့တောင်အာရှ တက္ကသိုလ်များ အားကစားပြိုင်ပွဲ၏ အမျိုးသားဘောလုံးပြိုင်ပွဲ နောက်ဆုံး ဗိုလ်လုပွဲကို ယနေ့ညနေပိုင်းက ဝဏ္ဏသိဒ္ဓိ အားကစားကွင်း၌ ကျင်းပရာ မြန်မာ တက္ကသိုလ် ဘောလုံးအသင်းမှာ ငွေတံဆိပ်ဖြင့် ကျေနပ်ခဲ့ရသည်။

ဗိုလ်လုပွဲတွင် ထိုင်းအသင်းက မြန်မာအသင်းကို နှစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် ကိုယ့်ကွင်း၊ ကိုယ့်ပရိသတ်ရှေ့မှောက်တွင် ရွှေတံဆိပ်ဆုရယူနိုင်ရန် ကြိုးပမ်းသော်လည်း ခြေစွမ်းပိုင်းကွာဟမှုကြောင့် အရေးနိမ့်ခဲ့ရခြင်း ဖြစ်သည်။ မြန်မာအသင်းသည် အကောင်းဆုံးပုံစံမရသည့် အပြင် တိုက်စစ်ပုံဖော်ရာတွင် အမှားများခဲ့သောကြောင့် ရှုံးပွဲကြုံတွေ့ခဲ့ခြင်း ဖြစ်သည်။

မြန်မာအသင်းတွင် ဒဏ်ရာနှင့် ပွဲပယ် ကစားသမားရှိနေ၍ ပွဲထွက် လူစာရင်းကို အနည်းငယ်အပြောင်းအလဲ ပြုလုပ်ခဲ့ပြီး ထိုင်းအသင်းကို ရင်ဆိုင်ခဲ့သည်။

မြန်မာအသင်းသည် အုပ်စု နောက်ဆုံးပွဲတွင် ထိုင်းကို အနိုင်ရသော်လည်း ထိုင်းအသင်း၏ ကစားပုံမှာ သိသိသာသာပြောင်းလဲခဲ့ပြီး မြန်မာအသင်းကို ပွဲချိန်ပြည့် ထိန်းချုပ်ကစားနိုင်ခဲ့သည်။ မြန်မာအသင်း၏ ခံစစ်ပိုင်းအားနည်းချက်များကို အသုံးချကာ ဂိုးများသွင်းယူခဲ့သလို ခံစစ်ကလည်း ပေးဂိုးမရှိအောင် ကစားနိုင်ခဲ့သည်။ ၁၄ မိနစ်တွင် ထိုင်းအသင်းဂိုးစရခဲ့ပြီး တောင်ပံကစားသမား ပွန်မီရတ်က သွင်းယူခဲ့သည်။

ဒုတိယပိုင်းတွင် ထိုင်းအသင်းက ဂိုးထပ်ရရန် ကြိုးစားသလို မြန်မာအသင်းကလည်း ချေပဂိုးရရန် တိုက်စစ်အားပြု ကစားခဲ့သည်။ သို့သော် တိုက်စစ်ကစားပုံ ပိုကောင်းသည့် ထိုင်းအသင်းက ဂိုးထပ်ရခဲ့ပြီး ၆၂ မိနစ်တွင် ချိုတီပါလာက ခေါင်းတိုက်ပြီး ဒုတိယဂိုးသွင်းယူခဲ့သည်။

နံနက်ပိုင်းက ကျင်းပသည့် တတိယနေရာလုပွဲတွင် မလေးရှားအသင်းနှင့် လာအိုအသင်းတို့ တစ်ဂိုးစီသရေကျနေ၍ ပယ်နယ်တီဖြင့် ဆုံးဖြတ်ရာ မလေးရှားအသင်းက လေးဂိုး-နှစ်ဂိုး၊ စုစုပေါင်းငါးဂိုး- သုံးဂိုးဖြင့် အနိုင်ရခဲ့သည်။

**သတင်း-ညီမြတ်သော်တာ**

**ဓာတ်ပုံ-စိုးညွန့်**



မြန်မာနှင့် ထိုင်းအသင်း ယှဉ်ပြိုင်ကစားစဉ်။

# ဗီယက်နမ် ယူ- ၂၁ ဖိတ်ခေါ်ပြိုင်ပွဲတွင် မြန်မာအသင်း ဒုတိယဖြင့် ကျေနပ်ခဲ့ရ

**ရန်ကုန် ဒီဇင်ဘာ ၁၈**

ဗီယက်နမ် ယူ- ၂၁ ဖိတ်ခေါ်ပြိုင်ပွဲ ဗိုလ်လုပွဲကို ယနေ့ညနေပိုင်းက ဗီယက်နမ်နိုင်ငံ၌ ကျင်းပရာ မြန်မာအသင်းသည် ဒုတိယဖြင့် ကျေနပ်ခဲ့ရသည်။ မြန်မာအသင်းသည် ဗိုလ်လုပွဲတွင် အိမ်ရှင်ဗီယက်နမ်အသင်းနှင့် တွေ့ဆုံခဲ့ပြီး ပွဲချိန်အတွင်း နှစ်ဂိုးစီသရေကျနေ၍ ပယ်နယ်တီဖြင့် ဆုံးဖြတ်ရာ ငါးဂိုး- သုံးဂိုး၊ စုစုပေါင်း ခုနစ်ဂိုး- ငါးဂိုးဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် အုပ်စုတွင်း တွေ့ဆုံစဉ်က ဂိုးပြတ်ရှုံးနိမ့်ထားသော ကြောင့် ယခုဗိုလ်လုပွဲတွင် နိုင်ပွဲရရန် ကြိုးပမ်းခဲ့သော်လည်း ပယ်နယ်တီအဆုံး အဖြတ်တွင် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ယခုပွဲတွင် နှစ်ကြိမ်တိုင် ဦးဆောင်နိုင်ခဲ့သော်လည်း ဂိုးများပြန်ပေးခဲ့ရခြင်းဖြစ်သည်။

မြန်မာအသင်း၏ ပွဲထွက်လူစာရင်းတွင် ဘုန်းသစ္စာမင်း၊ စိုးမိုးကျော်၊ မြတ်ကောင်းခန့်၊ ဟိန်းထက်အောင်၊ ဝင်းနိုင်ထွန်းတို့ဖြင့် လူစုံခဲ့ပြီး ဗီယက်နမ်အသင်းကလည်း အမာခံကစားသမား အစုံအလင်ဖြင့် ပွဲထွက်ခဲ့သည်။

မြန်မာအသင်းသည် ဗီယက်နမ်အသင်းကို ပွဲချိန်ပြည့် အပြန်အလှန် ကစားနိုင်ခဲ့ပြီး ဦးဆောင်ဂိုးကို မထိန်းနိုင်ခဲ့၍ ချန်ပီယံဆုနှင့် လွဲခဲ့ရခြင်းဖြစ်သည်။ ၂၇ မိနစ်တွင် တန်ပြန်တိုက်စစ်မှတစ်ဆင့် ဝင်းနိုင်ထွန်းက ဦးဆောင်ဂိုးသွင်းယူခဲ့ပြီး ပထမပိုင်းမပြီးခင်မှာပင် ချေပဂိုးပြန်ပေးခဲ့ရသည်။ ၅၂ မိနစ်တွင် စိုးလွင်လွင်က ဒုတိယဂိုးဦးဆောင်ဂိုးသွင်းယူခဲ့ရသော်လည်း ချေပဂိုးပြန်ပေးခဲ့ရသောကြောင့် အချိန်ပိုဆက်မကစားဘဲ ပယ်နယ်တီဖြင့် အဆုံးအဖြတ်ခံယူခဲ့သည်။

ပယ်နယ်တီကန်သွင်းရာတွင် ဗီယက်နမ်အသင်းက ငါးလုံးစလုံး ဂိုးဝင်ပြီး မြန်မာအသင်းမှ စိုးမိုးကျော်၊ စိုးလွင်လွင်နှင့် ဘုန်းသစ္စာမင်း (ဂိုး) တို့ဂိုးဝင်ပြီး မြတ်ကောင်းခန့်၏ ကန်သွင်းမှုလွဲချော်ခဲ့၍ ဗီယက်နမ်အသင်းက ငါးဂိုး- သုံးဂိုးဖြင့် အနိုင်ရခဲ့ခြင်း ဖြစ်သည်။

**ဒုတိယဆုရခဲ့**

မြန်မာ ယူ- ၂၁ အသင်းသည် ၂၀၁၇ ပြိုင်ပွဲတွင် တတိယရခဲ့ပြီး ယခုနှစ်တွင် ဒုတိယဆုရခဲ့ခြင်း ဖြစ်သည်။

**ရဲရင့်ရှိုင်း**

# မန်ယူနည်းပြမော်ရင်ဟိုအား နည်းပြအဖြစ်မှ ထုတ်ပယ်

မန်ယူအသင်းသည် ရလဒ်များဆိုးရွားနေမှုကြောင့် အသင်းနည်းပြ မော်ရင်ဟိုအား နည်းပြအဖြစ်မှ ထုတ်ပယ်လိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်၏ ဖော်ပြချက် အရ သိရသည်။

အသက် ၅၅ နှစ်အရွယ်ရှိ နည်းပြမော်ရင်ဟိုသည် ၂၀၁၆ ခုနှစ် မေလတွင် မန်ယူအသင်းအား စတင်ကိုင်တွယ်ပြီးနောက် လိဂ်ဖလားနှင့် ယူရိုပါလိဂ်ဖလား တို့အား ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သော်လည်း ယခုနှစ်ရာသီတွင် ရလဒ်များ ဆိုးရွားနေပြီး တန်းစီဇယားတွင် ဦးဆောင်လျက်ရှိသည့် လီဗာပူးအသင်းနောက် ၁၉ မှတ်အကွာသို့ ရောက်ရှိနေကြောင်း သိရသည်။



မန်ယူအသင်းသည် ပရီမီယာလိဂ်တွင် ၁၇ ပွဲကစားပြီး ၂၆ မှတ် ရရှိမှုသည် ၁၉၉၀- ၁၉၉၁ ခုနှစ်နောက်ပိုင်း အဆိုးရွားဆုံးအခြေအနေတစ်ခုဖြစ်ကာ တန်းစီဇယားတွင်လည်း အဆင့်(၆)နေရာတွင် ရပ်တည်နေပြီး ထိပ်ဆုံးလေးသင်း စာရင်းဝင်ရန်အတွက် ချယ်လ်ဆီးအသင်းနှင့် ၁၁ မှတ်ကွာဟနေသည်။

မန်ယူအသင်းသည် ချန်ပီယံလိဂ် ၁၆ သင်း အဆင့်တွင် ပီအက်စ်ဂျီအသင်းနှင့် ရင်ဆိုင်ကစားရမည်ဖြစ်သည်။ ပရီမီယာလိဂ်နောက်ဆုံးခြောက်ပွဲတွင် တစ်ပွဲသာ အနိုင်ရထားသည့် မန်ယူအသင်းသည် ဒီဇင်ဘာ ၂၂ ရက် ကာဒစ်ဖ်စီးတီးအသင်းနှင့် မကစားမီတွင် ယာယီနည်းပြတစ်ဦးအား ခန့်အပ်ဖွယ် ရှိသော်လည်း လက်ထောက်နည်းပြ မိုက်ကယ်ကာရစ် သို့မဟုတ် အကယ် ဒမီနည်းပြ နစ်ကီဘတ်တို့ မဟုတ်ကြောင်း ဖော်ပြထားသည်။

**အောင်ဇော်**

**မန်ယူအသင်း၌ မော်ရင်ဟို၏ မှတ်တမ်း**

| နည်းပြ | ပွဲ | နိုင် | သရေ | ရှုံး | အနိုင်ရရှိမှု ရာခိုင်နှုန်း |
|---|---|---|---|---|---|
| မော်ရင်ဟို | ၁၄၄ | ၈၄ | ၃၂ | ၂၈ | ၅၈ ဒသမ ၃၃ ရာခိုင်နှုန်း |
| ဖာဂူဆန် | ၁၅၀၀ | ၈၉၅ | ၃၃၈ | ၂၆၇ | ၅၉ ဒသမ ၆၇ ရာခိုင်နှုန်း |
| မိုယက်စ် | ၅၁ | ၂၇ | ၉ | ၁၅ | ၅၂ ဒသမ ၉၄ ရာခိုင်နှုန်း |
| ဗန်ဟားလ် | ၁၀၃ | ၅၄ | ၂၅ | ၂၄ | ၅၂ ဒသမ ၄၃ ရာခိုင်နှုန်း |

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဒီဇင်ဘာ ၁၈**

မနက်ဖြန်နံနက်အထိခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ချင်းပြည်နယ်တွင် နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အတင့်အသင့်ဖြစ်ထွန်းမည်။

**မိုး/ဇလ**

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

**၁၈-၁၂-၂၀၁၈**

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၃၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၇၆၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၃၈၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၇၆၉၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၄၀/၉၆၅ | ကျပ် | ၉၆၀/၉၇၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၅၀/၉၇၅ | ကျပ် | ၉၇၅/၉၈၅ | ကျပ် |
| အောက်တိန်း ၉၂ | ၇၇၀/၈၁၀ | ကျပ် | ၈၃၀/၈၄၀ | ကျပ် |
| အောက်တိန်း ၉၅ | ၈၄၀/၈၇၅ | ကျပ် | ၈၉၀/၉၀၅ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၅၇၈ ・ ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၇၉၀ ・ ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၁၅၀ ・ ၁ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၉၉၀ ・ ၈ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၉၉ ・ ၄ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၁၃၅ ・ ၃ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၂၈ ・ ၇၉ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၂ ・ ၀၃၆ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၃၉ ・ ၇၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၇၇ ・ ၄၇ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၈ ・ ၁၅၄ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

| | |
|---|---|
| **စာတည်းမှူးချုပ်** | - အောင်နိုင်ဦး |
| **စာတည်းမှူး(တာဝန်)** | - ဝင်းကျော် |
| **စာတည်းမှူး** | - မြင့်ဆွေ (သတင်းထောက်ချုပ်) |
| **စာတည်းများ** | - ကြည်ဝင်း၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၁၊ ၀၆၇-၃၆၁၀၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE www.mdn.gov.mm

# ဇော်ခီ ဇာတ်လမ်းရေးသားသည့် ထာဝရနှောင်ကြိုးရုပ်ရှင်ဇာတ်ကား ရိုက်ကူးတော့မည်

ဥပါယ်တံမျဉ် ရုပ်ရှင်ဇာတ်ကားကြီးကို ဖန်တီးရိုက်ကူးခဲ့သူ အမျိုးသမီးလူငယ်ဒါရိုက်တာ ခရစ္စတီးနားခီ မကြာမီ တတိယမြောက်ရုပ်ရှင်ဇာတ်ကားကို ရိုက်ကူးသွားမည်ဖြစ်ရာ အဆိုပါဇာတ်ကားကို ထာဝရနှောင်ကြိုး (Now & Ever)ဟု အမည်ပေးထားပြီး ဇာတ်လမ်း၊ ဇာတ်ညွှန်းကို ခင်ပွန်းဖြစ်သူ သရုပ်ဆောင် ဇော်ခီက ရေးသားထားခြင်းဖြစ်ကြောင်း သိရသည်။

ခရစ္စတီးနားခီက "ပထမဆုံးကား နှစ်ကားမှာ ပရိသတ်အားပေးခဲ့တဲ့ ခွန်အားတွေကို ကောင်းကောင်းအသုံးချပြီး ကြိုးစားသွားမှာပါ၊ အစ်မ သတိထားမိတာတစ်ခုကတော့ ဘယ်နေရာပဲသွားသွား ဒီနာမည်လေးကို ပရိသတ်က မေးကြတယ်၊ သိကြတယ်။ ရိုက်တောင်မရိုက်ရသေးဘူး၊ နာမည်တစ်ခုနဲ့ ရှိနေတယ်ဆိုတော့ ကောင်းစေချင်တဲ့သဘောဆိုတာ နားလည်ခဲ့တယ်၊ အဲဒီအတွက်ကြောင့် ဒီ (Now & Ever) ကို သေချာပြင်ဆင်ပြီး ရိုက်သွားမှာပါ"ဟု ပြောသည်။

ဇာတ်ကားတွင် ဇော်ခီနှင့် တွဲဖက်သရုပ်ဆောင်မည့် မင်းသမီးအဖြစ် ပိုင်ဖြိုးသုကို ရွေးချယ်ထားသည်။ သရုပ်ဆောင်များရွေးချယ်ခဲ့ပုံနှင့်ပတ်သက်၍ ခရစ္စတီးနားခီက "ဒီထဲမှာပါဝင်မယ့် သရုပ်ဆောင်များကိုလည်း လျှောက်လွှာလာတင်သူ လူနှစ်ထောင်ကျော်ထဲက အဆင့်ဆင့်ရွေးချယ်ထားတာ ဖြစ်ပါတယ်၊ အဓိကဇာတ်ဆောင်ဖြစ်တဲ့ ဇော်ခီနဲ့ တွဲဖက်ပြီး သရုပ်ဆောင်မယ့် မင်းသမီးကိုတော့ ပိုင်ဖြိုးသုကို ရွေးထားပါတယ်၊ ရွေးချယ်ဖြစ်တာကလည်း သုသုကို နေဝင်အိပ်တန်းတက်ဆိုတဲ့ ဇာတ်ကားကြီးမှာ စပြီးတော့ သတိထားမိတယ်၊ နောက်တော့ ရွှေစင်ကြော်ငြာမှာ အတူတူရိုက်တယ်။ အလုပ်လုပ်တာ တော်တော့်ကို အလုပ်လုပ်လို့ကောင်းတယ်။ အချိန်တိကျတယ်၊ ဒါရိုက်တာရဲ့ Direction ကို သေချာနားထောင်တယ်၊ အလုပ်ချိန်အတွင်းမှာလည်း သူ့ကိုပြောဆိုနေရတာမျိုး ဘာမှမရှိဘူးပေါ့၊ Team တစ်ခုလုံးကလည်း ချစ်ပြီးသားလေ။ ဒါပေမယ့်လည်း ဇာတ်ညွှန်းရတော့ သူ့ကိုချက်ချင်းတော့ ရွေးလို့မရသေးဘူး၊ သူ့ထက် လိုက်ဖက်ညီတဲ့သူ ရှိကောင်းရှိဦးမှာပဲဆိုပြီး တွေးထားတော့ လူနှစ်ထောင်ကျော်လျှောက်လွှာကို သေချာကြည့်လိုက်တယ်။ အဲဒီကနေမှ လူ ၃၁၅ ယောက်ကို ရွေးလိုက်တယ်။ သူတို့တွေကို လူတွေ့ထပ်တွေ့တယ်။ ၃၆ ယောက်ကို ဖိုင်နယ်ခေါ်တယ်။ မိန်းကလေး တော်တော်များများက ဒီကာရိုက်တာကို လုပ်ကြည့်ရတာပဲ။ ဒါပေမယ့် အားလုံးလုပ်ကြည့်တဲ့အခါ ပိုင်ဖြိုးသုနဲ့ ကိုဇော်လိုမျိုး ဖြစ်မနေဘူး၊ အဲဒါနဲ့ ပိုင်ဖြိုးသုကို စကားပြောကြည့်မယ်ဆိုပြီး ပြောကြည့်လိုက်တာပါ၊ သူကလည်း ကြိုက်လို့ လက်ခံရိုက်ဖြစ်ခဲ့တာပါ" ဟု ဒါရိုက်တာ ခရစ္စတီးနားခီက ဆိုသည်။

ဇာတ်လမ်းနှင့်ပတ်သက်၍ "အမှန်အတိုင်းပြောရရင် ပရိသတ်က ကျွန်မတို့ကို ကြိုးစားဖို့အတွက် ခွန်အားပေးလိုက်တာကို ကောင်းကောင်းအသုံးချလိုက်တာပါ။ သူတို့ကို လေးလေးစားစားဆက်ဆံပါတယ်ဆိုတဲ့ အသိလေးတော့ သူတို့ဆီကို ရောက်သွားစေချင်တယ်။ ကျွန်မတို့ Team တစ်ခုလုံးက အလွန်ကြိုးစားမှာပါ၊ ဒီကားကတော့ ရှေ့မှာရိုက်ကူးခဲ့တဲ့ ရုပ်ရှင်ဇာတ်ကားနှစ်ကားနဲ့မတူညီဘဲ အိမ်ထောင်ရေးအချစ် ကားပုံစံအနေနဲ့ တွေ့မြင်ရမှာပါ၊ ဒီကားထဲမှာ မြန်မာပြည်ရဲ့အလှအပတွေကိုလည်း ထည့်သွင်းရိုက်ကူးသွားမယ်၊ ပြီးတော့ ဒီကားလေးက အချစ်ကား။ အချစ်ကားဆိုရင် များသောအားဖြင့်သိကြတာ ကလေးလေးနှစ်ယောက် ချစ်ကြတာလို့ပဲ သိကြတာလေ။ အချစ်ဆိုတာကို တော်တော်များများ သိကြတာက အိမ်ထောင်ကျသွားရင် ချစ်စရာမလိုတော့ဘူး။ သိပ်ပြီးတော့ အပိုတွေလုပ်စရာမလိုတော့ဘူးလို့ ထင်တယ်ပေါ့။ တကယ်တော့ အိမ်ထောင်ပဲကျကျ ဘာပဲကျကျ ရင်ထဲကအချစ်က တစ်ယောက်နဲ့တစ်ယောက် အမြဲရှိနေရမယ်။ ရာသက်ပန်ရှိနေရမယ်။ အိမ်ထောင်ကျလို့ တစ်ယောက်နဲ့တစ်ယောက် စိတ်ပြောင်းသွားတာတို့၊ ဝတ္တရားအရတို့၊ ကလေးရှိနေလို့တို့ ဆိုတာမျိုးတွေ မဖြစ်ရဘူးပေါ့၊ အခုဇာတ်က အဲဒါမျိုးပိုဆန်ပါတယ်"ဟုလည်း ထပ်မံဖြည့်စွက်ပြောကြားခဲ့သည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားထဲတွင် သရုပ်ဆောင် ဇော်ခီ၊ ပိုင်ဖြိုးသု၊ မင်းညို၊ ဂျူးဂျူးကေ၊ ခင်သဇင်၊ မြင့်စိုင်းသားအောင်အောင်၊ ရဲနောင်ချို၊ ဇူးဇူးဟန်နီထွေးနှင့် အနုပညာရှင်များစွာ ပါဝင်သွားမည်ဖြစ်ပြီး ယခုလအတွင်းမှစတင်ကာ ဧပြီလအထိ လေးလကျော်ကြာ ရန်ကုန်၊ ပုဂံ၊ ပုပ္ပား၊ ပူတာအို၊ ငွေဆောင်တို့တွင် သွားရောက်ရိုက်ကူးသွားမည်ဟု သိရသည်။ **ကိုလင်း**



# ရည်းစားတစ်ဝမ်းကွဲ ဇာတ်ကားတွင် စိုင်းစိုင်းခမ်းလှိုင်၏ငယ်ဘဝကို မြင်တွေ့ရမည်

စိုင်းစိုင်းနှင့် ဖွေးဖွေးတို့ အဓိက ပါဝင်သရုပ်ဆောင်ထားကြသည့် 'ရည်းစားတစ်ဝမ်းကွဲ' ဟု အမည်ရှိ ရုပ်ရှင်ကားကြီးကို မကြာမီရုံတင်သွားမည် ဖြစ်သည်။ အဆိုပါဇာတ်ကားကို ပြန်လည်ကြည့်ရှုဖြစ်ခဲ့သည့်အပေါ် အဆိုတော် စိုင်းစိုင်းခမ်းလှိုင်က "ဒီကားက ရိုက်ထားတာ တော်တော်လေးကိုကြာပါပြီ။ အခုမှ ရုံတင်ဖြစ်တာပါ။ ဖွေးဖွေးနဲ့ ကျွန်တော် ဗီဒီယိုကားတွေ တော်တော်များများ ရိုက်ဖူးပါတယ်၊ ရုံတင်ခဲ့တဲ့ ရုပ်ရှင်ကားကြီးကတော့ 'ကျူးပစ်ရဲ့ကျေးကျွန်များ' ဇာတ်ကားပေါ့။ Music Video တွေလည်း တော်တော်များများ ရိုက်ဖူးတယ်။ နောက်ပိုင်းမှာ Samsung မှာ brand Ambassador အဖြစ် နှစ်ယောက်အတူတူ လုပ်ကိုင်နေပါတယ်။ အပြင်မှာလည်း ပေါင်းဖြစ်ကြတယ်ဆိုတော့ ကျွန်တော်တို့နှစ်ယောက်က တစ်ယောက်နဲ့တစ်ယောက် စိတ်တူကိုယ်တူသရုပ်ဆောင်လို့ရတယ်ပေါ့ဗျာ။ ဒီဇာတ်ကားထဲမှာ ဖွေးဖွေးက ဝတ္ထုထဲကကာရိုက်တာနဲ့ ထပ်တူကျအောင် သရုပ်ဆောင်ထားတာဖြစ်လို့ ဇာတ်ကားက ပိုကြွလာတယ်လို့လည်း ကျွန်တော်ထင်ပါတယ်။ ဒီကားက လွန်ခဲ့တဲ့ ခြောက်နှစ်လောက်က ရိုက်ထားတာဆိုတော့ အခုမှ ရိုက်ထားတဲ့ကားတွေလို သိပ်ပြီးတော့ ခေတ်မမီတော့ဘူးပေါ့။ ဒါပေမယ့်လည်း မကြည့်ရသေးတဲ့အခါကျတော့ အသစ်ပါပဲ။ ကျွန်တော်တို့လည်း သေသေချာချာလေး ရိုက်ထားတာဖြစ်လို့ လာကြည့်တဲ့ပရိသတ်တွေအတွက်တော့ ဆွဲဆောင်မှုလည်းရှိမယ်။ ပျော်စရာ ကြည်နူးစရာလေးတွေလည်းဖြစ်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ ကျွန်တော်ကိုယ်တိုင် ဒီကားကို ပရိသတ်တစ်ယောက်အနေနဲ့ပြန်ကြည့်တဲ့အခါမှာတော့ ငယ်ငယ်ရွယ်ရွယ် ဖျတ်ဖျတ်လတ်လတ်နဲ့ လူငယ်လေးတစ်ယောက်လိုတော့ ပြန်ခံစားရပါတယ်။ ပျော်စရာကောင်းပြီး ချစ်ရာကောင်းတဲ့ ရုပ်ရှင်ကားတစ်ကားဖြစ်တယ်လို့လည်း ခံစားရတယ်" ဟု ဆိုသည်။




ယင်းဇာတ်ကားကြီးသည် လေးနှစ်ကျော်ကြာ ရုံတင်ရက်မရရှိခဲ့သော်လည်း စီးပွားရေးအနေဖြင့် တွက်ချက်ရိုက်ကူးခဲ့ခြင်းမဟုတ်ကြောင်းလည်း စိုင်းစိုင်းက ပြောသည်။ "တစ်ချိန်တစ်ခါတုန်းက ကျွန်တော်တို့ အားထည့်ပြီး ကြိုးစားထားခဲ့ကြတဲ့ ကားဖြစ်ပေမယ့် စီးပွားရေးအရတော့ မှန်းထားတာမရှိပါဘူး။ ဒါပေမယ့်လည်း ပရိသတ်တွေကိုတော့ ဒီကားလေးကိုလာကြည့်ဖို့လည်း ဖိတ်ခေါ်ချင်ပါတယ်။ ဒီကားထဲမှာ ကျွန်တော့်ရဲ့ ကာရိုက်တာက သူဌေးသားပေါ့၊ သူဌေးရဲ့မြေး။ တကယ့်ကို လူချမ်းသာတစ်ယောက်နေရာက သရုပ်ဆောင်ထားတာပါ။ ဒီဇာတ်ကားက ဒီဇင်ဘာ ၂၁ ရက် ရုံတင်မယ်။ ၂၂ ရက်မှာက Myanmar Music Wave ဆိုတဲ့ ကျွန်တော့် ရှိုးပွဲလေးရှိတယ်ဆိုတော့ ၂၁ ရက်နေ့ ဒီကားလာကြည့်တဲ့ ပရိသတ်တွေထဲက တစ်ရုံကို လေးယောက်စီ ရှိုးပွဲလက်မှတ်တွေ မဲဖောက်ပေးမယ်လို့ စိတ်ကူးထားပါတယ်။ ပရိသတ်တွေ အားလုံးကိုလည်း လာကြည့်စေချင်တယ်" ဟု ပြောသည်။ **ကိုလင်း**

# ဝန၏ ဒုတိယမြောက်တစ်ကိုယ်တော်ခွေ 'တရားသဖြင့်' ထွက်ရှိမည်

"အနီးဆုံးလူ"တေးစီးရီး ထွက်ပြီးကတည်းက နောက်ထပ် ဂီတတွေဖန်တီးမှု နည်းနေခဲ့သည့် လူငယ်အဆိုတော် ဝနက "တရားသဖြင့်"ဟု အမည်ပေးထားသည့် ဒုတိယမြောက် တစ်ကိုယ်တော်အခွေ ထွက်ရှိရန် ပြင်ဆင်နေပြီး လတ်တလော ဂီတလှုပ်ရှားမှုအနေဖြင့် 'သီချင်းသုံးပုဒ်'ဟု အမည်ပေးထားသော မီနီအယ်လ်ဘမ်ကို ထွက်ရှိထားကြောင်း သိရသည်။

"ကျွန်တော် တရားသဖြင့်လို့ အမည်လေးပေးထားတဲ့ ဒုတိယမြောက် တစ်ကိုယ်တော်အခွေလေးထွက်ဖို့ ပြင်ဆင်နေပါတယ်၊ ကိုယ်တိုင်ရေးထားတဲ့သီချင်းတွေပါတယ်၊ ပြီးတော့ ကိုယ်တိုင်ရေးတဲ့သီချင်းတွေက ကိုယ့်စိတ်ကြိုက် ပိုပြီး လွတ်လွတ်လပ်လပ်ရှိသလို ခံစားရတယ်၊ သူများသီချင်းကျတော့ ကိုယ့်ကြောင့် ပျက်စီးသွားမလားဆိုတဲ့ စိုးရိမ်စိတ်ရှိလို့ပါ၊ ကျွန်တော်က သီချင်းတွေဖန်တီးတဲ့အခါ လုံးဝတိတ်ဆိတ်တာကို သဘောကျလို့ အနားမှာဘယ်သူမှာမရှိတဲ့အချိန် ပိုရေးဖြစ်တယ်၊ ဒါမှလည်း ခံစားချက်က ပိုကောင်းတယ်ထင်လို့ပါ၊ အခုနောက်ဆုံးထွက်မယ့် သီချင်းခွေကိုလည်း အကောင်းဆုံး စိတ်ကြိုက် ကျွန်တော်ဖန်တီးထားပါတယ်၊ ကျွန်တော် ပြန်ဆိုတေးတွေတော့ မဆိုတော့ဘူးဗျာ၊ အိမ်မှာ ဂစ်တာလေးနဲ့ပဲ ပြန်ဆိုမယ်၊ သီချင်းခွေထွက်တာမျိုးတော့ လုံးဝမလုပ်တော့ဘူး၊ ပထမ အမြင့်ဆုံးမှာထားချင်တယ် သီချင်းတောင် ကျွန်တော့်ကို CITY FM ကတောင်းဆိုလို့ အဲဒီပွဲမှာ ဆိုဖြစ်ခဲ့တာပါ၊ နောက်ထပ်တော့ ပြန်ဆိုတေးသီချင်းတွေ ဆိုဖို့ရှိမယ် မထင်ပါဘူး"ဟု ပြောသည်။

ယနေ့ခေတ် ဂီတလောကတွင် ဂီတသမားတစ်ယောက်ဖြစ်ရန် အခွင့်အရေး ပိုမိုရရှိကြောင်းလည်း ဝနက ပြောသည်။ "ကျွန်တော်တို့ ဒီဘက်ခေတ်မှာ အများကြီးပြောင်းလဲလာပြီ၊ စိန်ခေါ်မှုလည်း တအားကြီးတယ်။ တော်တန်ရုံ ဝမ်းစာလောက်နဲ့တော့ ဘာမှ လုပ်လို့မရဘူး။ ဒါကြောင့် ကိုယ့်ကိုယ်ကိုယ် အရင်ဆုံး ဝမ်းစာပြည့်အောင် ကြိုးစားဖို့လိုမယ်။ ပြီးရင် ကိုယ်ဝါသနာပါတဲ့ ဂီတလမ်းကြောင်းပေါ်မှာ ကြိုးစားသင်ယူပါ။ စနစ်တကျလေ့လာပါ။ ကိုယ့်ဘက်က သေချာဖန်တီးပြီးမှ ကိုယ့်ဖန်တီးမှုတွေကို ပရိသတ်လက်ထဲထည့်ဖို့ အကြံဉာဏ်ပေးချင်တယ်။ ကျွန်တော်တို့ အနုပညာကို လုပ်ကြတဲ့အခါမှာ အချိန်တွေအများကြီး ပေးဆပ်လာခဲ့ရတာ။ အခုထလုပ်ပြီး အခုအောင်မြင်လာခဲ့ရတာ မဟုတ်ဘူး၊ အဓိကက စိတ်ဓာတ်ရှိမှ လုပ်လို့ရတာ။ အဲဒါတွေကို အခု ဂီတကိုစိတ်ဝင်စားတယ်ဆိုတဲ့ လူငယ်တွေ မျိုးဆက်သစ်တွေကို ပြောပြချင်တယ်၊ သူများ လုပ်ပေးပေး မလုပ်ပေးပေး အဓိကက ကိုယ့်ရဲ့အလုပ်ကို အကောင်းဆုံးလုပ်နေဖို့ပဲလိုတယ်၊ အချိန်တန်လို့ ထင်ပေါ်ရင်တော့ စင်တော်ကကောက်သွားမှာပါ၊ ကျွန်တော် အဲဒါလေးပဲ မှာချင်တယ်၊ တချို့က ပေါ်ပင် နာမည်ကြီးချင်လို့လုပ်တာရှိသလို တကယ့်ဂီတကို ကြိုက်ပြီးတော့မှ ဂီတသမားဘဝကို ခံယူနေကြတာလည်း ရှိပါတယ်၊ ဒါကတော့ အချိန်တန်ရင် ပရိသတ်ကပဲ ဆုံးဖြတ်ပေးသွားမှာပါ။ ဂီတသမားစစ်စစ်ဖြစ်ဖို့ဆိုတာ လွယ်မှမလွယ်တာ၊ ပရိသတ်ကထမင်းကျွေးမှ ဂီတသမားဖြစ်တာ၊ ဒါလေးပဲ ပြောချင်ပါတယ်"ဟု ဆက်ပြောသည်။

**ကိုလင်း**

# အားတီ၏ Moving Colors စီးရီးကို ပြည်ပအထိထိုးဖောက်နိုင်ရန် ဖန်တီးထား

ဂီတသက်တမ်း ရှစ်နှစ်ရှိပြီဖြစ်သည့် လူငယ်အဆိုတော် တေးသံရှင် အားတီ ကိုယ်တိုင်ဖန်တီးထားသော တေးသီချင်းသစ်များပါဝင်သည့် Moving Colors တေးစီးရီးကို ဒီဇင်ဘာ ၂၃ ရက်တွင် Bo Bo Music တေးထုတ်လုပ်ရေးမှ စတင်ဖြန့်ချိသွားမည်ဖြစ်ကာ အဆိုပါ တေးစီးရီးတွင် တေးသီချင်း ၁၄ ပုဒ်ပါဝင်ပြီး အခွေကို တစ်နှစ်ကျော် အချိန်ယူပြင်ဆင်ခဲ့ကြောင်းနှင့် ပြည်ပအထိထိုးဖောက်နိုင်ရန် ကိုယ်ပိုင်ဟန်ဖြင့် ဖန်တီးထားကြောင်း သိရသည်။

"ကျွန်တော် ဒီအခွေလေးကို ၂၀၁၇ ခုနှစ် အောက်တိုဘာမှာ စခဲ့ပါတယ်၊ သီချင်းတွေကအစ ကိုယ့်စိတ်ကြိုက် ရွေးပြီးလုပ်ခဲ့တယ်၊ ဒီအခွေအတွက် ကျွန်တော့်ရဲ့ပြင်ဆင်စရာရှိတာတွေ အကုန်လုံး ပြင်ဆင်ခဲ့ရပါတယ်၊ အနေအထိုင် အစားအသောက်ကအစ ပေါ့နော်၊ အခွေထဲမှာ ကိုယ့်ရဲ့ခန္ဓာကိုယ်အချိုးအစားကိုပါ ပြုပြင်သင့်တာတွေ ပြုပြင်နေထိုင်ခဲ့တယ်၊ သီချင်း ၁၄ ပုဒ်လုံး ကိုယ်ပိုင်သံစဉ်နဲ့ပဲ ဖန်တီးတာပါ၊ သရုပ်ဆောင်တွေဆိုလည်း ကျွန်တော့်ကို မေတ္တာနဲ့ ဝိုင်းဝန်းကူညီပေးကြတယ်၊ ကျွန်တော်ရဲ့ဒီအခွေက ပြည်ပအထိသွားလို့ရတဲ့ပုံစံမျိုးဖန်တီးထားတာပါ"ဟု အားတီက ပြောသည်။

အဆိုပါ တေးစီးရီးကို ရန်ကုန်မြို့နှင့် ကလောမြို့ ပင်လယ်ကမ်းခြေဒေသများ၊ ကျွန်းများပေါ်တွင် ရိုက်ကူးထားပြီး အချစ်သီချင်းပုံစံကို EDM Music ဖြင့် ပေါင်းစပ်ကာ အမြူးကြွဆုံး ပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။ **ကိုလင်း**



## နိုင်ငံတကာအနုပညာသတင်းပဒေသာ

# ဂျက်ဖ်ဘရစ်ဂျ် ရွှေကမ္ဘာလုံးဆုပေးပွဲတွင် တစ်သက်တာ အအောင်မြင်ဆုံးဆု ချီးမြှင့်ခံရမည်

(၇၆)ကြိမ်မြောက် ရွှေကမ္ဘာလုံးဆုပေးပွဲမှာ ဂျက်ဖ်ဘရစ်ဂျ်ဟာ တစ်သက်တာ အအောင်မြင်ဆုံးဆုကို ချီးမြှင့်ခံရမယ်လို့ သိရပါတယ်။ ဟောလိဝုဒ်နိုင်ငံခြား သတင်းစာဆရာများအသင်းကနေ ၂၀၁၉ ခုနှစ်အတွက် Cecil B .deMille ဆုကို ဂျက်ဖ်ဘရစ်ဂျ်အား ပေးအပ်ချီးမြှင့်သွားမှာ ဖြစ်ပါတယ်။ Cecil B.deMille ဆုဆိုတာ ရုပ်ရှင်သရုပ်ဆောင်၊ ဒါရိုက်တာ၊ ထုတ်လုပ်သူ၊ စာရေးဆရာအစရှိတဲ့ နယ်ပယ်တွေထဲက အအောင်မြင်ဆုံးသူကို ရွေးချယ်ပြီးပေးတဲ့ဆုလည်း ဖြစ်ပါတယ်။

၁၉၅၂ ခုနှစ် (၉)ကြိမ်မြောက် ရွှေကမ္ဘာလုံး ဆုပေးပွဲမှာကတည်းက စတင်ချီးမြှင့်ပေးခဲ့တာဖြစ်ပြီး ပထမဦးဆုံးဆု လက်ခံရရှိသူ ဒါရိုက်တာ Cecil B .deMille ရဲ့အမည်ကို အစွဲပြုပြီး ခေါ်ဝေါ်ခဲ့တာလည်း ဖြစ်ပါတယ်။ ဟောလိဝုဒ်နိုင်ငံခြား သတင်းစာဆရာများ အသင်းဥက္ကဋ္ဌ မီဟာတန်နာက ဂျက်ဖ်ဘရစ်ဂျ် ဆယ်စုနှစ်ခြောက်ခုကျော်မျှ ကမ္ဘာအနှံ့အပြားမှာရှိတဲ့ ပရိသတ်တွေရဲ့နှလုံးသားကို ဖမ်းစားနိုင်ခဲ့တဲ့ လူတစ်ယောက်လို့ ချီးကျူးစကား ပြောခဲ့ပါတယ်။

ဘရစ်ဂျ်ဟာ The Big Lebowski နဲ့ True Grit ဆိုတဲ့ ဇာတ်ကားတွေမှာ အထူးအောင်မြင်ကျော်ကြားပြီး ရွှေကမ္ဘာလုံးဆုအတွက် ငါးကြိမ်တိုင်တိုင် ဆန်ခါတင်စာရင်းဝင်ခဲ့သူလည်း ဖြစ်ပါတယ်။ ၂၀၀၉ ခုနှစ်မှာတော့ Crazy Heart ဆိုတဲ့ ဇာတ်ကားနဲ့ ရွှေကမ္ဘာလုံးဆု ရရှိခဲ့ပါတယ်။ ရွှေကမ္ဘာလုံး ဆုချီးမြှင့်ပွဲ အခမ်းအနားကိုတော့ ဇန်နဝါရီ ၆ ရက်မှာ ကျင်းပသွားမယ်လို့ သိရပါတယ်။ **စီအင်န်အင်န်**



# အော့ဖ်ဆက်ကို ဝေဖန်တိုက်ခိုက်မှုတွေရပ်ဖို့ ကာဒီဘီပြော

အဆိုတော် ကာဒီဘီဟာ စနေနေ့ညက လော့စ်အိန်ဂျလိစ်မြို့က ဂီတပွဲမှာ သီဆိုဖျော်ဖြေနေစဉ် သူ့ရဲ့ခင်ပွန်းဖြစ်သူ ရက်ပ်ပါအဆိုတော် အော့ဖ်ဆက်က စင်ပေါ်တက်လာကာ သူ့ဆီပြန်လာမလားဆိုပြီး ကာဒီဘီကို ပရိသတ်အားလုံးရှေ့မှာ မေးခဲ့ပါတယ်။ လက်ထဲမှာလည်း ပန်းစည်းအကြီးကြီး ကိုင်ထားပြီး ကိတ်မုန့်အကြီးကြီးနဲ့အတူ ငါ့ဆီပြန်လာမလားဆိုပြီး မေးခဲ့ပါတယ်။ မင်းကိုတောင်းပန်ပါတယ်လို့ အော့ဖ်ဆက်ကပြောပါတယ်။တစ်ကမ္ဘာလုံးကကြည့်နေတဲ့ ပရိသတ်တွေအားလုံးရဲ့ ရှေ့မှာပြောလိုက်တာပါ။

ဒါပေမယ့်လည်း သီဆိုနေမှုကို ကြားဝင်နှောင့်ယှက်ခံလိုက်ရတဲ့ ကာဒီဘီကတော့ ပျော်ရွှင်တဲ့ဟန် မပြပါဘူး။ အဲဒီနောက်မှာတော့ စင်ပေါ်မှာ ပြန်လည်ရှင်းလင်းရေးလုပ်ပြီး သီဆိုမှုကို ပြန်လည်ပြုလုပ်ခဲ့ပါတယ်။ သူတို့နှစ်ဦးဟာ ၂၀၁၇ ခုနှစ်ကပဲ လက်ထပ်ခဲ့တာဖြစ်ပြီး သမီးလေးတစ်ဦးလည်း မွေးဖွားထားပါတယ်။ ယခုလအစောပိုင်းကပဲ ကာဒီဘီဟာ သူနဲ့ အော့ဖ်ဆက်တို့ လမ်းခွဲတော့မယ်လို့ ကြေညာခဲ့ပါတယ်။ ပရိသတ်တွေတော့ ဒီလိုမျိုး စင်ပေါ်မှာ ကာဒီဘီကို နှောင့်ယှက်တာဟာ မလုပ်သင့်တဲ့လုပ်ရပ်ဆိုပြီး အော့ဖ်ဆက်ကို အပြစ်တင်ကြပါတယ်။

တစ်ခါညာခဲ့ဖူးရင် ထပ်ညာမှာပဲ အော့ဖ်ဆက်ကို မယုံနဲ့လို့လည်း ပြောကြပါတယ်။ ပရိသတ်တွေရဲ့ အာရုံစူးစိုက်မှုကို ခံချင်လို့ ဒီလိုလုပ်တာလို့လည်း စွပ်စွဲကြပါတယ်။ ကာဒီဘီကတော့ သူ့ရဲ့ပရိသတ်တွေကို“အော့ဖ်ဆက်ကိုထပ်ပြီး ဝေဖန်တိုက်ခိုက်မှုတွေ မလုပ်ကြဖို့ အင်စတာဂရမ်ကနေတစ်ဆင့် တောင်းဆိုခဲ့ပါတယ်။ အော့ဖ်ဆက်ဟာ ဘယ်လိုပဲဖြစ်ဖြစ် သမီးလေးရဲ့ အဖေပါပဲ။ သမီးရဲ့အဖေကို ဒီလိုမျိုး ဝေဖန်တိုက်ခိုက်မှုတွေ လုပ်နေတာ ကျွန်မ မပျော်ပါဘူး။ ကျွန်မတို့ဟာ အခုထိ မိသားစုအဖြစ် ရှိပါသေးတယ်။ အနာဂတ်မှာ ဘာတွေဖြစ်လာမယ်ဆိုတာ အခုထိ မပြောနိုင်သေးပါဘူး”လို့ ကာဒီဘီက ပြောပါတယ်။ **စီအင်န်အင်န်**



## ဥပဒေအတွေးရေးပါရစေ အပိုင်း(၁၅၂)

# ပြည်သူဗဟိုပြုဝန်ဆောင်မှုအတွေး



### ဦးဟန်ညွန့် (ဥပဒေ)

**စာပေအတွေး**

“ဥပဒေအတွေးမှ စာပေအတွေးသို့” ခေါင်းစဉ်ဖြင့် ပြီးခဲ့သည့်အပတ်က ရေးခဲ့ပါပြီ။ စာပေအတွေးနှင့် ဆက်၍ ပြည်သူဗဟိုပြု ဝန်ဆောင်မှုအတွေးကို ဆက်၍ ရေးပါရစေ။

**ပြည်သူဗဟိုပြုဝန်ဆောင်မှု ဆိုတာဘာလဲ**

ခက်ခက်ခဲခဲ စကားလုံး အသုံးအနှုန်းတွေကို ကျွန်တော် မကြိုက်ပါ။ စာအရှည်ကြီး ရေးပြတာကိုလည်း ကျွန်တော် မဖတ်ချင်ပါ။ ကျွန်တော် ငယ်ငယ်ကလေး လူငယ်ဘဝကတည်းက လိုရင်း၊ တိုရှင်းရေးတာ၊ ပြောတာကို ခုံမင်ခဲ့ပါသည်။ ပြည်သူဗဟိုပြု ဝန်ဆောင်မှုဆိုသော အသုံးအနှုန်းက နည်းနည်းခက်ခဲနေသလိုပါပဲ။

**ဆရာ ဆင်ဖြူကျွန်း သန်းထွန်း ရေးသားပြုစုသော “ပြည်သူဗဟိုပြု ဝန်ဆောင်မှုများဆီသို့”** စာအုပ်ဖတ်ပြီးမှ ကျွန်တော်နားလည်သလိုလို ရှိလာပါသည်။ လိုတိုရှင်းအဓိပ္ပာယ် (ကျွန်တော် ပြန်ချရေးကြည့်တာပါ) မှာ ပြည်သူကို ဗဟိုပြုရမည်။ ပြည်သူ့အတွက် ဖြစ်ရမည်။ ဘယ်သူ့မျက်နှာမှ ကြည့်ဖို့မလို။ အများပြည်သူအတွက် အလုပ်လုပ်ပေးရမည်။ ဒါပဲ။

**စနစ်ရွေးချယ်ရေး**

“စနစ်ရွေးချယ်ရေးမှာ အရေးကြီးပါသည်။ နောက်တစ်ဖန် အရေးကြီးသည်မှာ လက်တွေ့အကောင်အထည်ဖော်ရေး ဖြစ်ပါသည်။ မည်သည့်နိုင်ငံရေးစနစ်၊ စီးပွားရေးစနစ်ကို ရွေးချယ်သည်ဖြစ်စေ ရွေးချယ်ပြီးသည်ကို လက်တွေ့ဖြစ်အောင် အကောင်အထည် ဖော်ကြရပါသည်” ဟု ဆရာ ဆင်ဖြူကျွန်း သန်းထွန်းက ရေးသည်။

**အဓိက(၄)ချက်**

(၁) အုပ်ချုပ်ရေးယန္တရားကို စနစ်တကျ ဖွဲ့စည်းရမယ်။
(၂) ဝန်ထမ်းတွေကို အရည်အချင်း MERIT အရ ရွေးချယ်ခန့်ထားရမယ်။
(၃) ဥပဒေ၊ နည်းဥပဒေများ ရေးဆွဲချမှတ်ရမယ်။
(၄) နိုင်ငံရေး ကင်းရှင်းရမယ် ဟူသော အချက်(၄)ချက်သည် အရေးကြီးသော အခြေခံအချက်များ ဖြစ်သည်။

**ကုန်ကျစရိတ်များလွန်း**

ဗျူရိုကရေစီ အုပ်ချုပ်ရေးစနစ်သည်-

ကုန်ကျစရိတ် များလွန်းသည်။ ရလဒ်ကောင်းများ နည်းပါးလွန်းနေသည်။ ပြည်သူကို အလေးမထား။ အများပြည်သူကို မေ့နေသည်။ အခွန်ပေးရခြင်းသာ ပြည်သူ့ပခုံးထက်မှာ ဝန်ပိနေသည်။

**ဒီမိုကရေစီတန်ဖိုး**

ဒီမိုကရေစီတန်ဖိုးကို အခြေခံမှ




ပြည်သူရသည်။ ပြည်သူဗဟိုပြုသည်။ ပြည်သူ့အတွက် တကယ်အလုပ်လုပ်သည်။ အချုပ်အခြာ အာဏာပိုင်ရှင် ဘယ်သူလဲ။ မမေ့ကြဖို့လိုသည်။

**နိုင်ငံ့ဝန်ထမ်းများ**

အင်္ဂလိပ်ဘာသာအားဖြင့်

(၁) civil service
(၂) civil service personal
(၃) cilvil servant
(၄) government servant
(၅) public servant
(၆) public service personal
(၇) military service
(၈) military service personal

ဟူ၍ ရေးသားသုံးနှုန်းကြသည်။

**နိုင်ငံ့ဝန်ထမ်းအရေးကြီးခြင်း**

အုပ်ချုပ်ရေးယန္တရားမှာ နိုင်ငံ့ဝန်ထမ်းက အရေးကြီးလှပါသတဲ့။ ဝန်ထမ်းတွေမပါရင် နိုင်ငံ့အကျိုးအတွက် ရှေ့ဆက်၍ မရပါဘူးတဲ့။ ဒီမိုကရေစီခေတ်မှာ ပြန်ကြားရေးဝန်ကြီးဌာန မလိုတော့ဟု ပြောဆိုနေကြပါသတဲ့။ တကယ်တော့ ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမှာပါ။ နိုင်ငံ့ဝန်ထမ်းတွေကသာ ပြည်သူကို ဗဟိုပြုကြရမှာပါ။ ဝန်ဆောင်မှုပေးရမှာပါ။ ရှင်းရှင်းရေးရလျှင် ဝန်ထမ်း အလုပ်လုပ်မှ နိုင်ငံကောင်းမှာပါ။ ဝန်ထမ်းတွေ ပျင်းနေလျှင် နိုင်ငံ့အရေး မတွေးဝံ့စရာပါဟု ကျွန်တော် ရေးချင်သည်။ ဆရာ ဆင်ဖြူကျွန်း သန်းထွန်း၏ စာအုပ် ကျွန်တော်ဖတ်ပြီး (အနှစ်ချုပ်)နားလည်သိရှိသမျှ ပြန်လည်ဝေငှခြင်းပါ။

**အမျိုးသားစာပေဆု**

ဆရာ ဆင်ဖြူကျွန်း သန်းထွန်း ရေးသော ပြည်သူဗဟိုပြုဝန်ဆောင်မှုများဆီသို့ စာအုပ်က ယခုနှစ်(၂၀၁၇)အတွက် အမျိုးသားစာပေဆုရသည်။ ကျွန်တော်လည်း ဥပဒေစာအုပ်တွေ ရေးပြီး အမျိုးသားစာပေဆုများကို ရမလားဟု မျှော်မိသေးသည်။ မရပါ။ ကျွန်တော် ဆုမရဘဲ ဆင်ဖြူကျွန်းသန်းထွန်းက ဘာ့ကြောင့် ဆုရပါလိမ့်။ သုံးသပ်ချက် ဖတ်ကြည့်စို့။

**အမျိုးသားစာပေဆု အဖွဲ့ငယ်များ၏ သုံးသပ်ချက် သုတပဒေသာ(ဝိဇ္ဇာ)**

**ဤစာအုပ်သည် မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစနစ်များ ပြုပြင်တည်ဆောက်ရေးကို ဆောင်ရွက်လျက်ရှိသော အခြေအနေအချိန်အခါတွင် ပြည်သူဗဟိုပြုဝန်ဆောင်မှုကို ဆောင်ရွက်ပေးသည့် နိုင်ငံ့ဝန်ထမ်းစနစ် ဖြစ်ထွန်းလာရေးကို ဦးတည်ဆွေးနွေးထားသော စာအုပ်ဖြစ်သည်။**

**နိုင်ငံ့ဝန်ထမ်းများအတွက် သိမှတ်ကျင့်သုံးဖွယ်ရာများနှင့် ခံယူရမည့် သဘောထားကို ခေတ်မီအထောက်အထားများဖြင့် ရှင်းလင်းပြေပြစ်စွာ ရေးသားတင်ပြထားသော အကျိုးပြုစာအုပ်တစ်အုပ်ဖြစ်သည့်အတွက် ဤစာအုပ်ကို သုတပဒေသာ (ဝိဇ္ဇာ)ဘာသာရပ်အတွက် ဆုချီးမြှင့်ရန် ရွေးချယ်ခဲ့ကြခြင်း ဖြစ်ပါသည်။**

**အခန်း(၂၀)**

ဆရာဆင်ဖြူကျွန်း သန်းထွန်း၏ စာအုပ်တွင် အခန်း(၂၀) ပါဝင်သည်-

ပြည်သူဗဟိုပြုဝန်ဆောင်မှုဆိုသည်မှာ၊ နိုင်ငံ့ဝန်ထမ်းဆိုသည်မှာ၊ အုပ်ချုပ်ရေးစနစ် သမိုင်းစဉ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ နိုင်ငံ့ဝန်ထမ်းလောက၊ ပြည်သူဗဟိုပြုဝန်ဆောင်မှုများဖြစ်မြောက်ရေး၊ နိုင်ငံ့ဝန်ထမ်း ပြုပြင်ပြောင်းလဲရေး နည်းလမ်းများ၊ ကောင်းမွန်သော အုပ်ချုပ်မှု၊ တာဝန်ခံခြင်း၊ တာဝန်သိခြင်း၊ တရားဥပဒေစိုးမိုးရေး၊ ပွင့်လင်းမြင်သာမှု၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး၊ အုပ်ချုပ်မှု ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ချက်များ၊ နိုင်ငံ့ဝန်ထမ်းများ မိုင်းဆက်ပြောင်းလဲရေး၊ ပြည်သူ့ဝန်ဆောင်မှု စေ့ဆော်ရေး တွန်းအား၊ ပြည်သူ့ရေးရာ စီမံဆောင်ရွက်မှုနည်းသစ်၊ မဲရစ်တိုကရေစီ၊ နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲရေးကို ဆောင်ရွက်မည်ဆိုလျှင် ပြည်သူဗဟိုပြု ဝန်ဆောင်မှုများဆီသို့၊ လေ့လာဖတ်ရှုခဲ့သော စာအုပ်စာတမ်းများတို့ဖြစ်သည်။

**ဆင်ဖြူကျွန်းသန်းထွန်း**

မိတ်ဆွေကြီး၊ ဆရာ ဆင်ဖြူကျွန်း သန်းထွန်းက နိုင်ငံ့ဝန်ထမ်းလုပ်သက်နှစ်ပေါင်း (၄၀)ကျော်ရှိသူ။ သမိုင်းနှင့်ဝိဇ္ဇာဘွဲ့ရ။ သမိုင်းနည်းပြ။ ကထိက၊ မဟာဝိဇ္ဇာဘွဲ့ရပြီး နိုင်ငံခြားရေးဝန်ကြီးဌာနရောက်။ ဝါရှင်တန်က ပြည်သူ့ရေးရာ ပေါ်လစီ မဟာဘွဲ့ရ။ ညွှန်ကြားရေးမှူးချုပ်တာဝန်ထမ်း။ ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်ရေးကော်မရှင်အဖွဲ့ဝင် တာဝန်ကိုလည်း ထမ်းခဲ့။ ယခု ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင်အဖြစ် ဆောင်ရွက်ဆဲ။ သူ့စာအုပ်ထွက်လျှင် ကျွန်တော့်အား လက်ဆောင်ပေးမြဲ။ ကျွန်တော့်ကို လက်ဆောင်ပေး၍ ဤစာအုပ်ဆုရတာဖြစ်မည်ဟု ကျွန်တော်က ပြောတော့ ဆရာက ပြုံးနေလေသည်။ “ဆုရချင်လျှင် နောက်ထွက်သော စာအုပ်တွေကို ကျွန်တော့်အား လက်ဆောင်ပေးဖြစ်အောင်ပေးပါ” ဟု ကျွန်တော်က ဆက်ပြောသောအခါ ဆရာက တဟားဟား ရယ်မောနေတော့သည်။

**ပြည်သူ့ဝန်ထမ်း အကယ်ဒမီ**

ကျွန်တော်သည် တာဝန်ပေးအပ်ချက်အရ မန္တလေးတိုင်း ဒေသကြီး ဇီးပင်ကြီး ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)နှင့် ရန်ကုန်တိုင်းဒေသကြီး ဖောင်ကြီးဝန်ထမ်း တက္ကသိုလ် (အောက်မြန်မာပြည်)များတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ သင်တန်းများ ပို့ချရလေသည်။ သင်တန်းပို့ချသည်ဟု ကျွန်တော်မပြောရဲပါ။ **ဆွေးနွေးခြင်း**ဟု သုံးပါရစေ။ သင်တန်းသူ / သင်တန်းသားတွေက ညွှန်ချုပ်၊ ပါချုပ်အဆင့်တွေမို့ သူတို့ထံက ပြန်လည်သင်ယူစရာတွေက အများကြီးပါ။ ပါမောက္ခချုပ် ဦးအောင်တင်စိုးနှင့် ဦးညီညီစံတို့အား ကြိုတင်ညှိ။ လေ့လာ။ မှတ်သား၊ တိုးတက်ပြောင်းလဲနေသော ပြည်သူ့ဝန်ထမ်း အကယ်ဒမီ အကြောင်း၊ ရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းနှင့် အဖွဲ့ဝင်များ၏ ကြိုးပမ်းမှုအဖုံဖုံ။ ဝတ်စုံယူနီဖောင်း မဝတ်ရတော့သော ပြောင်းလဲမှု၊ ဝန်ထမ်းစာကြည့်တိုက်များ၏ အခန်းကဏ္ဍ၊ ဝန်ထမ်းဘဝ ရှေ့ခရီးများ အကြောင်း၊ အတော်စုံအောင် ပြောမိကြသည်။ စာတမ်းဆောင်းပါးတွေ သီးခြားရေးချင်ပါသေးသည်။

**စေတနာ**

အမျိုးသားစာပေဆုရှင် ဆင်ဖြူကျွန်းသန်းထွန်း၏ **ပြည်သူဗဟိုပြု ဝန်ဆောင်မှုများဆီသို့** စာအုပ်ဖတ်ရှုပြီး ရှေ့ဆက်ရမည့် ခရီးအကြောင်းတွေးခေါ်မိသော ကျွန်တော်၏ စေတနာ၊ ကောင်းမွန်သော အုပ်ချုပ်မှု အတွေးမျှသာပါ**...**။ ။

**“တကယ်တော့ ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမှာပါ။ နိုင်ငံ့ဝန်ထမ်းတွေကသာ ပြည်သူကို ဗဟိုပြုကြရမှာပါ။ ဝန်ဆောင်မှုပေးရမှာပါ။ ရှင်းရှင်းရေးရလျှင် ဝန်ထမ်းအလုပ်လုပ်မှ နိုင်ငံကောင်းမှာပါ။ ဝန်ထမ်းတွေ ပျင်းနေလျှင် နိုင်ငံ့အရေး မတွေးဝံ့စရာပါဟု ကျွန်တော် ရေးချင်”**

# မယ်ဟန်-မိုင်းရယ်-ကျေးသီးကားလမ်း ၁၈ ပေချဲ့ကတ္တရာခင်း



**လားရှိုး ဒီဇင်ဘာ ၁၈**

ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် တောင်ပိုင်းကိုဆက်သွယ်သောလမ်းများအနက် တစ်လမ်းဖြစ်သော မယ်ဟန်- မိုင်းရယ်- ကျေးသီးကားလမ်းသည် ပြည်နယ်အစိုးရအဖွဲ့နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းလမ်းဦးစီးဌာနတို့က တာဝန်ယူစီမံခန့်ခွဲသောကားလမ်းဖြစ်ပြီး မန္တလေး၊ လားရှိုး၊ မူဆယ်ပြည်ထောင်စုကားလမ်းမကြီး၏ မိုင်တိုင်အမှတ် ၁၆၇ မိုင် ၃ ဖာလုံမှခွဲထွက်ပြီး မိုင်တိုင် အမှတ် ၀/၀- မှ ၇၁/၀ အထိ ၇၁ မိုင်ရှိသည်။

လားရှိုးအပိုင်းမှာ မိုင်တိုင်အမှတ် ၀/၀-မှ မိုင်တိုင်အမှတ် ၂၃/၂ အထိ ၂၃ မိုင် နှစ်ဖာလုံဖြစ်ပြီး ၁၂ ပေ အကျယ် ကတ္တရာလမ်း ၃ မိုင် ၇ ဖာလုံနှင့် ၁၈ ပေအကျယ် ကတ္တရာလမ်း ၁၉ မိုင် ၃ ဖာလုံရှိသည်။ မိုင်းရယ်မြို့နယ်အပိုင်းမှာ မိုင်တိုင်အမှတ် ၂၃/၂ မှ မိုင်တိုင်အမှတ် ၇၁/၀-အထိ ၄၇ မိုင် ခြောက်ဖာလုံဖြစ်သည်။

ယခုအခါ အဆိုပါကားလမ်းအား ပြည်နယ်အစိုးရအဖွဲ့နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းလမ်းဦးစီးဌာနတို့၏ ကြီးကြပ်မှုဖြင့် လမ်းတည်ဆောက်ရေးအဖွဲ့(၁) နှင့် လမ်းအထူးအဖွဲ့(၆) တို့က မူလ ၁၂ ပေ အကျယ်မှ ၁၈ ပေအကျယ်ချဲ၍ ကတ္တရာခင်းခြင်းကို မိုင် ၃၀ ကျော်ဆောင်ရွက်ခဲ့သည်။ ဆက်လက်၍ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၌လည်း ဘဏ္ဍာငွေရရှိမှုပေါ်မူတည်၍ လမ်းချဲ့ကတ္တရာခင်းခြင်းကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခရမ်းစိုးမြင့်**

# အမွေအနှစ်ထိန်းသိမ်းရေးဆုကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလအတွင်း ချီးမြှင့်မည်

**ရန်ကုန် ဒီဇင်ဘာ ၁၈**

ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့၏ အမွေအနှစ်ထိန်းသိမ်းရေးဆုကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလအတွင်း ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

လွန်ခဲ့သောငါးနှစ်အတွင်း ရန်ကုန်မြို့၏ အမွေအနှစ်တန်ဖိုးရှိ အဆောက်အအုံများနှင့် အများပြည်သူပိုင်နေရာများကို ရေရှည်တည်တံ့အောင် လက်ရာမပျက် ထိန်းသိမ်းပြုပြင်ခဲ့သည့် စီမံကိန်းများကို အသိအမှတ်ပြုကာ ချီးမြှင့်ခြင်းဖြစ်ကြောင်း သိရသည်။

"ရှေးဟောင်းအဆောက်အအုံ ဒါမှမဟုတ် နေရာပေါ့နော်။ အဲဒါကို အခုခေတ်နဲ့ သင့်တော်သလို ပြောင်းလဲသုံးစွဲတယ်၊ ဒါပေမယ့် အမွေအနှစ်တန်ဖိုးကိုလည်း မလျော့စေရဘူးဆိုတဲ့ ဆုမျိုး။ ဒါမှမဟုတ်လည်း အမွေအနှစ်နေရာတစ်ခုခုကို အရင်လို မူလတန်ဖိုး မယိုယွင်းဘဲ မူလလက်ရာအတိုင်း ဆက်လက်ထိန်းသိမ်းတဲ့ ဟာမျိုးပေါ့။ တချို့ကျတော့ အခုခေတ်နဲ့ လျော်ညီအောင် ပြောင်းလဲသုံးစွဲတယ်။ ဒါပေမယ့် လုပ်တဲ့ကိုင်တဲ့နေရာမှာ သူ့ရဲ့အရေးကြီးတဲ့တန်ဖိုးတွေကို လျော့ပါးမသွားအောင် ဘယ်လိုလုပ်မလဲပေါ့။ အဲဒီလိုအရာတွေအပေါ်မှာ ဆုပေးသွားမှာပါ"ဟု ရန်ကုန်မြို့ပြအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ ဒါရိုက်တာ ဒေါ်မိုးမိုးလွင်က ပြောသည်။

မူလအတိုင်းပြုပြင်ထိန်းသိမ်းမှု အကောင်းဆုံးဆု (Best Restoration Award)၊ အသုံးပြုပုံအသစ်ဖြင့် ပြောင်းလဲအသုံးပြုမှုအကောင်းဆုံးဆု (Best Adaptive Reuse Award) များကို ရွေးချယ်ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

ဆုအတွက် သတ်မှတ်ချက်များအနေဖြင့် နိုင်ငံပိုင်(သို့) ပုဂ္ဂလိကပိုင် အဆောက်အအုံများအားလုံး အကျုံးဝင်ပြီး အစိုးရဌာနဖြစ်စေ၊ ပုဂ္ဂလိကကဏ္ဍဖြစ်စေ၊ အစိုးရနှင့် ပုဂ္ဂလိကအကျိုးတူပူးပေါင်း၍ဖြစ်စေ ဆောင်ရွက်ခဲ့သော ထိန်းသိမ်းခြင်းလုပ်ငန်းများ ပါဝင်ကြောင်း သိရသည်။ ဆုများကိုရွေးချယ်ရာတွင် အဆောက်အအုံ (သို့) အများပိုင်နေရာတစ်ခုသည် အနည်းဆုံး နှစ် ၄၀ ကျော်သက်တမ်းရှိပြီး အမွေအနှစ်တန်ဖိုးရှိရမည် ဖြစ်သည်။ အဆိုပြုစီမံကိန်းသည် အမွေအနှစ်ဆိုင်ရာတန်ဖိုးရှိ မရှိ မသေချာပါက တင်သွင်းသူက အဆိုပြုလွှာမပေးပို့မီ ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ထံ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

ယခုချီးမြှင့်မည့် အမွေအနှစ်ထိန်းသိမ်းရေးဆုသည် ဒုတိယအကြိမ်မြောက် ချီးမြှင့်ခြင်းဖြစ်ပြီး ပထမအကြိမ် ၂၀၁၈ ခုနှစ်အတွက် ဆုများရွေးချယ်ခဲ့ရာတွင် ပြောင်းလဲအသုံးပြုမှု အကောင်းဆုံးဆုကို ကုန်သည်လမ်းပေါ်ရှိ Gekko Bar and Restaurant နှင့် ၃၁ လမ်းရှိ Scott Hotel တို့ကရရှိခဲ့ပြီး မူလအတိုင်း ပြုပြင်ထိန်းသိမ်းမှု အကောင်းဆုံးဆုကို ရွှေတောင်တန်းလမ်းရှိ Bridge Office နှင့် Shwe Taung Tan Office အဆောက်အအုံတို့ကရရှိခဲ့ကြောင်း သိရသည်။

အမွေအနှစ်ထိန်းသိမ်းရေးဆုကို ရွေးချယ်ရာတွင် မြန်မာနိုင်ငံဗိသုကာအသင်းမှ တာဝန်ရှိသူများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများနှင့် ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့တို့၏ အကဲဖြတ်မှုဖြင့် ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

# ရွှေတိဂုံစေတီတော်အနောက်ဘက်မုခ်တွင် သွေးလှူဌာနဖွင့်လှစ်ထားရှိ

**ရန်ကုန် ဒီဇင်ဘာ ၁၈**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံတို့တွင် နေ့စဉ်သွေးလိုအပ်သောလူနာတို့အတွက် အမျိုးသားသွေးဌာနမှ လိုအပ်သောသွေးအမျိုးအစားကို ထုတ်ပေးလျက်ရှိပြီး ထိုသို့ထုတ်ပေးနိုင်ရန် သွေးလှူရှင်တို့လှူဒါန်းသောသွေးကိုသာ အားပြုရလျက်ရှိရာ အရေးပေါ်လူနာတို့အတွက် သွေးပြတ်လပ်မှုမရှိစေရန် ဆေးရုံတိုင်းတွင် သွေးလှူဌာနများဖွင့်လှစ်ထားရှိသည့်နည်းတူ ရွှေတိဂုံစေတီတော်မြတ်အနောက်ဘက်မုခ်တွင်လည်း သွေးလှူဌာနတစ်ခုဖွင့်လှစ်ထားရှိသည့်အတွက် ဘုရားဖူးကုသိုလ်ယူသူအပေါင်း သွေးလှူဒါန်း၍ အသက်ကယ်ကုသိုလ်ယူနိုင်ကြောင်းလည်း သိရသည်။

အမျိုးသားသွေးဌာန၏ သွေးလိုအပ်ချက်အရ ၂၀၁၈ ခုနှစ် မတ် ၁၀ ရက်မှစတင်၍ ရွှေတိဂုံစေတီတော်အနောက်ဘက်မုခ်စောင်းတန်းတွင် ယာယီသွေးလှူဌာနကို ညနေ ၄ နာရီမှ ည ၇ နာရီခွဲအထိ နေ့စဉ်ဖွင့်လှစ်ထားရှိပြီး လပြည့်၊ လကွယ်နှင့် ရက်ကြီးအခါကြီးနေ့တို့တွင်သာ ပိတ်ရက်ထားရှိကာ တစ်ရက်လျှင် သွေးလှူရှင် ၄၀မှ ၈၀ ကျော်အထိ လာရောက်လှူဒါန်းလျက်ရှိသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီး အပါအဝင် အစိုးရဆေးရုံ ၁၃ ရုံအတွက် အမျိုးသားသွေးဌာနမှ လိုအပ်သောသွေးအမျိုးအစား လစဉ်သွေးယူနစ်ပေါင်း တစ်သောင်းခန့်ကိုဖြန့်ဝေပေးလျက်ရှိရာ လစဉ်သွေးလိုအပ်ချက်ရှိနေ၍ သွေးလှူရှင်များ နေ့စဉ်လိုအပ်နေခြင်း ဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း တစ်လထက်တစ်လ သွေးလိုအပ်ချက် များလာလျက်ရှိပြီး အမျိုးသားသွေးဌာနအနေဖြင့် ဆေးရုံ ၁၃ ရုံအပြင် အခြားဆေးရုံတို့ကိုလည်း ထောက်ပံ့နိုင်ရန်ရည်ရွယ်ထားသောကြောင့် စေတနာရှင်သွေးလှူဒါန်းသူတို့ကို လိုအပ်နေခြင်းဖြစ်သည်။

သွေးအုပ်စုလေးမျိုးကို အမျိုးသားသွေးလှူဌာနမှလက်ခံလျက်ရှိပြီး ခေတ်မီနည်းပညာများစွာ တိုးတက်ပြောင်းလဲလာသော်လည်း သွေးကို ယနေ့တိုင် ဖန်တီး၍မရသောကြောင့် လူ့အသက်ကို ကယ်တင်ရန်သွေးသည် အဓိကအရေးပါလျက်ရှိရာ နေ့စဉ်သွေးလိုအပ်ချက်ရှိနေသော ရန်ကုန်တိုင်းဒေသကြီးရှိဆေးရုံတို့အတွက် သွေးလှူရှင်တို့ကို ကြိုဆိုလျက်ရှိပြီး ရန်ကုန်မြို့အမျိုးသားသွေးဌာန တွင်ရုံးဖွင့် ချိန်နံနက် ၉ နာရီမှ ညနေ ၄ နာရီ၊ ရုံးပိတ်ရက်တွင် နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ လာရောက်လှူဒါန်းနိုင်ကြောင်း သိရသည်။

**သန်းထိုက်**



၂၀၁၈ခုနှစ် U-12 တိုင်းဒေသကြီးနှင့် ပြည်နယ် ဘောလုံးပြိုင်ပွဲကို ဒီဇင်ဘာ ၁ ရက်မှ ၁၄ ရက်အထိ ရန်ကုန် သုဝဏ္ဏအားကစားကွင်းတွင် ကျင်းပခဲ့ပြီး ချင်းပြည်နယ်ကိုယ်စားပြု မင်းတပ်အသင်းက ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကာ ချင်းနှင့် ရှမ်းတောင်အသင်းတို့ ပူးတွဲတတိယဆုရရှိခဲ့ရာ ပြိုင်ပွဲပြန် U-12 ဘောလုံးကစားသမား လူငယ်များကို မင်းတပ်မြို့ရှိ ဌာနဆိုင်ရာများနှင့် ရပ်ကွက်နေပြည်သူများက ကြိုဆို ဂုဏ်ပြုခဲ့စဉ်။

ခရိုင်(ပြန်/ဆက်)

## ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (အောက်တိုဘာလမှ နိုဝင်ဘာလထိ) (ယာယီ) မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှု အမေရိကန်ဒေါ်လာ (၅၅၀၇) သန်းဆောင်ရွက်နိုင်၊ ယခင်ဘဏ္ဍာနှစ်ကာလတူထက် အမေရိကန်ဒေါ်လာ (၃၅၄) သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (အောက်တိုဘာလမှ နိုဝင်ဘာလထိ) (ယာယီ) မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၄၄၆ သန်းနှင့် ပြည်ပသွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၃၀၆၁ သန်းရှိသဖြင့် ပြည်ပကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၅၅၀၇ သန်း ဆောင်ရွက်နိုင်ခဲ့သည်။ ယခင်နှစ် ကာလတူ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (အောက်တိုဘာလမှ နိုဝင်ဘာလထိ) ပြည်ပပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂၁၈၄ သန်း၊ ပြည်ပသွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂၉၆၉သန်းဖြစ်၍ ပြည်ပကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၅၁၅၃ သန်းဖြစ်သဖြင့် ယခင်နှင့်ကာလတူထက် ပို့ကုန်တွင် ဒေါ်လာ ၂၆၂ သန်း၊ သွင်းကုန်တွင် ဒေါ်လာ ၉၂ သန်းပိုမိုသဖြင့် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃၅၄ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့သည်။

ပြည်ပပို့ကုန်ပစ္စည်းများ အုပ်စုလိုက်တင်ပို့မှုကို ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်လျှင် အောက်ပါအတိုင်း ပိုမိုတင်ပို့နိုင်ခဲ့ပါသည်-

**တန်ဖိုးဒေါ်လာသန်းပေါင်း**

| စဉ် | အကြောင်းအရာ | ၂၀၁၈-၂၀၁၉ (အောက်တိုဘာလမှ နိုဝင်ဘာထိ) (ယာယီ) | ၂၀၁၇-၂၀၁၈ (အောက်တိုဘာလမှ နိုဝင်ဘာလထိ) | နှိုင်းယှဉ်ချက် (+/-) |
|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | ၄၃၂.၉၀၈ | ၄၃၆.၇၈၈ | -၃.၈၈၀ |
| ၂ | တိရစ္ဆာန်ထွက်ပစ္စည်းများ | ၉၉.၅၉၈ | ၈.၂၂၇ | ၉၁.၃၇၁ |
| ၃ | ရေထွက်ပစ္စည်းများ | ၁၅၄.၂၁၉ | ၁၂၇.၂၆၅ | ၂၆.၉၅၄ |
| ၄ | သတ္တုတွင်းထွက်ပစ္စည်း | ၂၁၇.၀၇၁ | ၂၉၀.၁၀၅ | -၇၃.၀၃၅ |
| ၅ | သစ်တောထွက်ပစ္စည်း | ၂၉.၄၈၈ | ၃၃.၄၁၈ | -၃.၉၃၀ |
| ၆ | စက်မှုကုန်ချောပစ္စည်း | ၁၃၅၇.၇၅၁ | ၁၀၆၆.၇၉၈ | ၂၉၀.၉၅၃ |
| ၇ | အခြားပစ္စည်းများ | ၁၅၄.၉၃၅ | ၂၂၁.၉၀၂ | -၆၆.၉၆၇ |
| | **စုစုပေါင်း** | **၂၄၄၅.၉၆၉** | **၂၁၈၄.၅၀၃** | **၂၆၁.၄၆၆** |

ပြည်ပသွင်းကုန်ပစ္စည်းများ အုပ်စုလိုက်တင်သွင်းမှုကို ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်လျှင် အောက်ပါအတိုင်း ပိုမိုတင်သွင်းနိုင်ခဲ့ပါသည်-

**တန်ဖိုးဒေါ်လာသန်းပေါင်း**

| စဉ် | အကြောင်းအရာ | ၂၀၁၈-၂၀၁၉ (အောက်တိုဘာလမှ နိုဝင်ဘာလထိ) (ယာယီ) | ၂၀၁၇-၂၀၁၈ (အောက်တိုဘာလမှ နိုဝင်ဘာလထိ) | နှိုင်းယှဉ်ချက် (+) (-) |
|---|---|---|---|---|
| ၁ | ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများ | ၁၀၀၀.၁၃၈ | ၁၀၁၀.၁၈၉ | -၁၀.၀၅၁ |
| ၂ | လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများ | ၁၁၂၀.၇၆၅ | ၁၀၈၉.၁၁၈ | ၃၁.၆၄၇ |
| ၃ | လူသုံးကုန်ပစ္စည်းများ | ၉၃၉.၉၇၅ | ၈၆၉.၁၅၃ | ၇၀.၈၂၂ |
| | **စုစုပေါင်း** | **၃၀၆၀.၈၇၈** | **၂၉၆၈.၆၆၀** | **၉၂.၂၁၈** |

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ADPC Myanmar Office မှ တာဝန်ရှိသူများ တွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၁၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် Asian Disaster Preparedness Centre (ADPC) Myanmar Office ဦးဆောင်သည့် Myanmar Preparedness Task Force အဖွဲ့ဝင်များသည် ယမန်နေ့က နေပြည်တော်ရှိ အဆိုပါဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ADPC နှင့် ဘေးအန္တရာယ် စီမံခန့်ခွဲမှုဦးစီးဌာနတို့အကြား နားလည်မှုစာချွန်လွှာရေးထိုး၍ ဆောင်ရွက်လျက်ရှိသော သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုနှင့် ဘေးလျော့ပါးရေးဆိုင်ရာများ၊ Myanmar Action Plan on Disaster Risk Reduction (MAP-DRR) ကို ၂၀၁၇ ခုနှစ်တွင် ပြင်ဆင်ရေးဆွဲပြီးဖြစ်၍ သဘာဝဘေးနှင့် ပတ်သက်သည့် လုပ်ငန်းဆောင်ရွက်ချက်များကို MAPDRR ဖြင့် ချိတ်ဆက် ဆောင်ရွက်ရေး၊ အာရှဒေသ သဘာဝဘေး ကြိုတင်ပြင်ဆင်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု (APP) အစီအစဉ်မှတစ်ဆင့် အစိုးရနှင့် ဒေသခံလူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေး၊ စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာများ၊ နိုင်ငံအဆင့်တွင် Myanmar Preparedness Partnership (MPP) မှတစ်ဆင့် သဘာဝဘေး ကြိုတင်ပြင်ဆင်ရေးတွင် ဒေသအဆင့် အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် အစိုးရ၊ ပုဂ္ဂလိကနှင့် အရပ်ဘက်အဖွဲ့အစည်းများ ပူးပေါင်း၍ မြန်မာနိုင်ငံရှိ ခရိုင်ရှစ်ခုတို့တွင် ဆောင်ရွက်ပြီးစီးခဲ့သည့်လုပ်ငန်းများ၊ ၂၀၁၉ ခုနှစ်တွင် ကျင်းပမည့် စတုတ္ထအကြိမ်မြောက် အာရှကြိုတင်ပြင်ဆင်ရေး မိတ်ဆက်ဆောင်ရွက်မှု ဒေသဆိုင်ရာ ကော်မတီအစည်းအဝေးကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အခြေအနေများကို ဆွေးနွေးကြသည်။

**မောင်မင်းနိုင်**



# ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင် မြစ်ကြီးနားမြို့တွင်းလမ်းများ တိုးချဲ့ဆောင်ရွက်မှု ကွင်းဆင်းစစ်ဆေး

**မြစ်ကြီးနား ဒီဇင်ဘာ ၁၈**

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်သည် မြစ်ကြီးနားမြို့ မြို့တွင်းလမ်းများ တိုးချဲ့ဆောင်ရွက်နေမှုနှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေတို့ကို ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မြစ်ကြီးနားမြို့ စီတာပူရပ်ကွက် မနောကွင်းအတွင်း၌ လမ်းများခင်းကျင်းနိုင်ရေး၊ ကွင်းအတွင်းရှိ စတိတ်စင်နှင့် အခမ်းအနားကျင်းပရာတွင် အသုံးပြုသည့် စကားပြောစင် စသည့်အဆောက်အအုံများ၏ကြံ့ခိုင်မှုကို ကြည့်ရှုစစ်ဆေးပြီး ပြင်ဆင်ဆောင်ရွက်နိုင်ရေးနှင့် မနောကွင်းအတွင်း ဆောင်ရွက်ရန် လိုအပ်သည့် လမ်းများခင်းကျင်းနိုင်ရေးအတွက် ဌာနဆိုင်ရာတာဝန်ရှိသူများအား မှာကြားခဲ့သည်။

ဆက်လက်၍ မြစ်ကြီးနားပြည်သူ့ဆေးရုံကြီးအတွင်း ဝင်၊ ထွက်လမ်းများ တိုးချဲ့ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် မီးဖွားဆောင်သွား ဆေးရုံပတ်လမ်း ခင်းကျင်းနိုင်ရေးတို့အတွက် ကြည့်ရှုစစ်ဆေးပြီး ဆေးရုံဝင်းအတွင်း လမ်းများ တိုးချဲ့ရာတွင် ကားပါကင်များပါ စနစ်တကျဆောင်ရွက်နိုင်ရေး မှာကြားခဲ့ကာ ဆေးရုံကြီး၏ ယာဘက်ရှိ ရုံကြီးလမ်းကို လမ်းတိုးချဲ့၍ ကတ္တရာရေပိတ်လွှာခင်းကျင်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ကျောက်စိမ်းတုံးအလှဆင်ထားရှိမည့် ဆမားလမ်းနှင့် ဆွမ်ပရာဘွမ်လမ်းဆုံ တြိဂံထောင့်နေရာနှင့် အံတော်ရှင်ဘုရားအနီး မီးရထားသံလမ်းကူးနေရာ၌ သံပန်းတံခါးတပ်ဆင်ဆောင်ရွက်မည့် အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ထို့မှတစ်ဆင့် သခင်နက်ဖေလမ်းမကြီး ၂၅၆၇ ပေကို လမ်းတိုးချဲ့၍ ခင်းကျင်းဆောင်ရွက်နေမှု အခြေအနေနှင့် ယင်းလမ်းမပေါ်ရှိ Box Culvert တစ်စင်း ဆောက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လမ်းတိုးချဲ့ခင်းကျင်းဆောင်ရွက်ရာတွင် လမ်းနှင့်တစ်ဆက်တည်း ဘေးဝဲယာ ရေမြောင်းများ ဆောက်လုပ်နိုင်ရေးအတွက် တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် အောင်ဆန်းလမ်းမတစ်လျှောက် ပေ ၂၂၅၀ လမ်းတိုးချဲ့၍ နိုင်လွန်ကတ္တရာ ခင်းကျင်းဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် ကျွန်းရွှေဝါလမ်းတိုးချဲ့၍ ခင်းကျင်းဆောင်ရွက်နိုင်ရေးအတွက် လမ်းနယ်မလွတ်သည့် ဖုန်းတိုင်များ ဖယ်ရှားစိုက်ထူနိုင်ရေးတို့ကို တာဝန်ရှိသူများအား မှာကြားခဲ့သည်။

**ပြည်နယ်(ပြန်/ဆက်)**



# ကယားပြည်နယ်အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**လွိုင်ကော် ဒီဇင်ဘာ ၁၈**

ကယားပြည်နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် လူမှုရေး၊ စီးပွားရေး၊ ဒေသဖွံ့ဖြိုးရေး စသည့်ကဏ္ဍများကို ကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အချိန်နှင့်တစ်ပြေးညီ ဖော်ဆောင်နိုင်ရေး၊ လိုအပ်သည်များ ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးနိုင်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၆/၂၀၁၈)ကို ယမန်နေ့က ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး လုပ်ငန်းများ ဆောင်ရွက်သည့်နေရာတွင် ပြည်သူနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံရသည့်ဌာနများအနက် မြေစာရင်း၊ သစ်တောဌာနများ၌ မြေယာအရှုပ်အရှင်း ကိစ္စရပ်များ များပြားနေသဖြင့် မူဝါဒနှင့်အညီ ဖော်ဆောင်နိုင်ရန်လိုအပ်ကြောင်း၊ မြေပြင်အခြေအနေများကို မူဝါဒနှင့်အညီ သက်ဆိုင်ရာဝန်ကြီး၊ ဝန်ကြီးချုပ်၊ နိုင်ငံတော်အကြီးအကဲများအထိ မတင်ပြနိုင်ပါက အားနည်းချက်များ ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ အလားတူ စည်ပင်သာယာရေးလုပ်ငန်း၊ လျှပ်စစ်မီးရရှိရေး လုပ်ငန်းများသည်လည်း ပြည်သူနှင့်ထိတွေ့ရသော လုပ်ငန်းများဖြစ်သည့်အတွက် ပြည်သူ့အသံကို နားထောင်၍ အလေးထားဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ဝန်ထမ်းများက မှန်မှန်ကန်ကန်နှင့် ဝါယမစိုက်ပြီး လုပ်ဆောင်နိုင်ရန် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သက်ဆိုင်ရာဝန်ကြီးများက ကြပ်မတ်ရန် လိုအပ်ကြောင်း၊ ဝန်ထမ်းများ တာဝန်ထမ်းဆောင်မှု အပိုင်းတွင်လည်း ဂုဏ်ပြုသင့် ဂုဏ်ပြုထိုက်သည့် ဝန်ထမ်းများရှိပါက အစိုးရအဖွဲ့အနေဖြင့် ဂုဏ်ပြုပေးသင့်ကြောင်း၊ တင်ပြလာပါက ဂုဏ်ပြုပေးသွားမည်ဖြစ်ကြောင်း မှာကြားခဲ့သည်။

ဆက်လက်၍ ပြည်နယ်အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးက ယခင်အစည်းအဝေး အမှတ်စဉ်(၅/၂၀၁၈) အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်မှုများ ဖတ်ကြားတင်ပြခြင်းကိုလည်းကောင်း၊ ဌာနဆိုင်ရာများမှ မိမိတို့ဌာနအလိုက် လုပ်ငန်းဆောင်ရွက်ချက်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးတို့က လိုအပ်ချက်များကို ပြန်လည်ဖြည့်စွက်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ထွန်းလေး**

# ကရင်နှစ်သစ်ကူးနေ့တွင် ကရင်ရိုးရာဂျပ်ခုတ်နှင့် မြန်မာ့ရိုးရာခြင်းလုံးပြိုင်ပွဲများ ထည့်သွင်းကျင်းပသွားမည်

**ဘားအံ ဒီဇင်ဘာ ၁၈**

ကရင်ပြည်နယ် ဘားအံမြို့၌ နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့နှင့် ဇန်နဝါရီ ၆ ရက်တွင် ကျရောက်မည့် ကရင်နှစ်သစ်ကူးနေ့ အခမ်းအနားများကို ပြည်သူများ စိတ်အေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနိုင်စေရေးနှင့် စည်ကားသိုက်မြိုက်စွာ အစဉ်အလာမပျက် ကျင်းပသွားမည်ဖြစ်ပြီး ကရင်နှစ်သစ်ကူးနေ့တွင် ကရင်ရိုးရာဂျပ်ခုတ်နှင့် မြန်မာ့ရိုးရာခြင်းလုံးပြိုင်ပွဲများကို ထည့်သွင်း ကျင်းပသွားမည်ဖြစ်ကြောင်း ယမန်နေ့က ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးခန်းမတွင် ကျင်းပသည့် ညှိနှိုင်းအစည်းအဝေးမှ သိရသည်။



ညှိနှိုင်းအစည်းအဝေးတွင် လွတ်လပ်ရေးနေ့နှင့် ကရင်နှစ်သစ်ကူးနေ့ အခမ်းအနားကျင်းပရေး စီမံခန့်ခွဲမှုကော်မတီနာယက ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က အမှာစကား ပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသော လွတ်လပ်ရေးနေ့ ကျင်းပနိုင်ရေး ကော်မတီအလိုက် ဆောင်ရွက်သွားမည့် အခြေအနေများ၊ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို တင်ပြဆွေးနွေးကြကြောင်းနှင့် လွတ်လပ်ရေးနေ့ အခမ်းအနားတွင် အလံတင်အခမ်းအနားနှင့် လွတ်လပ်ရေးနေ့အခမ်းအနားများကို ဘားအံမြို့ သီရိကွင်းရှိ လွတ်လပ်ရေးကျောက်တိုင်တွင် ကျင်းပသွားမည်ဖြစ်ပြီး ပညာပေးပြခန်းများ၊ ပျော်ပွဲ ရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများကိုပါ နှစ်စဉ်အစဉ်အလာမပျက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အတူ ဇန်နဝါရီ ၆ရက်တွင် ကျရောက်မည့် ကရင်နှစ်သစ်ကူးနေ့ အခမ်းအနားကို ကရင်တိုင်းရင်းသားတို့၏ ရိုးရာအစဉ်အလာမပျက် ကရင်ရိုးရာကျွဲချိုမှုတ်၍ ဖားစည်တီးကာ နှစ်သစ်ကူးအလံတင် အခမ်းအနား၊ ဖို့ဘီးယော်ကောက်သစ် စားပွဲဖြစ်သည့် ကရင်လူမျိုးတို့၏ ရှေးခေတ် ဓလေ့ထုံးတမ်းအစဉ်အလာ တိုင်းလယ်ယာများမှသီးနှံများ အောင်မြင်ဖြစ်ထွန်းစေရန် စောင့်ရှောက်ပေးသည့် ဖို့ဘီးယော် (ခေါ်) စပါးစောင့်နတ်သမီးပူဇော်ပွဲကို ဆင်နွှဲသွားကြမည်ဖြစ်ပြီး ပညာပေးပြခန်းများ၊ ပျော်ပွဲရွှင်ပွဲ၊ အားကစားပြိုင်ပွဲများနှင့် ဈေးဆိုင်များအပြင် ယခုနှစ်တွင် ကရင်ရိုးရာဂျပ်ခုတ်ပြိုင်ပွဲနှင့် မြန်မာ့ရိုးရာ ခြင်းလုံးခတ်ပြိုင်ပွဲများကို ယခင်နှစ်များထက် ထူးခြားသည့် ပြိုင်ပွဲများအဖြစ် ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း ဖြစ်မြောက်ရေးကော်မတီထံမှ သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# ချောင်းများအတွင်းမှ ကျောက်စရစ်ထုတ်လုပ်ခွင့်ပြုရန် လျှောက်ထားမှုများပြားလာ

**မကွေး ဒီဇင်ဘာ ၁၈**

မကွေးတိုင်းဒေသကြီး၌ ချောင်းများအတွင်းမှ ကျောက်စရစ်ထုတ်လုပ်ခွင့် လျှောက်ထားမှုအခြေအနေမှာ လေးနှစ်တာကာလအတွင်း ငါးဆနီးပါးခန့် များပြားလာကြောင်း မကွေးတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

"၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်မှာ ချောင်းကျောက်စရစ်ထုတ်လုပ်ခွင့် လျှောက်ထားတာ ၁၆ ဦးပဲရှိတယ်၊ ၂၀၁၆-၂၀၁၇ မှာ ၂၅ ဦး၊ ၂၀၁၇-၂၀၁၈ မှာ ၃၉ ဦးအထိ တိုးလာတယ်။ ဒီနှစ်ကတော့ ထူးထူးခြားခြား ၇၅ ဦးအထိ လျှောက်ထားလာပါတယ်။ လေးနှစ်အတွင်း ငါးဆနီးပါးပိုတိုးပြီးလျှောက်ထားလာပါတယ်"ဟု မကွေးတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးဇော်လွင်က ပြောသည်။

မြစ်အတွင်း ကျောက်စရစ်ထုတ်လုပ်ရန် လျှောက်ထားမှုမှာလည်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ၈၉ ဦး၊ ၂၀၁၆-၂၀၁၇ တွင် ၁၅၉ ဦး၊ ၂၀၁၇-၂၀၁၈ တွင် ၂၂၂ ဦးအထိ တိုးလာနေကြောင်း၊ လတ်တလောတွင် မြစ်ကျောက်စရစ်ထုတ်လုပ်ခွင့် လုပ်ကွက်အနေဖြင့် ၁၇ ဦးသာ ခွင့်ပြုပေးထားကြောင်း ဌာနမှတ်တမ်းများအရ သိရသည်။



မကွေးမြို့နယ်အတွင်း ကျောက်စရစ်ထုတ်လုပ်သည့် လုပ်ငန်းခွင်တစ်နေရာ

လျှောက်ထားလာမှုများနှင့် ပတ်သက်၍ မကွေးဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် သရက်ခရိုင် စစ္စရုံနယ်စပ်မှ အထက်ဘက် မိချောင်းရဲနယ်အထိ ကွင်းဆင်းတိုင်းတာမှုများ လုပ်ဆောင်ခဲ့ပြီးဖြစ်သည်။ ရေကြောင်းမြေပုံများအရ နုန်းအနည်များစုပုံနေသော ရေစီးကြောင်းအရ စုပ်ထုတ်ရန် လိုအပ်သည့်နေရာများတွင် သက်ဆိုင်ရာ အဖွဲ့အစည်းများ၏ စိစစ်ထောက်ခံချက်ဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက လုပ်ငန်းလိုင်စင်ချထားပေးကြောင်း သိရသည်။

ကျောက်စရစ်ထုတ်လုပ်မှုကို သတ်မှတ်လုပ်ကွက်နေရာများတွင် လုပ်ကိုင်ပါက ကမ်းပြိုကျမှုများ မဖြစ်နိုင်ဘဲ သတ်မှတ်လုပ်ကွက်နေရာသာမက ကျောက်စရစ်ထုတ်ယူနိုင်သည့် အခြားနေရာများသို့ပါ တရားမဝင် ပြောင်းရွှေ့လုပ်ကိုင်မှုသာ သဘာဝပတ်ဝန်းကျင်ကိုထိခိုက်ပြီး ကမ်းပါးပြိုကျခြင်းများ ဖြစ်ပေါ်ရကြောင်းလည်း တိုင်းဒေသကြီးဦးစီးမှူးထံမှ သိရသည်။ **ဇေယျာတု(မကွေး)**

## သတင်းတိုများ

### ပုလောမြို့နယ်၌ မိုင်းအန္တရာယ် အသိပညာပေးဟောပြော

တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ်တွင် ပြည်သူများ၏ အသက်အန္တရာယ်ကို ကာကွယ်၍ ပိုမိုလုံခြုံသော အနာဂတ်ဘဝ တည်ဆောက်နိုင်ရန် ရည်ရွယ်လျက် မိုင်းအန္တရာယ် အသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၁၇ ရက်က ပုလောမြို့ကမ်းရိုးတန်းရတနာခန်းမ၌ ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် လူထုအခြေပြုဆက်ဆံရေး/ကြီးကြပ်ရေးမှူး နော်အဲလီဇဘက်က ကိုယ်မသိသောအရာဝတ္ထုများ(ဝိုင်ယာကြိုး၊ သစ်သား၊ သံထည်နှင့် ပလတ်စတစ်) စသည်တို့ကိုတွေ့လျှင် လုံးဝမတို့မထိရဘဲ သက်ဆိုင်ရာသို့ အကြောင်းကြားရန်၊ မိုင်းအန္တရာယ်ကြောင့် အသက်ဆုံးရှုံးခြင်း၊ ဒုက္ခိတဖြစ်ခြင်းနှင့် ထိခိုက်ဒဏ်ရာများ ရရှိလာပါက လုပ်ဆောင်ပေးနိုင်မည့် အခန်းကဏ္ဍများ စသည်တို့ကို ရှင်းလင်းဆွေးနွေးခဲ့သည်။ အဆိုပါဟောပြောပွဲသို့ ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ ရပ်/ကျေး စာရေးများ စုစုပေါင်း ၉၀ ခန့် တက်ရောက်ခဲ့ပြီး ဟောပြောပွဲအပြီးတွင် လူထုအခြေပြုဆက်ဆံရေးအဖွဲ့က လူကြီးများအတွက် အသိပညာပေးလက်ကမ်းစာစောင်များနှင့် ကလေးများအတွက် အသိပညာပေး ရုပ်ပြကာတွန်းစာအုပ်များကို အခမဲ့ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### ကျေးရွာကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီး

မွန်ပြည်နယ် ပေါင်မြို့နယ် ဥက္ကံကျေးရွာ၌ ကိုရီးယားနိုင်ငံ(KOICA) ကူညီထောက်ပံ့မှုဖြင့် ဆယ်လ်မားအူးလ်အွန်ဒုန်စီမံကိန်းကို အကောင်အထည်ဖော်နေပြီး ကျေးလက်နေပြည်သူများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူနေမှုပတ်ဝန်းကျင် တိုးတက်ကောင်းမွန်ရေးနှင့် ဝင်ငွေတိုးပွားရေး ရည်ရွယ်ချက်သုံးရပ်ကို ဆောင်ရွက်လျက်ရှိသည်။ ယခုစီမံကိန်း တတိယနှစ်အတွင်း လူနေမှုပတ်ဝန်းကျင် တိုးတက်ရေးအတွက် ကျေးရွာလမ်းများ ခင်းလျက်ရှိရာတွင် အရှည် ပေ ၉၃၀၊ အကျယ် ၁၀ ပေရှိ ကွန်ကရစ်လမ်းလုပ်ငန်းများကို ဒီဇင်ဘာလအတွင်း ခင်းကျင်းပြီးစီးခဲ့ပြီဖြစ်ပြီး ဥက္ကံကျေးရွာ၌ စီမံကိန်းမှ နှစ်စဉ်ထောက်ပံ့သော ငွေများအပြင် ဝင်ငွေတိုးပွားရေးမှရရှိသော အကျိုးအမြတ်များဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဟု သိရသည်။ **မြင့်ခိုင်(စိုက်/ပျိုး)**

# လွတ်လပ်ရေးနေ့အကြို ပြိုင်ပွဲများ မြို့နယ်များ၌ကျင်းပ

**ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို အထိမ်းအမှတ်အဖြစ် ကျောင်းသား ကျောင်းသူများအတွက် အားကစားပြိုင်ပွဲများနှင့် ဉာဏ်စမ်းပြိုင်ပွဲများ အပါအဝင် ပြိုင်ပွဲအမျိုးမျိုးကို မြို့နယ်အသီးသီး၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဦးဆောင်၍ ကျင်းပလျက်ရှိသည်။**

### ခနုဖြူ

ခနုဖြူမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ လွတ်လပ်ရေးနေ့အကြို အားကစားပြိုင်ပွဲများကို ဒီဇင်ဘာ ၁၈ ရက်က ကျင်းပခဲ့သည်။ ကလေးများပျော်ရွှင်စေရန် အဓိကထား၍ လုပ်ဆောင်ပေးခြင်းဖြစ်ပြီး ပြိုင်ပွဲများအဖြစ် ပူဖောင်းဖောက်ပြိုင်ပွဲ၊ ဘောလုံးနောက်ပစ်ပေးကစားနည်းနှင့် ပူဖောင်းမှုတ်ပြိုင်ပွဲများ ကျင်းပကာ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ပထမတန်း ကျောင်းသား ကျောင်းသူ ၄၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ထို့နောက် ကလေးများအား စာအုပ်များဝေငှပေးပြီး နွားနို့နှင့် မုန့်များတိုက်ကျွေးကာ ပြိုင်ပွဲတွင် အနိုင်ရရှိသောကလေးငယ်များအား မြို့နယ်ပညာရေးမှူး ဦးသိန်းဝင်းနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့ကြသည်။ **အောင်သူဟိဏ်း(ခနုဖြူ)**

### ချောင်းဆုံ

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် လူထုအခြေပြုဗဟိုဌာန၌ လွတ်လပ်ရေးနေ့ အကြို အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကို ဒီဇင်ဘာ ၁၇ ရက်က ကျင်းပခဲ့ပြီး အခြေခံပညာကျောင်း ၁၄ ကျောင်းမှ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၄ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ပြိုင်ပွဲတွင် ဒုတိယမြို့နယ်ပညာရေးမှူး ဦးတင်မျိုးနိုင်က ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြား၍ ပြိုင်ပွဲကိုကျင်းပပြီး ပြိုင်ပွဲအပြီးတွင် ဆုရရှိသူသုံးဦးအား ဆုများနှင့် ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများအား လက်ဆောင်ပစ္စည်းများကို တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။
**မြို့နယ်(ပြန်/ဆက်)**

### မဘိမ်း

ရှမ်းပြည်နယ်မြောက်ပိုင်း မိုးမိတ်ခရိုင် မဘိမ်းမြို့နယ်တွင် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲနှင့် စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်ဝိုင်းကို နမ့်ပုံးပုံးရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ ဒီဇင်ဘာ ၁၈ ရက်က ကျင်းပခဲ့သည်။ ဟောပြောပွဲတွင် မဘိမ်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးမျိုးမင်းက ကျောင်းသားလူငယ်များ စာဖတ်ရှိန်မြှင့်တင်ရေး၊ လွတ်လပ်ရေးနေ့အကြောင်း သိမှတ်ဖွယ်ရာများ၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်းလိုက်နာရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ် ရှောင်ကြဉ်ရေးတို့ကို အသိပညာပေးဟောပြောသည်။ ထို့နောက် စာဖတ်ဝိုင်းကို ဆက်လက်ကျင်းပပြီး ၂၀၁၈ ခုနှစ် ဒီဇင်ဘာလထုတ် ဒို့ကျေးရွာဂျာနယ်ပါ တက္ကသိုလ်မလေးခိုင်၏ ဆင်ကြီးနဲ့ ပုရွက်ဆိတ်များ ဆောင်းပါးကို ကျောင်းသား ကျောင်းသူများက ဖတ်ကြားဆွေးနွေးခဲ့သည်။
**မြို့နယ်(ပြန်/ဆက်)**

### ပလောက်

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပလောက်မြို့ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်၌ လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာအုပ်ပြပွဲနှင့် စာဖတ်ဝိုင်းကို ဒီဇင်ဘာ ၁၇ ရက်က ကျင်းပခဲ့သည်။ ကျောင်းသား ကျောင်းသူများ စာပေကို ပိုမိုချစ်မြတ်နိုးလာစေရန်နှင့် စာဖတ်သည့်အလေ့အထများရှိလာစေရန် ရည်ရွယ်ကျင်းပခဲ့ခြင်းဖြစ်ပြီး ပလောက်မြို့ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူ ကျောင်းသားများက ပြည်သူ့စာကြည့်တိုက်၌ ခင်းကျင်းပြသထားသော သုတ၊ ရသ စာအုပ်များကို စိတ်ဝင်စားစွာ ကြည့်ရှုလေ့လာကာ စာဖတ်ခြင်း၏အကျိုးကျေးဇူး ခေါင်းစဉ်ဖြင့် စာဖတ်ဝိုင်းကို ပြုလုပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### နောင်တရား

နောင်တရားမြို့ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကလေးစာဖတ်ခန်း၌ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ဒီဇင်ဘာ ၁၈ ရက်က ကျင်းပခဲ့သည်။ မြန်မာနိုင်ငံ၏ လွတ်လပ်ရေးသမိုင်းကြောင်းနှင့် လွတ်လပ်ရေး



ရရှိရေးအတွက် ကြိုးပမ်းခဲ့ကြသည့် အာဇာနည်ပုဂ္ဂိုလ်ကြီးများ၏ ဆောင်ရွက်ချက်များကို ကျောင်းသား ကျောင်းသူများ သိရှိစေရန် ရည်ရွယ်၍ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ကျင်းပခြင်းဖြစ်ပြီး ပြိုင်ပွဲအပြီးတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား နောင်တရားမြို့အမက(ကျောင်းကုန်း)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခက်သန္တာခိုင်က ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။ **ခွန်အောင်(နောင်တရား)**

### သရက်ချောင်း

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ လွတ်လပ်ရေးနေ့အကြို အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို ဒီဇင်ဘာ ၁၈ ရက်က လူထုအခြေပြုဗဟိုဌာန၌ ကျင်းပခဲ့သည်။ ပြိုင်ပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးနိုင်ဝင်းက ပြိုင်ပွဲကျင်းပသည့် ရည်ရွယ်ချက်နှင့် စည်းမျဉ်း/စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး သရက်ချောင်းမြို့ပေါ်နှင့် ကျေးရွာအခြေခံပညာကျောင်းပေါင်းစုံမှ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၃၀ က လွတ်လပ်ရေးကြိုးပမ်းမှု ခေါင်းစဉ်ဖြင့် စာစီစာကုံး ရေးသားယှဉ်ပြိုင်ခဲ့ကြသည်။ ပြိုင်ပွဲတွင် ဆုရရှိသူများအား ဇန်နဝါရီ ၄ ရက်တွင်ကျင်းပမည့် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားတွင် ဆုများချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### ပြည်

လွတ်လပ်ရေးနေ့အကြို ဆေးရောင်ခြယ်ပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲကို ပြည်မြို့ရှိ ပြည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ဒီဇင်ဘာ ၁၇ ရက်က ကျင်းပခဲ့သည်။ ဆေးရောင်ခြယ်ပြိုင်ပွဲတွင် ပြည်မြို့ပေါ် ကျောင်းသုံးကျောင်းမှ မူလတန်းအဆင့် ကျောင်းသားကျောင်းသူ ၂၅ ဦးနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲတွင် မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၂၄ ဦးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ပြိုင်ပွဲများအလိုက် ဆုရရှိသူများအား ခရိုင်ပြန်/ဆက်ဦးစီးမှူး ဦးအောင်ကိုသန့်နှင့် တာဝန်ရှိသူများက ဆုလက်ဆောင်များ ချီးမြှင့်ပေးခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

### စေတုတ္တရာ

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကလေးစာဖတ်ခန်း၌ လွတ်လပ်ရေးနေ့(အကြို) စက္ကူခေါက်ပြိုင်ပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲကို ဒီဇင်ဘာ ၁၇ ရက်က ကျင်းပခဲ့သည်။ ကျောင်းသား ကျောင်းသူ ကလေးငယ်များ ကာယ၊ ဉာဏစွမ်းရည် တိုးတက်မြင့်မားလာစေရန်နှင့် စာဖတ်သည့် အလေ့အကျင့်ကောင်းများ ရရှိလာစေရန် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ပြီး ပြိုင်ပွဲသို့ စေတုတ္တရာမြို့နယ် အမှတ်(၁)အလက(ခွဲ)ကျောင်းမှ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၂၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကာ ပြိုင်ပွဲအပြီးတွင် မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်ညိုညိုဝင်းနှင့် ဝန်ထမ်းများက ဆုရရှိသူများအား ဆုပေးအပ်ပြီး ပြိုင်ပွဲဝင်ကလေးငယ်များအားလုံးကိုလည်း စာရေးကိရိယာနှင့် အာဟာရမုန့်များ ဝေပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### ရမည်းသင်း

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ (၇၁) လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဗဟုသုတဉာဏ်စမ်းပြိုင်ပွဲကို ဒီဇင်ဘာ ၁၇ ရက်က ရမည်းသင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကွန်မြူနတီစင်တာခန်းမ၌ ကျင်းပခဲ့သည်။ ပြိုင်ပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိ ဒေါ်သိမ့်သိမ့်မျိုးက ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်နှင့် ပြိုင်ပွဲ စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီးနောက် ပြိုင်ပွဲကို စတင်ကျင်းပရာ ရမည်းသင်းမြို့ပေါ်ရှိ အထက်တန်းကျောင်း သုံးကျောင်းနှင့် ကိုယ်ပိုင် အထက်တန်းကျောင်း တစ်ကျောင်းမှ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၄၈ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ **ဇော်ဝင်းအောင်**

### ရန်ကုန်

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ လွတ်လပ်ရေးနေ့အကြို သားကောင်းမိခင်နှင့် ကလေးပြိုင်ပွဲကို ဒီဇင်ဘာ ၁၇ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။ ပြိုင်ပွဲတွင် အသက် တစ်လမှ ခြောက်လ၊ ခြောက်လမှ တစ်နှစ်နှင့် တစ်နှစ်မှ နှစ်နှစ်အတွင်းရှိ ကလေးငယ်များနှင့် ကလေးမိခင် ၅၀ ခန့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး မြို့နယ်ကျန်းမာရေးဝန်ထမ်းများက ကလေးငယ်များ၏ ကျန်းမာသန်စွမ်းမှု၊ ကိုယ်ကာယဖွံ့ဖြိုးမှုများကို စစ်ဆေးပြီး အကဲဖြတ်အမှတ်ပေးခဲ့ကြသည်။ ထို့နောက် ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုနှင့် အထူးဆုများ၊ အမှတ်တရလက်ဆောင်များကို မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခိုင်ဝါဝါထွဋ်နှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**



## မြိတ်တက္ကသိုလ်
## (၁၁)ကြိမ်မြောက်ဘွဲ့နှင်းသဘင်
## လျှောက်လွှာခေါ်ယူခြင်းနှင့်အစီအစဉ်ကြေညာခြင်း

သက်တော်(၇၈)နှစ်၊ သိက္ခာတော် (၅၈)ဝါ

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အလတ်ချောင်းရပ်ကွက်၊ အလတ်ချောင်း ချောင်းဝကျောင်းတိုက် (ဘုန်းတော်ကြီးသင်ပညာရေး)၏ ဦးစီးပဓာန နာယကဖြစ်သော အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောဏ္ဍညသည်(၁၃၈၀ပြည့်နှစ်၊ နတ်တော် လဆန်း ၁၀ရက်) ၁၇-၁၂-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၁၀း၂၉ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါကြောင်း ရပ်နီးရပ်ဝေးမှ သဟာယက သံဃာ၊ တပည့်ဒါယကာ၊ ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ဈာပနဖြစ်မြောက်ရေးကော်မတီနှင့်**

**တပည့်သံဃာတော်များ၊ တပည့်ဒါယကာ၊ ဒါယိကာမများ**

**အလတ်ချောင်း၊ ချောင်းဝကျောင်းတိုက်၊ ကြည့်မြင်တိုင်မြို့နယ်**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်ဒါယိကာမကြီး

## ဒေါ်စန်း (အင်းစိန်) အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ လှိုင်မြစ်လမ်း၊ ကမ်းနားအလယ်ရပ်ကွက်၊ အမှတ် ၂၀၀ နေ (ဦးကြီး-ဒေါ်တင့်)တို့၏သမီး၊ (ဦးရှိန်-ဒေါ်စောတင်)တို့၏သမီးချွေးမ၊ ဦးအုန်းကြိုင်၏ဇနီး၊ (ဦးခင်မောင်ကျော်)-ဒေါ်သန်းသန်း၊ ဦးသိန်းထွန်း-ဒေါ်ချို ချို၊ (ဦးတင်ထွန်း)-ဒေါ်နီလာတို့၏မိခင်၊ မြေးကိုးယောက်၊ မြစ်ငါးယောက်တို့၏ ဘွားဘွားကြီးသည် ၁၇-၁၂-၂၀၁၈ ရက် (တနင်္လာနေ့) ည ၉း၄၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၁၂-၂၀၁၈ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၁၂-၂၀၁၈ ရက်(တနင်္ဂနွေနေ့) နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးဆန်းအောင်(ခ)ဦးတုတ်ပေါ

နိုင်ငံ့ဂုဏ်ရည်ဒုတိယဆင့်

အထက(၁)မရမ်းကုန်း ကျောင်းသားဟောင်း

အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဦးဘဟန်လမ်းနေ (ဦးဘခိုင်-ဒေါ်တင်)တို့၏သား၊ ဒိုက်ဦးမြို့နေ (ဦးအောင်ချစ်-ဒေါ်ဒေါင်း)တို့၏သားသမက်၊ (၂)ရပ်ကွက်၊ သမိုင်းနေ ဦးစန်းမြင့်-(ဒေါ်အုံးမြင့်)၊ ဦးသောင်းတင်တို့၏ညီ၊ ဦးသိန်းနိုင်-ဒေါ်ဖြူ၊ ဦးလှအေး-(ဒေါ်မြင့်စန်း)၊ ဦးမောင်စိုး-ဒေါ်အုံးညွန့်(ခ)ဒေါ်ညိုတို့၏အစ်ကို၊ ကိုသိန်းမင်းစိုး-မအေးမြတ်သူ၊ ကိုကျော်မြင့်-မသန်းသန်းမြင့်တို့၏ဘကြီး၊ (၂)ရပ်ကွက်၊ ဦးဘဟန်လမ်း၊ အမှတ် ၁၅ နေ ဒေါ်တင်အေး၏ ချစ်လှစွာသောခင်ပွန်းသည် ၁၇-၁၂-၂၀၁၈ရက် (တနင်္လာနေ့) ည ၉း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၁၂-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၁၂-၂၀၁၈ရက်(တနင်္ဂနွေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးကျော်မြင့် (အပါကြီး)

အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာတောင်ညွန့်ရပ်ကွက်၊ ၁၀၈ လမ်း၊ အမှတ် ၅၃-ဂ၊ မြေညီနေ (ဦးမူအလီပရာဆပ်-ဒေါ်သန်းကြွယ်)တို့၏သား၊ (ဦးနောင်ခမ်းသောင်-ဒေါ်လက်ချ်မီး)တို့၏သားသမက်၊ ဒေါ်စိန်စိန်၏ခင်ပွန်း၊ ဦးကိုကြီး-ဒေါ်ခင်လေးမာ၊ ဦးကျော်နိုင်လင်း-ဒေါ်ငွေးတင့်၊ ဦးကျော်မိုးနိုင်၊ ဦးဉာဏ်လင်း-ဒေါ်မိုးမိုးနိုင်တို့၏ဖခင်၊ မပွင့်သင်ဇာကိုကြီး၊ မောင်ဝေယံကိုကြီး၊ မောင်ဟန်ဝင်း၊ မအိကြည်ဖြူ၊ မောင်အောင်ငြိမ်းချမ်း၊ မောင်အောင်ကောင်းဆက်တို့၏အဘိုးသည် ၁၇-၁၂-၂၀၁၈ ရက် ညနေ ၆း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၁၂-၂၁၀၈ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးကြည်ဝင်း (အရာခံဗိုလ်၊ငြိမ်း)

(ဝေနေယျသုခ နာရေးကူညီမှုအသင်းဝင်)

အသက်(၆၈)နှစ်

ရန်ကုန်မြို့နေ (ဦးမြဒင်-ဒေါ်ရီ)တို့၏သား၊ မန္တလေးမြို့နေ (ဦးမောင်စိန်-ဒေါ်တင်လှ)တို့၏သားသမက်၊ ဦးသောင်းစိန်-ဒေါ်စန်းကြည်၊ (ဦးချစ်မောင်)-ဒေါ်စန်းရီ၊ (ဦးတင်မြင့်)-ဒေါ်ကြည်အေးတို့၏ညီ/မောင်၊ ဦးတင်စန်း-ဒေါ်ခင်စန်းဝေ၊ ဦးခင်မောင်ကြီး-ဒေါ်စိန်သောင်း၊ဦးမြကြည်(YCDC၊ မင်္ဂလာဒုံမြို့နယ်ရုံးအုပ်)-ဒေါ်စန်းစန်းတင့်၊ [ဦးအောင်ဇေယျ(ခ)ကိုဖိုးစိန်]-ဒေါ်ခင်မာရီတို့၏အစ်ကို၊ ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ရွှေနံ့သာစံပြ၊ လမ်း ၂၀၊ အမှတ် ၅၉၂နေ မခင်သန္တာဝင်း၊ မင်းဝင်းထွဋ်-မဖြူဇင်ဖြိုး(ခေတ္တ-စင်ကာပူ)၊ မောင်ဝင်းနိုင်ထွန်း(ခေတ္တ-စင်ကာပူ)တို့၏ ဖခင်၊ဒေါ်မြင့်မြင့်စန်း၏ ချစ်လှစွာသောခင်ပွန်းသည် ၁၇-၁၂-၂၀၁၈ရက် (တနင်္လာနေ့)တွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၁၂-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၁၂-၂၀၁၈ရက်(တနင်္ဂနွေနေ့)နံနက်တွင် အထက်ပါ မင်္ဂလာဒုံမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# စီးပွားရေးဖွံ့ဖြိုးတိုးတက်သည့် ပြည်ပနိုင်ငံများသို့ မြန်မာနိုင်ငံသား နှစ်သန်းကျော် ရွှေ့ပြောင်းနေထိုင်လုပ်ကိုင်လျက်ရှိ

## ဒုတိယသမ္မတ ဦးမြင့်ဆွေ အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာသူများနေ့ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် ဒီဇင်ဘာ ၁၈**

၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာသူများနေ့ (International Migrants Day) အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန - ၂ ၌ ကျင်းပရာ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးကျော်တင့်ဆွေ၊ ဒေါက်တာဖေမြင့်၊ ဦးသိန်းဆွေ၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဒေါက်တာမြင့်ထွေးနှင့် ဒေါက်တာဝင်းမြတ်အေး၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်သန်းထွဋ်နှင့် ဦးကျော်မျိုး၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံတမန်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်း (INGOs) များမှ ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်း (NGOs) များမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ❇




**ဒုတိယသမ္မတ ဦးမြင့်ဆွေ ၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာသူများနေ့ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။** သတင်းစဉ်

# ခရစ်တော်မွေးနေ့(ခရစ္စမတ်) ကျေးဇူးတော်ချီးမွမ်းခြင်းပွဲတော်နှင့် မိတ်သဟာယညစာစားပွဲ အခမ်းအနားကျင်းပ




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ခရစ်တော်မွေးနေ့ (ခရစ္စမတ်) ကျေးဇူးတော်ချီးမွမ်းခြင်းပွဲတော်နှင့် မိတ်သဟာယ ညစာစားပွဲအခမ်းအနားတွင် တက်ရောက်လာသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

**နေပြည်တော် ဒီဇင်ဘာ ၁၈**

မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်ပေါင်းစုံအဖွဲ့ချုပ်ကြီးများ စုပေါင်းကျင်းပသည့် "ခရစ်တော်မွေးနေ့ (ခရစ္စမတ်) ကျေးဇူးတော်ချီးမွမ်းခြင်းပွဲတော်နှင့် မိတ်သဟာယ ညစာစားပွဲ" အခမ်းအနားကို ယနေ့ညနေ ၆ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပရာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်သည်။

**စုပေါင်းကျင်းပ**

အဆိုပါအခမ်းအနားကို မြန်မာနိုင်ငံ ကက်သလစ်ဆရာတော်ကြီးများ အဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များကောင်စီ၊ မြန်မာနိုင်ငံ ဧဝံဂေလိ ခရစ်ယာန် မဟာမိတ်အဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ခရစ်တော်သာသနာပြန့်ပွားမှု ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့ချုပ်တို့ စုပေါင်းကျင်းပခြင်းဖြစ်ပြီး အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ

*စာမျက်နှာ ၅ ကော်လံ ၁* ✥




မြန်မာ့အလင်း
ယနေ့ရန်ကုန်
Yangon Today
၁၃၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၁၂ ရက်
၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာ ၁၉ ရက်၊ ဗုဒ္ဓဟူးနေ့



ပြီးခဲ့တဲ့ နွေရာသီကာလမှာ ဓာတ်အားသုံးစွဲမှုများတာမို့ မဂ္ဂါဝပ် ၁၅၅၀ ခန့်ရှိခဲ့ပေမယ့် လာမယ့် ၂၀၁၉ ခုနှစ် နွေရာသီမှာ ဓာတ်အားအသုံးပြုမှု မဂ္ဂါဝပ် ၁၇၀၀ ခန့် ရှိလာနိုင်တယ်လို့ တာဝန်ရှိသူတွေက သုံးသပ်ထားပါတယ်။ ဒါကြောင့်မို့ ရန်ကုန်မြို့ ဓာတ်အားဖြန့်ဖြူးရေးကဏ္ဍမှာ ဓာတ်အားပြတ်တောက်မှု လျော့နည်းရေးနဲ့ ဗို့အားပြည့်မီစွာ ဖြန့်ဖြူးနိုင်ရေးအတွက် ဓာတ်အားခွဲရုံအသစ်တွေ ဖြည့်ဆည်းတည်ဆောက်နေသလို ဓာတ်အားလိုင်းတွေလည်း ပြင်ဆင်နေတာ ဖြစ်ပါတယ်။





# ရန်ကုန်၊ ပြည်သူတွေနဲ့ လျှပ်စစ်

**ဝေယံဦး**

ယနေ့ခေတ်လူနေမှုဘဝ တိုးတက်မြင့်မားမှုကို လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်မှုနဲ့ တိုင်းတာကြည့်လို့ ရတယ်ဆိုပါတယ်။ မိသားစုဘဝ အိမ်အသုံးအဆောင်ပစ္စည်းတွေမှာ လျှပ်စစ်ဓာတ်အား အသုံးပြုပစ္စည်းတွေ များပြားလာတာနဲ့အမျှ ဓာတ်အားသုံးစွဲမှုတွေလည်း မြင့်တက်လာပါတယ်။ ရန်ကုန်မြို့ဟာ လူဦးရေခြောက်သန်းခန့်ရှိလာတဲ့အခါ နေ့စဉ်ဓာတ်အားသုံးစွဲမှုများပြားလာတာကြောင့် ဓာတ်အားပြည့်ဝဖူလုံရေးလည်း ကြိုးစားဆောင်ရွက်နေရပြီဖြစ်ပါတယ်။

"လျှပ်စစ်ဓာတ်အား ပြတ်တောက်မှု လျော့နည်းရေးနဲ့ ဗို့အားပြည့်မီစွာ ဓာတ်အား ဖြန့်ဖြူးနိုင်ရေးအတွက် ၆၆/၁၁-၆.၆ KV(Gis Insulated Switchgear) ဓာတ်အားခွဲရုံတွေ ရန်ကုန်မှာ တည်ဆောက်နေပါတယ်" လို့ ဒီဇင်ဘာ ၁၃ ရက်က နေပြည်တော် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနတွင် ပြုလုပ်သည့် မီဒီယာရှင်းလင်းပွဲ၌ ရန်ကုန်တိုင်း လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၏ ဒါရိုက်တာအဖွဲ့ဝင် ဦးအောင်ကျော်စိုးက ပြောသည်။

**အချပ်ပို (ခ) သို့**

# ရန်ကုန်တိုင်း ဒေသကြီးအစိုးရ၏ စီမံကိန်းအချို့နှင့် မြို့သူမြို့သားတို့၏အမြင်

တင်ဝင်းလေး(ကြည့်မြင်တိုင်)
ဓာတ်ပုံ-ဘော်ဂါသွေး

၂၀၁၅ ခုနှစ်က စတင်တက်လာခဲ့သော အရပ်သားအစိုးရနှင့်အတူ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့သစ်သည် မွေးဖွားလာခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။

အစိုးရအဖွဲ့သစ်တစ်ခု တက်လာသည်နှင့်အမျှ ရှေ့အစိုးရက မပြီးပြတ်သေးသော စီမံကိန်းများကို ဆက်လက် အကောင်အထည်ဖော်ကြရသည့် နည်းတူ အားသာချက်၊ အားနည်းချက်များကို ပြန်လည်ဆန်းစစ်၍ ပြင်ဆင်ပြောင်းလဲဆောင်ရွက်ကြရသည်များလည်း ရှိပေသည်။

အဟောင်း အဟောင်းသော ကိစ္စရပ်များကို "ပြောင်းလဲချိန်တန်ပြီ" ဆိုသော ကြွေးကြော်သံနှင့် အညီ အသစ်က ပြန်လည်ဆောင်ရွက်မှုများကိုလည်း တွေ့ရသည်။

အဓိက ရန်ကုန်တိုင်းဒေသကြီးအစိုးရ၏ အရှိန်အဟုန်ဖြင့် ပြောင်းလဲမှုများအပေါ် ကျေနပ်ဝမ်းသာလက်ခံမှု၊ ဝေဖန်သုံးသပ်မှုများက အခြားအခြားသော တိုင်းဒေသကြီး ပြည်နယ်များထက် အသံများ ပိုမိုကျယ်လောင်ခဲ့သည်။

ထိုပြောင်းလဲမှု ဆောင်ရွက်မှုများမှ လက်လှမ်းမီ၊ ကြားသိသမျှကို ညွှန်းဆိုဖော်ပြရသော်.....။

**၂၀၁၆ နိုဝင်ဘာ ၂၃ ရက်**

ရန်ကုန်မြို့တွင် တစ်နှစ်ထက်တစ်နှစ် လမ်းဘေးဈေးသည်များ ပိုမိုများပြားလာသည်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ မနိုင်သည့်အထဲတွင် လမ်းဘေးဈေးသည်များလည်းပါဝင်သည်ဟု အချို့က ဝေဖန်မှုများရှိခဲ့သည်။

သို့သော် လမ်းဘေးဈေးသည်များ စနစ်တကျ ဈေးတန်းဖွင့်ရောင်းချနိုင်ရေးအတွက် တိုင်းဒေသကြီး အစိုးရက ဦးဆောင်၍ မြို့တွင်းကမ်းနားလမ်း ညဈေးစီမံကိန်းကို ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၂၃ ရက်က ဖွင့်လှစ်ပေးခဲ့သည်။

မြို့တွင်း လေးမြို့နယ်မှ လမ်းဘေးဈေးသည် ၆၀၀၀ ကျော်အနက် ၁၆၀၀ ကျော်ကို မဲနှိုက်နေရာများချထားပေးခဲ့သည်။ ညဈေးတွင် ရေ၊ မီး၊ လျှပ်စစ်၊ သန့်စင်ခန်းများ ပြည့်စုံစွာ စီစဉ်ထားပေးသည့်အပြင် လုံခြုံရေးအတွက် CCTV များပါ တပ်ဆင်ထားပေးခဲ့သည်။ ဖွင့်စတွင် စည်ကားခဲ့ပြီး ယခုအခါ ဆိုင်ခန်း ၂၀၀ မျှလောက်သာ ဖွင့်တော့သည်ကို တွေ့ရသည်။

"မြင့်စေချင်၍ ကုပ်ဆွဲနတ်ပြည်တင်ပေးသော်လည်း မြင့်တယ်ဟုဆိုကာ ပြန်ခုန်ချသူများတွင် လမ်းဘေးဈေးသည်များလည်း ပါသည်" ဟု စီမံဆောင်ရွက်ပေးမှုတွင် ပါဝင်သည့်သူတစ်ဦးက ပြောဖူးသည်။

ညဈေးတန်းတွင် လက်တွေ့ရောင်းချနေသည့် သစ်သီးသည် ဒေါ်ကြည်စိမ်းက "လမ်းဘေးချင်းတော့တူပါရဲ့ ဒီနေရာက ဒီရေတက်ရင် ရောင်းရတာ သိပ်ဒုက္ခရောက်တယ်။ အဆင်မပြေဘူး။ နောက် ဝယ်မယ့်သူတွေကလည်း ဒီကမ်းနားလမ်းကျယ်ကြီးကို ဖြတ်ကူးလာရမှာ ကြောက်ကြတယ်။ အရင်ကတော့ ရောင်းတဲ့သူ၊ ဝယ်တဲ့သူ ခလုတ်တိုက်ပဲ။ ဝယ်လို့လည်းကောင်းတယ်။ ရောင်းလို့လည်း ကောင်းတယ်"ဟု ၎င်း၏အမြင်ကို ဆိုခဲ့သည်။



မြို့တော်ခန်းမရှေ့ YBS ယာဉ်မှတ်တိုင်။


ကမ်းနားလမ်းဈေးမှ ခင်းကျင်းရောင်းချနေသည့် သစ်သီးဆိုင်များ။

**၂၀၁၆ ဇန်နဝါရီ ၁၆ ရက်**

မည်သို့ပင်ဆိုစေကာမူ ရန်ကုန်တိုင်းဒေသကြီး အစိုးရ၏ စီမံကိန်းများအကောင်အထည်ဖော်မှုတွင်နာမည်ကောင်းအရဆုံးမှာ YBS (Yangon Bus Service) ပင်ဖြစ်သည်။

နှစ်ပေါင်း ၅၀ ဝန်းကျင် "မ.ထ.သ"ဟူသော အမည်ဖြင့် ရန်ကုန်မြို့၏ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် အခိုင်အမာရပ်တည်ဆောင်ရွက်လာသော အဖွဲ့အစည်းကြီးကို ၂၀၁၆ ခုနှစ်ဇန်နဝါရီ ၁၆ ရက်တွင် YBS အမည်ဖြင့် ရုတ်ချည်းပြောင်းလဲ ဆောင်ရွက်ခဲ့သည်။ ယာဉ်လိုင်းပေါင်း ၆၁ လိုင်းဖြင့် စခဲ့သည်။

မြို့တွင်းမြို့ပြင်လိုင်းကားများခွဲခြားသတ်မှတ်ခဲ့သည်။ မြို့တွင်း မြို့ပြင်မှလာသော လိုင်းကားများ အားလုံး အလုံ၊ သခင်မြပန်းခြံတွင် လာဆုံကြသည်။ စတင်အကောင်အထည်ဖော်သောနေ့ကို မှတ်မှတ်သားသားဖြစ်စေခဲ့သည်။ ရန်ကုန်လိုင်းကားစီး ခရီးသွားပြည်သူအားလုံးခရီးသွားခြင်းနှင့်ပတ်သက်၍ ဘဝတစ်သက်တာတွင် အမှတ်မိဆုံးနေ့ကို ပြောပါဆိုလျှင် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၆ ရက်နေ့ ဟုဆိုကြပါလိမ့်မည်။ လမ်းညွှန်းစာရွက်များ ကြိုတင်ဝေငှမှုဆောင်ရွက်သည့်နေ့တွင် လွှတ်တော်ကိုယ်စားလှယ်များ၊ ပရဟိတအဖွဲ့အစည်းများ ပါတီဝင်များ အားလုံးက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသော်လည်း ကိုယ်ပြန်စီးရမည့် လိုင်းကားနံပါတ်များကို ရှာရ၊ ရပ်မည့်နေရာပြေးလွှားရနှင့် တဝုန်းဝုန်းတရုန်းရုန်းနှင့် မှတ်မှတ်ရရပင်။ ၎င်းညနေစောင်းနှင့် နောက်ရက်များတိုင် အချို့ဌာနဆိုင်ရာကားများနှင့် အငှားတက္ကစီယာဉ်အချို့ အခမဲ့ ပို့ဆောင်ပြေးဆွဲပေးခဲ့ကြသည်။

ရန်ကုန်ခရီးသွားပြည်သူများ၏ လိုအပ်ချက်အရ မြို့ပြင်မှ မြို့တွင်းသို့ ဖြတ်သန်းသောလိုင်းများ တိုးမြှင့်ဖြည့်ဆည်းပေးခဲ့သည်။ ယခင်က ၆၁ လိုင်းရှိရာမှ ယခုလိုင်းပေါင်း ၁၀၀ အထိတိုးချဲ့လာခဲ့သည်။

ကြည့်မြင်တိုင်မြို့နယ် ဘောဂရပ်ကွက်မှ ဒေါ်မြင့်တင်က "အခု YBS ပေါ်လာတာ ဒီဇန်နဝါရီ ၁၆ ရက်နေ့ ဆိုနှစ် နှစ်ပြည့်ပြီ။ နေ့တိုင်းလိုင်းကားစီးပြီး မြို့ထဲက ဆိုင်ကိုသွားတယ်။ အပြင်မှာဘယ်လောက်ပူပူ ကားထဲရောက်သွားရင် အေးသွားတာပဲ။ ထိုင်ခုံနေရာရလို့ကတော့ အိပ်တောင်ပျော်တယ်။ အခု အချို့ကားတွေကရောက်မယ့်မှတ်တိုင်ကြို ကြေညာပေးတယ်။ နောက်ကြော်ငြာအပိုင်းလေးတွေလည်း ကြည့်ရတယ်။ ဇိမ်ပဲ"ဟု ထောက်ခံစကားပြောခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရ၏ ကြိုးပမ်းဆောင်ရွက်နေသောစီမံကိန်းများတွင် ကျူးကိစ္စ၊ မြို့သစ်ကိစ္စ၊ ကျောင်းကားကိစ္စ စသော စသော ကိစ္စရပ်များသည်လည်း ရှိနေသေးသည်ဖြစ်ရာ အောင်မြင်မှု၊ မအောင်မြင်မှု(ဆောင်ရွက်ဆဲ) အပေါ် မြို့သူမြို့သားတို့၏ အမြင်သည် "လူအမျိုးမျိုးစိတ်အထွေထွေ" ဆိုသည့်စကားနှင့်အညီ ပျံ့လွင့်နေဦးမည်သာ ဖြစ်ပေသည်။ ။

---

*အချပ်ပို (က)မှ*

"အဲဒီဓာတ်အားခွဲတွေ တည်ဆောက်နေတာကတော့ ဌာနရဲ့ဘတ်ဂျက်ငွေနဲ့ ဓာတ်အားခွဲရုံနှစ်ရုံ၊ ADB ပရောဂျက်နဲ့ ဓာတ်အားခွဲရုံငါးရုံကို ရန်ကုန်မှာ ဆောက်လုပ်နေတာဖြစ်ပါတယ်။ အဲဒီလို ဓာတ်အားခွဲရုံတည်ဆောက်မှုတွေကို ၂၀၁၈ ခုနှစ် ဇွန်လမှာ စတင်ခဲ့တာဖြစ်ပြီး ၂၀၁၉ ခုနှစ် ဒီဇင်ဘာလကုန်မှာပြီးစီးမယ်လို့ မျှော်မှန်းထားပါတယ်။

**ဓာတ်အားလိုင်းတွေ ပြင်ဆင်**

"ရန်ကုန်မြို့ရဲ့ လက်ရှိအနေအထားအရ ဓာတ်အားသုံးစွဲမှုကိုကြည့်ရင် မဂ္ဂါဝပ် ၁၄၀၀ နဲ့ ၁၅၀၀ ကြားရှိနေတယ်လို့ ဆိုပါတယ်။ ၂၀၁၈ ခုနှစ် မေလကတော့ ဓာတ်အားသုံးစွဲမှုများပြားခဲ့ပြီး လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ် ၁၅၄၈ အထိ သုံးစွဲခဲ့တယ်လို့ ဆိုပါတယ်။ ရန်ကုန်မြို့ရဲ့ဓာတ်အား သုံးစွဲမှုဟာ နွေရာသီမှာ ပိုမိုသုံးစွဲမှုများလေ့ရှိပြီး လေအေးစက်၊ ပန်ကာအသုံးပြုမှုမြင့်တက်သလို စက်ရုံ၊ အလုပ်ရုံတွေရဲ့ဓာတ်အားသုံးစွဲမှုကလည်း ပွင့်လင်းရာသီမှာ ကုန်ထုတ်လုပ်မှု ပိုမိုများတာကြောင့် ဓာတ်အားအသုံးပြုမှုများတာ ဖြစ်ပါတယ်။

"ဒါကြောင့်လည်း ပြီးခဲ့တဲ့ နွေရာသီကာလမှာ ဓာတ်အားသုံးစွဲမှုများတာမို့ မဂ္ဂါဝပ် ၁၅၅၀ ခန့်ရှိခဲ့ပေမယ့် လာမယ့် ၂၀၁၉ ခုနှစ် နွေရာသီမှာ ဓာတ်အားအသုံးပြုမှု မဂ္ဂါဝပ် ၁၇၀၀ ခန့် ရှိလာနိုင်တယ်လို့ တာဝန်ရှိသူတွေက သုံးသပ်ထားပါတယ်။ ဒါကြောင့်မို့ ရန်ကုန်မြို့ဓာတ်အားဖြန့်ဖြူးရေးကဏ္ဍမှာ ဓာတ်အားပြတ်တောက်မှု လျော့နည်းရေးနဲ့ ပို့အားပြည့်မီစွာ ဖြန့်ဖြူးနိုင်ရေးအတွက် ဓာတ်အားခွဲရုံအသစ်တွေ ဖြည့်ဆည်းတည်ဆောက်နေသလို ဓာတ်အားလိုင်းတွေလည်း ပြင်ဆင်နေတာဖြစ်ပါတယ်။

" ရန်ကုန်မြို့မှာ သွယ်တန်းထားတဲ့ ဓာတ်အားလိုင်းကြိုးတွေ သက်တမ်းကြာနေပြီဖြစ်တာမို့ အသစ်လဲလှယ်မှု၊ ပြင်ဆင်မှုတွေ ပြုလုပ်နေသလို အရည်အသွေးနဲ့ စံချိန်စံညွှန်းပြည့်မီတဲ့ ဓာတ်အားကြိုးတွေအဖြစ် ပြောင်းလဲတပ်ဆင်ရေးအတွက်လည်း အားသွန်ခွန်စိုက်ကြိုးစားနေပါတယ်။ ဒီလိုဆောင်ရွက်နေတာမို့ ဓာတ်အားပြတ်တောက်မှုတွေလျော့နည်းပြီး ပို့လွှတ်ဖြန့်ဖြူးတဲ့ ဓာတ်အားတွေလည်း ပြည်သူတွေ အပြည့်အဝ အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။

**အလေးထားလိုက်နာမှုသာ ဘေးအန္တရာယ်ကင်း**

"ဒီလိုဓာတ်အားလိုင်းတွေ၊ ဓာတ်ကြိုးတွေကို ပြောင်းလဲပြင်ဆင် တပ်ဆင်သွယ်တန်းမှုတွေကြောင့်လျှပ်စစ်မတော်တဆဖြစ်မှုတွေ လျော့နည်းကျဆင်းစေမှာဖြစ်ပါတယ်။ လျှပ်စစ်နဲ့ ပတ်သက်တဲ့ အခြေခံသတိပြုဆင်ခြင်ရမယ့် အသိပညာတွေလည်း အခါအားလျော်စွာ ထုတ်ပြန်ပေးနေတာမို့ ပြည်သူတွေကလည်း အလေးထားလိုက်နာမှုသာ ဘေးအန္တရာယ်ကင်းရှင်းပြီး အကျိုးရှိစွာ အသုံးပြုနိုင်မှာဖြစ်ပါတယ်။

"ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ လျှပ်စစ်နဲ့ ပတ်သက်တဲ့ လိုအပ်ချက်တွေ ဖြစ်ပေါ်ရင် အချိန်နဲ့ တစ်ပြေးညီ ပြည်သူတွေကို ပြန်ကြားပေးနိုင်ဖို့ အရေးပေါ်တယ်လီဖုန်းနံပါတ် ၁၇၁၇ ကိုလည်း လူစည်ကားရာနေရာတွေမှာ Bill Board တွေနဲ့ ထားရှိသွားမယ်လို့လည်း မီဒီယာရှင်းလင်းပွဲမှာ ပြောထားပါတယ်။

"လူဦးရေထူထပ်တဲ့ ရန်ကုန်မြို့နေပြည်သူတွေအတွက် အချိန်နဲ့အမျှ လျှပ်စစ်နဲ့ ပတ်သက်တဲ့ သတင်းတွေ၊ ဗဟုသုတတွေ လိုအပ်နေတာဖြစ်ပါတယ်။ အထပ်မြင့်လူနေတိုက်ခန်းတွေနဲ့ နေထိုင်သူတွေအတွက် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုနဲ့ ကြုံရင် အထွေထွေအဆင်မပြေမှုတွေနဲ့ ရင်ဆိုင်ကြုံတွေ့ရတာမို့ ကြိုတင်သိရှိနိုင်မယ့် သတင်းတွေ၊ ချက်ချင်းသိရှိဖြေရှင်းမှုဖြစ်မယ့် လျှပ်စစ်ဆိုင်ရာကိစ္စတွေအတွက် အခုလို အရေးပေါ်တယ်လီဖုန်းနံပါတ် ၁၇၁၇ ကတော့ အားကိုးစရာတစ်ခုဖြစ်လာပါလိမ့်မယ်။ ဒါကို ရန်ကုန်မြို့လူစည်ကားရာ နေရာတွေမှာ ထင်ထင်ရှားရှားလေး သတိပြုမိသွားအောင် ထားရှိပေးသွားမှာ ဖြစ်ပါတယ်။

**ပိုမိုအထောက်အကူပြု ဖြည့်ဆည်းပေးနိုင်**

"ပြည်သူတွေ လျှပ်စစ်နဲ့ပတ်သက်ပြီး အချိန်နဲ့ တစ်ပြေးညီဖြေရှင်းနိုင်ဖို့၊ သတင်းပြန်ကြားပေးနိုင်ဖို့ ၂၀၁၅ ခုနှစ် ဇူလိုင် ၁ ရက်က စတင်၍ ရန်ကုန်မှာ YESC Call Center စတင်ဖွဲ့စည်းဆောင်ရွက်ထားတာတော့ ရှိပါတယ်။ အဲဒီ စင်တာမှာ တယ်လီဖုန်းငါးလုံးရှိပြီး MPT နဲ့ ညှိနှိုင်းကာ Hunting System ထည့်သွင်းဝန်ဆောင်မှုပေးတာတွေ၊ ဖေ့ဘွတ်အကောင့်ဖွင့်လှစ်ပြီး ဝန်ဆောင်မှုပေးတာတွေကို အဖွဲ့လေးဖွဲ့ဖွဲ့ပြီး ဆောင်ရွက်ပေးနေခဲ့တာ ဖြစ်ပါတယ်။ အခုအရေးပေါ်တယ်လီဖုန်းနံပါတ် ၁၇၁၇ ကတော့ ပြည်သူတွေအတွက်လျှပ်စစ်နဲ့ပတ်သက်ပြီး ပိုမိုအထောက်အကူပြု ဖြည့်ဆည်းပေးနိုင်ဖို့အတွက် စီစဉ်ပေးခြင်း ဖြစ်ပါတယ်။

"တယ်လီဖုန်း ဆက်သွယ်မေးမြန်းတဲ့အခါ လျှပ်စစ်သုံးစွဲမှုတွေနဲ့ မေးမြန်းချက်ကို ချက်ချင်းဖြစ်လာနိုင်တာတွေ ဖြေရှင်းပေးမှာ ဖြစ်ပြီး သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်တွေကို ဆက်သွယ်မေးမြန်းပြီး ဖြေကြားသွားမှာဖြစ်ပါတယ်။ လျှပ်စစ်သုံးစွဲတဲ့ ပြည်သူတွေအတွက် အဆင်ပြေအောင် အတတ်နိုင်ဆုံး ဝန်ဆောင်မှုပေးဖို့စီစဉ်တာဖြစ်တာမို့ ပြည်သူတွေအတွက်တော့ အကျိုးသက်ရောက်မှု ဖြစ်စေမှာတော့ အမှန်ပါပဲ"။ ။

# ရန်ကုန်မြို့ပြနေ ပြည်သူတို့အတွက် ၁၉၉

**သန်းထိုက်(လှိုင်သာယာ)**



မြန်မာပြည်၏ စီးပွားရေးအချက်အချာကျရာ တိုင်းဒေသကြီးတစ်ခုဖြစ်သော ရန်ကုန်တိုင်းဒေသကြီးသည် နှစ်စဉ်လူဦးရေတိုးတက်များပြားလာသည်နှင့်အမျှ မှုခင်းကျဆင်းရေးနှင့်တရားဥပဒေစိုးမိုးရေးကို အလေးထားဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် ရန်ကုန်မြို့နှင့် မြို့နယ်စက်မှုဇုန်များသို့ ဒေသအသီးသီးမှ ရွှေ့ပြောင်းနေထိုင်သူများ အခြေချနေထိုင်လာသည်မှာ ဆယ်စုနှစ်ကျော်ကြာမြင့်ခဲ့ပြီဖြစ်သည်။

ယနေ့အချိန်ကာလတွင် မြို့ပြနေပြည်သူတို့မှာ မြို့ပြ၏ မွန်းကျပ်မှုကို ထဲထဲဝင်ဝင်ခံစားလာရလျက်ရှိသည့်နည်းတူ လူဦးရေသိပ်သည်းလာခြင်း၊ ယာဉ်အစီးရေများပြားလာခြင်း၊ မြေယာကျူးကျော်နေထိုင်မှုနှင့်ပုံကျစျေးသည်များပြားလာခြင်းတို့ကြောင့်နေ့စဉ်လူမှုပြဿနာများနှင့် မှုခင်းဖြစ်ပွားမှုကို တွန်းအားပေးသကဲ့သို့ ဖြစ်ပေါ်လျက်ရှိသည်။

**အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်**

ယနေ့ရန်ကုန်မြို့ပြ၏ လူဦးရေနှင့်ရဲတပ်ဖွဲ့၏ အင်အားမျှတမှုမရှိသော်လည်း ရဲတပ်ဖွဲ့ဝင်များအနေဖြင့် မှုခင်းတားဆီးရေးနှင့် တရားဥပဒေစိုးမိုးရေးကိုအချိန်နှင့်အမျှ ဆောင်ရွက်လျက်ရှိသည်။ တိုးပွားလာသော လူဦးရေနှင့် ကပ်ပါလာသော အရာမှာ လူမှုပြဿနာများနှင့် မှုခင်းဖြစ်ပွားခြင်းတို့ဖြစ်ရာ ယင်းတို့ကို အချိန်နှင့်တစ်ပြေးညီဖြေရှင်းဆောင်ရွက်နိုင်ရန် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ ၁၉၉ နှင့် ၀၁-၂၃၂၃၁၉၉ ဖုန်းခေါ်ဆိုခြင်းဖြင့် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ရန် ဝန်ဆောင်မှုပေးခဲ့သည်မှာ နှစ်နှစ်ကျော်ကြာခဲ့ပြီဖြစ်သည်။

**၂၄ နာရီ ဝန်ဆောင်မှုပေး**

၁၉၉ Call Centre ကိုရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ရုံးတွင် ၂၀၁၆ ခုနှစ် ဇူလိုင်လမှစ၍ အများပြည်သူကို ဝန်ဆောင်မှုပေးခဲ့သည်မှာ ယနေ့တိုင်ဖြစ်သည်။ ဖုန်းခြောက်လုံးဖြင့် တာဝန်ကျတပ်ဖွဲ့ဝင်များ၊ ရဲမေများက ဖုန်းခေါ်ဆိုမှုကိုလက်ခံ၍ ဖြစ်ပွားရာ မြို့နယ်၊ ကျေးလက်ဒေသသို့ အချိန်နှင့်တစ်ပြေးညီ သက်ဆိုင်ရာလုံခြုံရေး ဆိုင်ကယ်ရဲတပ်ဖွဲ့တို့ဖြင့် ရှင်းလင်းဆောင်ရွက်လျက်ရှိသည်။ ထို့မတိုင်မီက မှုခင်းဖြစ်ပွားလျှင် ၁၉၉ ကို ခေါ်ဆိုသည့်အခါ သက်ဆိုင်ရာမြို့နယ် ရဲစခန်းသို့ ရောက်ရှိပြီး လက်ခံဖြေဆိုဆောင်ရွက်မှုလိုအပ်ချက်များရှိသောကြောင့် တစ်နေရာတည်းမှ ကွပ်ကဲမှုပေးခြင်းဖြင့် ပြည်သူကို ဝန်ဆောင်မှု အပြည့်အဝပေးနိုင်မည့်အပြင် မှုခင်းဖြစ်ပွားမှုကိုတားဆီးနိုင်ခြင်း၊ အချိန်နှင့် တစ်ပြေးညီဖော်ထုတ် ဖမ်းဆီးနိုင်ခြင်းတို့ကြောင့် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးတွင် ၂၄ နာရီ Call Centre ကို ဖွင့်လှစ်ဝန်ဆောင်မှုပေးနိုင်ခဲ့ခြင်းဖြစ်သည်။

၁၉၉ သို့ ရန်ကုန်တိုင်းဒေသကြီးမှ ပြည်သူတို့ ဖုန်းခေါ်ဆိုအကူအညီတောင်းခံမှုသည် တစ်ရက်လျှင် ခေါ်ဆိုမှု ပျမ်းမျှအကြိမ်မှာ ၁၂၀၀ နှင့် ၁၅၀၀ ကြားတွင်ရှိသည်။ အချို့မှတ်နိုင်သော ဖုန်းခေါ်ဆိုမှုများလည်းရှိသည်။ အထူးသဖြင့်ရုံးဖွင့်ရက်များနှင့်ပွဲတော်ကာလများတွင် ဖုန်းခေါ်ဆိုမှုပို၍ များတတ်သည့်အတွက် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ Call Centre မှာ လက်မလည်သည့်အပြင် သက်ဆိုင်ရာမြို့နယ်တို့မှ လှည့်ကင်း၊ ပတ်ကင်း တပ်ဖွဲ့ဝင်များလည်း လှုပ်လှုပ်ရှားရှားဖြင့် ရန်ကုန်မြို့၏ တရားဥပဒေစိုးမိုးမှု ထိန်းချုပ်ဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် သင်္ကြန်ကာလ၊ ပွဲတော်ရက်များ၊ နှစ်သစ်ကူးနှင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုသော နောက်ဆုံးနေ့တို့သည် တပ်ဖွဲ့ဝင်များ တာဝန်များသော အချိန်ပင်ဖြစ်သည်။ မြို့နယ်၊ ကျေးရွာအားလုံး လွှမ်းခြုံ၍ မှုခင်းဖြစ်ပွားမှု လျော့ကျစေရန် ပြည်သူကိုဗဟိုပြုသော ရဲလုပ်ငန်းစဉ်ဖြစ်သည့် Community Policing Base ကိုပြည်သူနှင့် ရဲတပ်ဖွဲ့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ရန်ကုန်မြို့ တိုင်းဒေသကြီးအတွင်း မှုခင်းများကျဆင်းခဲ့၍ မြို့ပြနေပြည်သူတို့၏ ချီးကျူးဂုဏ်ပြုသော ပီတိစကားသံတို့ လူထုစာမျက်နှာများပေါ်တွင် လွှင့်ပျံ့ခဲ့သည်ကို တွေ့မြင်ခဲ့ရမည်ဖြစ်သည်။

**အချိန်မီရှာဖွေဆောင်ရွက်နိုင်မည်**

ရန်ကုန်မြို့နေ ပြည်သူတို့အနေဖြင့် မိမိမြို့နယ် ကျေးလက်နှင့်သွားလာရာနေရာတို့တွင် မှုခင်းနှင့်ပတ်သက်၍ ဖြစ်စေ၊ အိမ်တွင်းနှင့်လမ်းပေါ်တွင်ဖြစ်စေ အများပြည်သူထိခိုက်စေသော လက္ခဏာများ တွေ့ရှိခဲ့ပါက ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ Call Centre သို့ ဖုန်းခေါ် ဆိုအကြောင်းကြားမည်ဆိုပါက မေးမြန်းချက်တို့ကို ပြည့်စုံစွာ ဖြေကြားခြင်းဖြင့် တာဝန်သိနိုင်ငံသားတစ်ဦးအနေဖြင့် ကူညီဆောင်ရွက်ရန်လည်းလိုအပ်သည်။ ဖြစ်ပွားသော မြို့နယ်၊ ရပ်ကွက်၊ လမ်း၊ အိမ်အမှတ်(သို့) အမည်ကို မှန်ကန်တိကျစွာ ကူညီခြင်းဖြင့် မှုခင်းဖြစ်ပွားမှုကို အချိန်မီ တားဆီးဖြေရှင်းနိုင်မည်ဖြစ်သည်။ ဖြစ်ပွားနေသော နေရာရှိထင်ရှားသော အမှတ်အသားကို ဖော်ပြပြောဆိုခြင်းဖြင့် မီးတန်းယာဉ်နှင့်ရဲတပ်ဖွဲ့ဝင်တို့ အချိန်မီရှာဖွေဆောင်ရွက်နိုင်မည်ဖြစ်သည်။ သို့မှသာ တိုင်းရဲတပ်ဖွဲ့မှတိကျစွာ ညွှန်ကြားဆောင်ရွက်နိုင်မည်ဖြစ်သည်။ ယခုနှစ်ကုန်ပိုင်းတွင် ရန်ကုန် တိုင်းရဲတပ်ဖွဲ့အနေဖြင့် ဖုန်းခေါ်ဆိုမှုကြောင့် မှုခင်းဖြစ်ပွားမှုကို ဖမ်းဆီးအရေးယူနိုင်ခဲ့သောဖြစ်စဉ် နှစ်ခုမှာ ရန်ကုန်မြို့နေပြည်သူတို့ စိတ်ဝင်စား သတိပြုမိခဲ့ကြမည်ဖြစ်သည်။ ထိုဖြစ်စဉ်နှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ Call Centrer မှ တာဝန်ခံအရာရှိတစ်ဦးက ယခုလိုပြောကြားခဲ့သည်။

"ဒီနှစ်ကုန်ပိုင်းမှာထူးခြားတဲ့ဖြစ်စဉ်ဆိုရင် အလုံမြို့နယ်မှာ ဖြစ်ပွားတဲ့အမှုမှာ ၁၉၉ ကို ဖုန်းဆက်လာတယ်။ ပထမအိမ်ထဲကို သူခိုးဝင်တယ်ဆိုပြီး ဆက်တယ်။ ခဏအကြာမှာ ဓားပြတိုက်နေပါတယ်ဆိုပြီး ဖုန်းထပ်ဆက်တယ်။ ပထမဖုန်းဆက်ကတည်းက သက်ဆိုင်ရာမြို့နယ် မီးတန်းယာဉ်နဲ့ တပ်ဖွဲ့ဝင်တွေကို အကြောင်းကြား ညွှန်ကြားထားပြီးပြီ။ အကြီးအကဲတွေကလည်း စက်မှာထိုင်ပြီး တိုက်ရိုက်ညွှန်ကြားတာကြောင့် ပြစ်မှုကျူးလွန်သူတွေကို CCTV တွေနဲ့ ချိတ်ဆက်ပြီးအချိန်တိုအတွင်းမှာ ဖမ်းဆီးနိုင်ခဲ့ပါတယ်။နောက်တစ်ခုက လှိုင်သာယာမှာ ဖြစ်ခဲ့တာပါ။ သေနတ်နဲ့ ပစ်ခတ်ပြီးသတ်ခဲ့တဲ့ဖြစ်စဉ်မှာ ဒီကိုဖုန်းနဲ့ သတင်းဝင်လာတာကြောင့် သက်ဆိုင်ရာအပိုင် သောင်ကြီးရဲစခန်းကို ညွှန်ကြားပြီးဆောင်ရွက်စေပါတယ်။ ပြစ်မှုဖြစ်ပွားတဲ့ နယ်မြေကို တိုင်းရဲတပ်ဖွဲ့မှူးကိုယ်တိုင်ဆင်းပြီး ဒုတိုင်းတပ်ဖွဲ့မှူးက ၁၉၉ Call Centre မှာထိုင်ပါတယ်။ မြေပုံထောက်ပြီး ဝိုင်းပတ်ပိတ်ဆို့ ဖမ်းဆီးတဲ့အတွက် ဖြစ်တဲ့နေ့မှာပဲ တွံတေးမှာ ဖမ်းဆီးနိုင်ခဲ့ပါတယ်။ ဒါတွေက ပြည်သူတွေစိတ်ဝင်စား စောင့်ကြည့်ခဲ့တဲ့သတင်းတွေလည်း ဖြစ်ပါတယ်။ အချိန်တိုအတွင်းဖမ်းဆီးနိုင်တာဟာ ၁၉၉ ကို ဖုန်းနဲ့သတင်းပေးပြီး ပြည်သူက ပူးပေါင်းဆောင်ရွက်ခဲ့တာကြောင့်ပါ။

CCTV တွေကနေ ပြစ်မှုဖော်ထုတ် ဖမ်းဆီးအရေးယူ ဆောင်ရွက်ခဲ့တာ တွေ့ရှိပါတယ်။ ကားနဲ့ ပြစ်မှုကျူးလွန်ခဲ့ရင်လည်း CCTV ကနေ ဝိုင်းပတ်ပိတ်ဆို့ ဖမ်းဆီးတာတွေရှိတယ်။ အလုံဖြစ်စဉ်မှာလည်းကားနဲ့ ထွက်ပြေးပေမယ့် CCTV ကနေကြည့်ပြီး ဖမ်းဆီးဆောင်ရွက် နိုင်ခဲ့ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့နဲ့ မြို့နယ်တွေမှာရှိတဲ့ CCTV တွေကနေ မှုခင်း ဖြစ်ပွားမှုကို ဖော်ထုတ်ဖမ်းဆီး၊ တားဆီးနိုင်ခဲ့တာ တွေလည်းရှိပါတယ်။ ထပ်ပြီးတိုးချဲ့ တပ်ဆင်ဖို့လည်း စီစဉ်နေပါတယ်။ အမှုတည်ဆောက်တဲ့အခါမှာ သက်သေဟာ အရေးပါတဲ့အတွက် CCTV ဟာ အရေးပါတဲ့ ကဏ္ဍမှာ ရှိနေပါတယ်။ ရဲတပ်ဖွဲ့အင်အားဟာ ဖွဲ့စည်းပုံထက် လျော့နည်းတာကြောင့် လှည့်ကင်း မလှည့်နိုင် တဲ့နေရာတွေမှာ CCTVတွေကနေ ထိန်းချုပ်လာနိုင်မယ်။ ပြစ်မှုကျူးလွန်းရာ လမ်းကြောင်းကိုလည်း မှတ်တမ်းယူလို့ရမယ်။ နည်းပညာပိုင်းဆိုင်ရာကို အခြားနိုင်ငံတွေနည်းတူ ပြောင်းလဲဆောင်ရွက်နေပါတယ်" ဟု ပြောကြားသည်။

**နှောင့်ယှက်မှုတို့ကို ကြုံတွေ့နေရဆဲဖြစ်**

ရန်ကုန်မြို့ပြ၏ လမ်းမများတွင် မှုခင်းဖြစ်ပွားလာပါက ထိန်းချုပ်နိုင်ရန် CCTVသည် အရေးပါလျက်ရှိသည်။ အိမ်နီးချင်းနိုင်ငံတို့တွင်လည်း မြို့ပြ၊ ကျေးလက်မကျန် ထိုသို့ထိန်းချုပ်ဆောင်ရွက်ထားသည်ကိုတွေ့ရှိရမည်ဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီးရှိ CCTVတပ်ဆင်ထားသော မြို့နယ်တို့တွင် အချို့နေရာတို့မှာ CCTV များ ပျက်လျက်ရှိပြီး ပြန်လည်ပြုပြင်ရန်အတွက် လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးနှင့် သက်ဆိုင်ရာ ရဲစခန်းတို့အတွက် မည်သူကပြင်ဆင်ဆောင်ရွက်ရမည့်အပိုင်းကဏ္ဍတွင် အခက်အခဲများရှိနေလျက်ရှိသည်။ စာချုပ်သက်တမ်း ပြည့်သွား၍ ကုမ္ပဏီကလည်း ဆက်လက်ဝန်ဆောင်မှုမရှိတော့သည့်အတွက် မြို့နယ်အချို့ရှိ CCTV များ အသက်မဲ့လျက်ရှိသည်။ အထူးသဖြင့် မှုခင်းဖြစ်ပွားမှုများသော လှိုင်သာယာမြို့နယ်ကဲ့သို့ ဖြစ်သည်။နောက်ပိုင်းတွင် ဗဟိုမှ တိုက်ရိုက်ထိန်းချုပ်သော စနစ်ဖြင့် ဆောင်ရွက်လာပါ ရန်ကုန်တိုင်းဒေသကြီးတွင် ယခုထက် မှုခင်းဖြစ်ပွားမှုလျော့ကျသွားမည်မှာ အမှန်ပင်ဖြစ်သည်။ Call Certre သို့ ဖုန်းဖြင့် သတင်းပေးပို့မှုဖြင့် ရဲတပ်ဖွဲ့မှ ဝန်ဆောင်မှုပေးရာတွင် အချို့သော နှောင့်ယှက်မှုတို့ကို ကြုံတွေ့နေရဆဲဖြစ်သည်။ ဖုန်းဖြင့် သတင်းမှားပေးခြင်း၊ ဖုန်းဖြင့် နှောင့်ယှက်ပြောဆိုခြင်းတို့ကို Call Centre အနေဖြင့် မကြာခဏကြုံတွေ့နေရဆဲဖြစ်သည်။ ရွှေပြည်သာမှ ဖုန်းဖြင့်အမှုဖြစ်ပွားနေဟန်ဖြင့် နေရာအမျိုးမျိုးပြောင်းရွှေ့ကာ နှောင့်ယှက်ပြောဆိုမှုကို ဖမ်းဆီးအရေးယူခဲ့မှုလည်းရှိခဲ့သည်။ အခြားသော ဖြစ်စဉ်များစွာလည်းရှိခဲ့ရာ တာဝန်သိပြည်သူတို့အနေဖြင့် ပေးပို့သောသတင်းများအတွက် နစ်နာမှုဖြစ်စေနိုင်သောကြောင့် Call Certre သို့ ခေါ်ဆိုနှောင့်ယှက်မှုများ ရှောင်ရှားကူညီကြရန် လိုအပ်မည်ဖြစ်သည်။

**တာဝန်ယူဆောင်ရွက်လျက်ရှိ**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့သို့ ယမန်နှစ်က ဇန်နဝါရီ လမှ ဇွန်လထိ ပြည်သူမှ ဖုန်းခေါ်ဆိုမှု ၂ သိန်း ၆ သောင်းကျော် (မှတ်သားနိုင်သော ဖုန်းခေါ်ဆိုမှု)နှင့်တစ်နေ့လျှင်အကြိမ်ရေ ၁၂၀၀ မှ ၁၅၀၀ ထိပျမ်းမျှခေါ်ဆိုလျက်ရှိသည်။ မူးယစ်ရမ်းကား ခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်းအတွက် အကူအညီ တောင်းခံမှု အကြိမ်ရေ ၁၀၀ မှ ၂၀၀ ကြားပုံမှန် ခေါ်လိုလျက်ရှိကာ ချဲထီ၊ လောင်းကစား၊ မူးယစ်ဆေးဝါးနှင့် ပြည့်တန်ဆာတို့အတွက် သတင်းပေးတိုင်ကြားမှုမှာ တစ်ရက်လျှင် ၁၀ ကြိမ်ခန့်နှင့် ၁၀ ကြိမ်အောက် သတင်းပေးလျက်ရှိသည်။ မူးယစ်ဆေးဝါးနှင့် ပတ်သက်ပါက တိကျသော လိပ်စာဖြင့် သတင်းပေးပို့ပါက သက်ဆိုင်ရာရဲတပ်ဖွဲ့၏ဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

ယနေ့ရန်ကုန်တိုင်းဒေသကြီးအတွင်းမှုခင်းဖြစ်ပွားမှုကိုထိရောက်စွာ ဟန့်တားထိန်းချုပ်နိုင်ရန် ရဲတပ်ဖွဲ့နှင့်အတူ ပြည်သူများက ခေတ်ဟောင်း၊ စနစ်ဟောင်းမှ အတွေးများကို ဖယ်ရှား၍ ခေတ်စနစ်ပြောင်းလဲဖော်ဆောင်မှုနှင့်အတူ ပွင့်လင်းမြင်သာစွာ ထောက်ပြကူညီဆောင်ရွက်ခြင်းဖြင့် တရားဥပဒေစိုးမိုးမှုကို ရရှိစေမည်ဖြစ်သည်။ ရဲတပ်ဖွဲ့အား အထင်အမြင်မှားစေသော အပြုအမူတို့ကို အသွင်ယူ လုပ်ဆောင်နေသူတို့ကိုလည်း ၁၉၉ သို့ သတင်းပေးတိုင်ကြားနိုင်သည်။

**မှုခင်းများ လျော့နည်းကျဆင်း**

သို့ဖြစ်၍ ရန်ကုန်မြို့ပြနေပြည်သူတို့အနေဖြင့် ၁၉၉ သို့ ဖုန်းခေါ်ဆိုကာ မှုခင်းဖြစ်ပွားမှုကို တားဆီးကာကွယ်နိုင်ပြီဖြစ်သည်။ မမှန်သတင်းပေးပို့ပါက ရာဇဝတ်ကျင့် ထုံးဥပဒေပုဒ်မ(၁၈၂)အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုသင့်သည်။ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့အနေဖြင့် ထိုသို့ Call Centre ကြီးဖွင့်လှစ်ထားရှိခြင်းသည် ရန်ကုန်မြို့နေ ပြည်သူတို့အနေဖြင့် ဝမ်းမြောက်ဂုဏ်ယူဖွယ်ပင်ဖြစ်သည်။ ဖုန်းခြောက်လုံးဖြင့် ဝန်ဆောင်မှုပေးလျက်ရှိရာမှ ဖုန်း ၁၀ လုံးဖြင့် ဝန်ဆောင်မှုပေးနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။ Call Centre အနေဖြင့် နည်းပညာပိုင်းဆိုင်ရာများ ဆက်လက်ဖြည့်ဆည်းဆောင်ရွက်ခြင်းဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း မှုခင်းများလျော့နည်းကျဆင်းစေရန် များစွာအထောက်အကူဖြစ်စေမည် ဖြစ်သည်။ မြို့ပြနေပြည်သူတို့အနေဖြင့် တိုင်းဒေသကြီးရဲ တပ်ဖွဲ့မှူးရုံးတွင်ရှိသော Call Centre သို့ မြို့ပြ၏ တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကျဆင်းရေးအတွက် မှန်ကန်တိကျသော သတင်းများပေးပို့ဆက်သွယ် နိုင်ရန် စောင့်မျှော်လျက်ရှိကြောင်းနှင့် အများပြည်သူအားဝန်ဆောင်မှုပေးရန် ၁၉၉ နှင့် ၀၁-၂၃၂၃၁၉၉ မှ ၂၄ နာရီအချိန်ပြည့် တာဝန်ထမ်းဆောင်လျက်ရှိပါကြောင်း ရေးသားလိုက်ပါသည်။

# ပြည်တွင်းတပ်ဆင်ထုတ်လုပ်ကားတွေသာ အရောင်းဖြစ်တော့မလား

**မင်းသော်**

ကားတင်သွင်းမှုကို ဒီဇင်ဘာ ၂၇ ရက်အထိ တိုးမြှင့်ပေးထားသော်လည်း ကားသစ်တင်သွင်းမှု မရှိသလောက် နည်းပါးနေပြီး ကားဈေးကွက်အရောင်းအဝယ်မှာလည်း သီတင်းတစ်ပတ်ကျော်လာသည်အထိ ပြန်လည်ကောင်းမွန်လာခြင်းမရှိဟု ကားဈေးကွက်အတွင်းက သိရှိရသည်။

"ကားဈေးကွက်က အောက်တိုဘာလမှာ တော်တော်လေးကောင်းလာတယ်။ နိုဝင်ဘာတစ်လလုံးလည်း ကားဈေးကွက်က ပုံမှန်ဖြစ်လာနေတယ်။ အခုဒီဇင်ဘာလမှာ ကားဈေးကွက်က ပြန်ပြီး ငြိမ်သက်သွားတယ်။ ကားလိုင်စင်ပြဿနာကလည်း တော်တော်လေး ဂယက်ရိုက်ပါတယ်။ ရန်ကုန်လိုင်စင်ကို ဘယ်လိုစနစ်၊ ဘယ်လိုသတ်မှတ်ချက်နဲ့ ချထားပေးမလဲဆိုတာကို စောင့်ကြည့်နေကြတဲ့အတွက် ကားဈေးကွက်က ငြိမ်သက်နေရတာဖြစ်တယ်"ဟု ကားဈေးကွက် အရောင်းအဝယ်ကျွမ်းကျင်သူ ကိုကျော်ဇေယျာဝင်းက ပြောသည်။

ယခုကာလတွင် စတိန်ပါတ်တပ်ထားသည့် မော်တော်ကားအများစု အရောင်းအဝယ် လုံးဝနီးပါးရပ်တန့်နေသည်ကို မြင်တွေ့ရသည်။ နံပါတ်ထွက်ပြီးသား အင်ဂျင်ပါဝါနိမ့် မော်တော်ကားများမှာမူ အရောင်းအဝယ်ခပ်ပါးပါးသာရှိနေပြီး ပြည်တွင်းတွင် တပ်ဆင်ထုတ်လုပ်သည့် မော်တော်ကားအများစု လူကြိုက်များ၊ စိတ်ဝင်တစား ဝယ်ယူလာကြသည်ကိုလည်း မြင်တွေ့ရသည်။ "ကားဈေးကွက်ကတက်မယ်၊ အဆင်ပြေမယ်ဆိုရင် အဖျက်ကရောက်လာတာပဲ။ အခုကြားနေရတဲ့ ရန်ကုန်လိုင်စင် သတ်မှတ်ချက်ကမှတ်ချက် အမျိုးမျိုးကြားနေရတယ်။ ကြီးကြပ်ရေးကော်မတီကိုလည်း တင်ပြထားတယ်လို့ သိရတယ်။ ဘယ်လိုနှုန်းထားတွေနဲ့ ဆောင်ရွက်မလဲဆိုတာကိုလည်း အားလုံးက စိတ်ဝင်စားနေပါတယ်။ ကားတစ်စီးကို အလွယ်တကူနဲ့ ဝယ်ယူပိုင်ဆိုင်နိုင်အောင်၊ လူတန်းစားမရွေး မိမိတတ်နိုင်တဲ့ ငွေကြေးပမာဏလေးနဲ့ ရန်ကုန်သူ၊ ရန်ကုန်သားတွေ ရန်ကုန်လိုင်စင်၊ မြို့အသီးသီးကဒေသခံတွေ ကိုယ့်နေရပ်လိုင်စင်နဲ့ စီးရမယ်ဆိုရင် အကောင်းဆုံးပဲ။ ရန်ကုန်လိုင်စင်ကတော့ မကြာမီမှာ ဘယ်လိုနှုန်းထားနဲ့ ချထားပေးမလဲဆိုတာ သိလာနိုင်ပါပြီ။ အားလုံးကလည်း စောင့်ကြည့်နေကြပါတယ်"ဟု ကားဝယ်ရောင်း ကိုမိုးမြင့်က ပြောသည်။

သို့သော် အများစုသော သာမန်လူတန်းစားများသည် ရန်ကုန်လိုင်စင်ထက် နယ်လိုင်စင်ကိုလည်း ဝယ်ယူလာကြကြောင်း၊ ဘယ်မောင်းကားများကို မကျွမ်းဝင်သေးသူ အများစုလည်းရှိရာ ဂျပန်တစ်ပတ်ရစ်ကားဈေးကွက်မှာလည်း ပုံမှန်ထက်လျော့နည်း၍ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ကားသစ် စီးမလား၊ ကားဟောင်းရွေးမလားဆိုရင်တော့ တန်တဲ့ကားကိုပဲ ဝယ်သူက ရွေးတာပါ။ ကားတွေဘယ်လောက်ပဲ တင်သွင်းထား တင်သွင်းထား ကိုယ့်တိုင်းပြည်ရဲ့စီးပွားရေးအခြေအနေနဲ့လည်း သက်ဆိုင်ပါသေးတယ်။ ငွေကြေးတန်ဖိုးကျနေတဲ့အတွက် အများကြီးငွေသုံး လိုက်ရဖို့ကို ဘယ်သူ့ဒေးမှလည်း မလိုအပ်ဘဲ အသုံးပြုမှာမဟုတ်ပါဘူး။ ကိုယ့်ငွေကြေးလေးနဲ့ သင့်တော်တဲ့ ကားလည်းဖြစ်ရမယ်၊ အကြမ်းလည်းခံပြီး မာလည်းမာရမယ်။ စစ်စစ်မှန်မှန်လည်း ဖြစ်ရမယ်ဆိုတာ အားလုံးသော ဝယ်လက်တွေရဲ့ ခံယူချက်ပါ။ ဝယ်သူတွေအတွက်ကတော့ အခုနောက်ပိုင်းမှာ တစ်ပတ်ရစ်ကားတွေထက် ဈေးအနည်းငယ်သာ ပိုပေးရတဲ့၊ အသစ်စက်စက် ပြည်တွင်းတပ်ဆင်ထုတ်လုပ်တဲ့ ကားတွေက ပိုပြီး မျက်စိကျစရာတော့ ဖြစ်နေပါတယ်။ ဒါတင်မကသေးပါဘူး။ ပြည်တွင်းတပ်ဆင်ထုတ်လုပ်တဲ့ ကားတွေဟာ အရစ်ကျ စနစ်နဲ့လည်း နှစ်နှစ်တန်သည် သုံးနှစ်တန်သည် ငါးနှစ်တန်သည် စသည်ဖြင့် အလီလီခွဲပြီး ပေးလို့ရတော့ အရစ်ကျစနစ်နဲ့ ဝယ်ဖို့ကို ပိုပြီး အားသန်လာကြတယ်။ ဒါပေမယ့် ဂျပန်ကားကိုပဲ ကြိုက်တယ်။ ညာမောင်းကိုပဲ ကြိုက်တယ်စတဲ့ ငွေသုံးမယ့်သူတွေလည်း အများကြီးရှိ နေတော့ တစ်ပတ်ရစ် ကားဈေးကွက်ကတော့ ပျောက်ကွယ်သွားဖို့ မရှိနိုင်ဘူး"ဟု ကားဝယ်ရောင်း ကိုမိုးမြင့်က ပြောသည်။

မော်တော်ကားများတင်သွင်းရာတွင် ရန်ကုန်လိုင်စင်ရရှိရန် ခွင့်ပြုပေးခြင်းကို ရပ်ဆိုင်းထားသည်မှာ နှစ်နှစ်ခန့် ရှိပြီဖြစ်ခြင်းကြောင့် စလစ်ဈေးမှာ ကျဆင်းသွားခြင်း မရှိဘဲ ငွေကျပ် ၁၃၈ သိန်းဝန်းကျင်ဖြင့် သက်တမ်း ၂၀ ယာဉ်အိုယာဉ်ဟောင်းစလစ်ဈေးနှုန်းမှာ ဈေးမာဆဲဖြစ်သည်။ ထို့ကြောင့် ယခုရပ်ပိုင်းတွင် ရန်ကုန်လိုင်စင်ရရှိနိုင်မည့် ပြည်တွင်းတပ်ဆင်ထုတ်လုပ်သည့် မော်တော်ကားပြပွဲများ၌ ဈေးနှုန်းများ အနည်းငယ်မြင့်တက်ရန် တာစူနေကြသည်ကိုလည်း မြင်တွေ့ရသည်။

"ဆူဇူကီးအပါအဝင် ပြည်တွင်းတပ်ဆင်ထုတ်လုပ်တဲ့ ကားအချို့ဟာ ဒီရက်ပိုင်းမှာ ဈေးနှုန်းမြင့်တင်သွားဖို့ ရှိတယ်လို့ သိထားပါတယ်။ ကျိန်းသေပေါက်ကို ရန်ကုန်လိုင်စင်လည်း ရလာမယ်။ ဈေးကလည်း သက်သာတယ်။ ကားသစ်လည်း ဖြစ်မယ်ဆိုတော့ လူစိတ်ဝင်စားတဲ့အတွက် နည်းနည်းပါးပါးတက်မယ်ဆိုလည်း ဝယ်လက်ကတော့ လျော့မသွားနိုင်ဘူးလို့ ခန့်မှန်းရပါတယ်။ ဒီလိုမှမဟုတ်ရင် ရန်ကုန်လိုင်စင်နဲ့ စီးနင်းဖို့အတွက် အိမ်စီးကားစီးမယ့်သူတွေဟာ သိန်းဆယ်ဂဏန်းနဲ့ ချီတဲ့ ပေးဆောင်မှုထက် ကိုယ့်ပြည်တွင်းတပ်ဆင်ထုတ်လုပ်တာကို ရွေးချယ်လာမယ်ဆိုတာ သေချာပါတယ်"ဟု ကိုကျော်ဇေယျာဝင်းကလည်း သုံးသပ်သည်။

ယခုရက်ပိုင်းအတွင်း ဒေါ်လာဈေးအပြောင်းအလဲ အများကြီး မဖြစ်ခဲ့သော်လည်း စက်သုံးဆီဈေးနှုန်းများ သိသိသာသာ ကျဆင်းလာသည့်အတွက် ကားဝယ်ယူလိုသူများ ပိုမိုစိတ်ဝင်စားစေသည့် ကာလဖြစ်ခြင်းကြောင့် ကားဈေးကွက်အတွင်း အရောင်းအဝယ်သွက်လက်လာဖို့ မျှော်လင့်ကြသော်လည်း လက်ရှိတွင် ကားပွဲစားတန်းများထက် ကားအရောင်းစင်တာများတွင်သာ လူပိုစည်ကားလျက်ရှိကြောင်း သိရှိရသည်။ ။




**တစ်ပတ်အတွင်း အရောင်းအဝယ်ဖြစ်ခဲ့သည့် မော်တော်ကားဈေးနှုန်းများ**

| ယာဉ်အမျိုးအစား | Model | လိုင်စင် | အင်ဂျင်ပါဝါ | နေရာ | ဈေးနှုန်းကျပ်သိန်း |
|---|---|---|---|---|---|
| Suzuki Swift | 2018 | - | 1200cc | ရှိုးရွန်းဈေး | ၂၂၉ |
| GAC | 2018 | - | 2000cc | ရှိုးရွန်းဈေး | ၁၀၈၇ |
| Alphard | 2003 | ရန်ကုန် | 3000cc | အပြင်ဈေး | ၄၇၀ |
| Vitz | 2009 | ရန်ကုန် | 1300cc | အပြင်ဈေး | ၁၄၇ |
| Probox | 2010 | ရန်ကုန် | 1500cc | အပြင်ဈေး | ၁၅၉ |
| Belta | 2007 | ရန်ကုန် | 1300cc | အပြင်ဈေး | ၁၆၅ |
| Honda Civic | 2008 | ရန်ကုန် | 1300cc | အပြင်ဈေး | ၁၆၅ |
| MarkII | 2002 | ရန်ကုန် | 2000cc | အပြင်ဈေး | ၁၇၄ |
| Fit Shuttle | 2012 | ရန်ကုန် | 1300cc | အပြင်ဈေး | ၃၂၈ |
| Wish | 2009 | ရန်ကုန် | 2400cc | အပြင်ဈေး | ၄၀၀ |

ဈေးနှုန်းများမှာ ကားအမျိုးအစား၊ အရည်အသွေးနှင့် အခြားသောကိစ္စရပ်များကြောင့် ပြောင်းလဲနိုင်ပါသည်။

# နှစ်စဉ်ကျင်းပမြဲ ရန်ကုန်ဂါရဝပြုပွဲများ



ဒီဇင်ဘာလဆောင်းရာသီ၏ အအေးဓာတ်ကို နောက်ခံပြုရင်း ရန်ကုန်မြို့အနှံ့တွင် သက်ကြီးပူဇော်ပွဲများ၊ အာစရိယပူဇော်ပွဲများကို ကျင်းပကြလျက်ရှိသည်။ နေ့စဉ်ထုတ်သတင်းစာများ၊ ကြော်ငြာများတွင် မိမိတို့သက်ဆိုင်ရာကျောင်း အလိုက်၊ နှစ်အလိုက်၊ ဘာသာရပ်အလိုက်၊ ရုံးအလိုက် ပူဇော်ပွဲကျင်းပမည့် နေ့ရက်၊ အချိန်၊ နေရာတို့ကို ထည့်သွင်းကြေညာကြလျက်ရှိသည်။ အဆက်အသွယ်မပြတ် တပူးတွဲတွဲရှိခဲ့ကြသော ငယ်သူငယ်ချင်းများထံ သူ့ထက်ငါ အလုအယက် အဆက်အသွယ်ပြုရင်း ပွဲတော်ကျင်းပမည့် နေ့ရက်ကို လက်ချိုးရေတွက်ကာ စောင့်မျှော်နေတတ်ကြသည်။

ပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီများတွင် ပါဝင်ကြသူများက ဖိတ်ကြားရမည့် ဆရာ အရေအတွက်တက်ရောက်လာမည့် သူငယ်ချင်းဟောင်းများ၏ ဦးရေ၊ အခမ်းအနားကျင်းပမည့်နေရာ၊ ကျွေးမွေးမည့် အစားအသောက်၊ ထည့်သွင်းမည့် အစီအစဉ်များကို ယခင်နှစ်ငွေလက်ကျန်နှင့် ယခုနှစ်ကောက်ခံရရှိငွေတို့ကို အချိုးချကာ နေ့ရက်၊ အချိန်၊ နေရာဒေသကိုသတ်မှတ်ကြသည်။ ကန်တော့ခံ ဆရာ ဆရာမကြီးများ ကျန်ရစ်မှု မရှိစေရန် စိစစ်ကြရသည်။ ဆရာ ဆရာမကြီးများ၏ သွားရေးလာရေးကို စီစဉ်ကြရသည်။ ပူဇော် ကန်တော့ပွဲတွင် နေရာထိုင်ခင်းကို ကြိုတင်ပြင်ဆင်ကြရသည်။ ကျွေးမွေးမည့် အစားအသောက်ကိုဂရုတစိုက် စီစဉ်ကြသည်။ မိတ်ဟောင်းမိတ်သစ် ငယ်သူငယ်ချင်းများအတွက် အစားအစာ၊ နေရာထိုင်ခင်းလိုလေသေးမရှိအောင် အစစအရာရာ ကြိုတင်ပြင်ဆင်ကြသည်။

ဒီဇင်ဘာလအတွင်း နှစ်သစ်ကူးပွဲတော်များ၊ မင်္ဂလာဆောင်များ၊ အလှူတော်မင်္ဂလာများပေါ်များမှုကြောင့် နေရာထိုင်ခင်းကြိုတင်စီစဉ်သူတို့အတွက် အခက်အခဲဖြစ်ကြရသည်။ ရန်ကုန်မြို့တော်တွင် ဧရိယာကျယ်ဝန်းသော ခန်းမကြီးများရှားပါးလာမှုကြောင့် နီးစပ်ရာစားသောက်ဆိုင်များ၊ ဓမ္မာရုံများ၊ အားကစားရုံများတွင် ကျင်းပကြရသည်။

**အတိတ်အကြောင်းပြန်တွေးကြည့်**

ပူဇော်ပွဲနေ့များတွင် ကန်တော့ပွဲသို့ လာရောက်ကြသော ဆရာဆရာမကြီးများမှာ လာရောက်ကြိုဆိုသော တပည့်ဟောင်းများကို ကြည့်၍ ကြည်နူးမိတတ်ကြသည်။ တပည့်ဟောင်း၏ မျက်နှာကိုကြည့်၍ ငယ်စဉ်ကရုပ်နှင့်စိတ်ကူးပုံဖော်ကာ မည်သူမည်ဝါဖြစ်သည်ကို မှန်းဆတတ်ကြသည်။ ဆရာ ဆရာမကြီးတို့မှတ်မိနေတတ်သော ငယ်တပည့်ဟောင်းများနှင့်ဆုံလျှင် စကားလက်ဆုံမပြတ် ရှိနေတတ်တော့သည်။ ကန်တော့ခံမည့် စင်မြင့်ပေါ်အရောက် နေရာယူပြီးချိန်ဝယ် လက်အုပ်ချီပူဇော်ကန်တော့နေသော တပည့်ဟောင်းများ၏ အတိတ်အကြောင်းကို ပြန်တွေးနေတတ်ကြသည်။

ပူဇော်ပွဲရောက်ရှိချိန်မှ ပြီးဆုံးချိန်တိုင်အောင် စကားမပြတ်ရှိနေတတ်သော လူအုပ်စုမှာကျောင်းသားကျောင်းသူဟောင်းများ ဖြစ်သည်။ တွေ့ကြ ဆုံကြ ကြုံကြတစ်ခဏ၌ ရှေးဟောင်းနှောင်းဖြစ်တို့ကို ပြန်ပြောရင်းရိုက်ကြ၊ နှက်ကြ၊ ဆူကြ၊ ညံကြနှင့် ပျော်စရာကောင်းသောပတ်ဝန်းကျင် တစ်ခုကိုဖန်တီးနေကြသည်။ သူငယ်ချင်းများထဲမှ ရာထူးကြီးမြင့်နေသူ၊ ငွေကြေးအင်အားတောင့်တင်းနေသူများကို အလှူခံငွေဖလားရှိရာသို့ မရောက်ရောက်အောင် ဆွဲခေါ်တတ်ကြသည်။ တိုးလို့တွဲလောင်းကလေးလက်ဆွဲကာရောက်လာသူတို့အတွက် မိခင် ဖခင်သာမက အတူလိုက်ပါလာသည့် ကလေးငယ်ပါ အပျော်ကူးစက်အောင် စကြနောက်ကြသည်။ ကန်တော့ပွဲပြီးဆုံးချိန် စားကြသောက်ကြရင်း ရှေးဖြစ်ဟောင်းတို့ကို စားမြုံ့ပြန်ကြသည်။ လိပ်စာကတ်များ အပြန်အလှန်လဲကြသည်။ ထပ်မံတွေ့ဆုံရန် ချိန်းကြဆိုကြသည်။ မိမိ၏ကျောင်း၊ ရုံးဌာနအတွက် ဖွံ့ဖြိုးရာဖွံ့ဖြိုးကြောင်း နီးနှောတိုင်ပင်ကြရင်း အိမ်အပြန်လမ်းခွဲရမည့် အချိန်သို့ရောက်မှ မခွဲချင်ခွဲချင်နှင့် နှုတ်ဆက်ခွဲခွာရသည်။

ပြောင်းလဲစပြုနေသော ခေတ်စနစ်၏ ပုံသဏ္ဌာန်များကြောင့် ပူဇော်ပွဲများတွင် သက်ကြီးဝါကြီး၊ ဆရာ ဆရာမကြီးများသာမက အသက်အရွယ်ကြီးရင့်သော ကျောင်းသားဟောင်းကြီးများကိုပါ ထည့်သွင်း ကန်တော့လာကြသည်ကို တွေ့ရသည်။

**ရန်ပုံငွေဘဏ်စာရင်းဖြင့် စနစ်တကျသုံးစွဲလာ**

ယခင်က ကျောင်းသားဟောင်းကြီးများကသာ တစ်နှစ်တစ်ခါ ပူဇော်ပွဲဖြစ်မြောက်ရေးအတွက် လိုက်လံ အလှူငွေကောက်ခံခဲ့ရာမှ ယခုအခါ အသင်းအဖွဲ့များ ဖွဲ့စည်းထားပြီး ရန်ပုံငွေကို ဘဏ်စာရင်းဖြင့် စနစ်တကျထားရှိသုံးစွဲကြလျက်ရှိသည်ကို တွေ့ရသည်။ ဆရာ ဆရာမကြီးများသာမက ကျောင်းသူကျောင်းသား အချင်းချင်းပင် နေထိုင်မကောင်းပါကကူညီထောက်ပံ့နိုင်ရန် အသင်းအဖွဲ့၏ မူများအဖြစ် သတ်မှတ်ထားကြသည်။ မိမိပညာသင်ကြားခဲ့ရာကျောင်း၊ လူမှုဘဝတိုးတက်စေရန် အထောက်အကူပြုခဲ့သော ရုံးဌာနတို့၏ ကောင်းရာကောင်းကြောင်းအကြံဉာဏ်များ၊ နိုင်ငံဖွံ့ဖြိုးရေးအတွက် လိုအပ်သော အကြံဉာဏ်ကောင်းများကို ဤအာစရိယပူဇော်ပွဲများကဲ့သို့ မိတ်ဟောင်း မိတ်သစ်တွေ့ဆုံပွဲများကတစ်ဆင့် ပေါ်ထွက်လျက်ရှိသည်ကို တွေ့ရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)၊ ဓာတ်ပုံ-အာကာစိုး**